ကြေးမုံ
The Mirror Daily
Established in 1957

ချမ်းသာခြင်းအကြောင်းတရား

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကိုကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 10 May 2020 ၁၀၀၀၈

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်
(၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်)
(၂၀၂၀ ပြည့်နှစ်၊ မေလ ၉ ရက်)

၁။ ကမ္ဘာအနှံ့တွင် COVID-19 ကမ္ဘာ့ကပ်ရောဂါနှင့် ရင်ဆိုင်နေရသောကြောင့် ကမ္ဘာတစ်ဝန်း လက်ရှိဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ပေးကြရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Antonio Guterres က ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့တွင် တိုက်တွန်းပြောကြားခဲ့ပါသည်။

၂။ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့ကပ်ရောဂါ COVID-19 ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးအတွက် နိုင်ငံတော်မှ Coronavirus Disease 2019 (COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် အဆင့်ဆင့်သော ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး တပ်မတော်ကလည်း အင်တိုက်အားတိုက် ပါဝင်ကူညီဆောင်ရွက်လျက်ရှိပါသည်။

၃။ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်လျင်မြန် ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် တပ်မတော်အနေဖြင့် နိုင်ငံတကာစံနှုန်းအတိုင်း နိုင်ငံတော်မှ အကြမ်းဖက်ဟု သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများရှိသည့်နေရာများမှအပ ကျန်နယ်မြေများ၌ ၂၀၂၀ ပြည့်နှစ်၊ မေလ(၁၀)ရက်မှ ဩဂုတ်လ (၃၁)ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားကြောင်း ကြေညာလိုက်သည်။

၄။ ယခုကဲ့သို့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကြေညာထားသည့်ကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်အနက်မှ အောက်ဖော်ပြပါ (၄)ချက်ကို အလေးအနက်ထားလိုက်နာရန် လိုအပ်မည်ဖြစ်ပါသည်-

(က) သဘောတူစာချုပ်များအတိုင်းကတိတည်ရန်။
(ခ) ငြိမ်းချမ်းရေးသဘောတူညီချက်များအပေါ်အမြတ်မထုတ်ရန်။
(ဂ) ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်။
(ဃ) နိုင်ငံတော်က ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကို လိုက်နာရန်။

၅။ ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချင်းချင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် အင်အားအသုံးပြု၍ တိုက်ခိုက်ခြင်း၊ ဒေသခံတိုင်းရင်းသားများအပေါ် အနိုင်ကျင့်ခြင်းများ မပြုလုပ်ရေးကို တာဝန်ယူထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

၆။ အလားတူ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားအဆင့်ဆင့်ကိုလည်းကောင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကိုလည်းကောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကိုလည်းကောင်း ထိခိုက်မှုမဖြစ်စေရန် တာဝန်ယူရပါမည်။

၇။ အထက်အပိုဒ် (၄)(၅)နှင့်(၆)ပါ ဖြစ်စဉ်ဖြစ်ရပ်များ ဖြစ်ပေါ်လာပါက တပ်မတော်အနေဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူလူထု လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးကို ပြည်သူ့လက်သို့အရောက် အပ်နှင်းမည်ဟူသည့် သန္နိဋ္ဌာန်အတိုင်း ဖြစ်မြောက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၌ COVID-19 ကမ္ဘာ့ကပ်ရောဂါထိန်းချုပ်၊ ကာကွယ်၊ ကုသရေးလုပ်ငန်းစဉ်များအား နိုင်ငံအရေး၊ အမျိုးသားအရေးအဖြစ် အင်တိုက်အားတိုက် ထိထိရောက်ရောက် ဆက်လက်ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ကြေးမုံ ယနေ့ ဖတ်စရာ

နေပြည်တော်စည်ပင်ဘဏ္ဍာလီမိတက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပခြင်းနှင့် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်အမည်ပြောင်းခြင်းအခမ်းအနားကျင်းပ
စာမျက်နှာ » ၅

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
စာမျက်နှာ » ၁၅

စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဒုတိယအသုတ်အဖြစ် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

နေပြည်တော် မေ ၉

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံတွင် အမှန်တကယ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၄ ဦးအား မြန်မာအမျိုးသားလေကြောင်းလိုင်း (Myanmar National Airlines -MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ဒုတိယအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့်နေရာ သို့မဟုတ်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

ကြေးမုံ

လူမှုစီးပွားတည်ငြိမ်ရေး ကြိုးပမ်းလုပ်ဆောင်

ကိုဗစ် – ၁၉ ကူးစက်ရောဂါ ကြုံတွေ့နေရစဉ်အချိန်အခါ၌ လည်းကောင်း၊ ရောဂါအလွန်ကာလ၌လည်းကောင်း ပြည်သူလူထုအတွက် အဓိကဦးစားပေးလိုအပ်ချက်မှာ လူမှုစီးပွားဘဝ ပြန်လည်တည့်မတ်တည်ငြိမ်ရေး ဖြစ်သည်။ ယခုအခါ ကူးစက်ရောဂါဂယက်ကြောင့် အလုပ်အကိုင်၊ ဝင်ငွေရလမ်းများ တုံ့ဆိုင်းသွားသည်နှင့်အတူ မြန်မာနိုင်ငံသာမက တစ်ကမ္ဘာလုံး၌ အကျပ်အတည်းများ ကြုံတွေ့နေရသည်။

ရောဂါဘေးကို တွန်းလှန်ကာကွယ်တိုက်ဖျက်နေစဉ် အလုပ်အကိုင် စီးပွားရေးလမ်း တုံ့ဆိုင်းသွားမှုများကို ခက်ခဲစွာဖြတ်ကျော်နေရသည်။ ရောဂါဘေးဂယက်ကြောင့် ပြည်သူအများ အလုပ်အကိုင်အဆင်မပြေမှုများနှင့် ကြုံတွေ့ကြရသည်။ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများသာမက ပြည်ပအလုပ်အကိုင်များလည်း ထိခိုက်သဖြင့် ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသော ရွှေ့ပြောင်းအလုပ်သမားအရေးကိုလည်း ထည့်သွင်းစဉ်းစားနေရသည်။

သို့အတွက် နိုင်ငံတော်အစိုးရက ရောဂါစတင်ဖြစ်ပွားသည့်အချိန်ကာလကတည်းက ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ပြန်လည်ကုစားရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်နေပြီ ဖြစ်သည်။ တုံ့ဆိုင်းရပ်တန့်သွားသောစီးပွားရေးကို ပြန်လည်ကုစားရန်အတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးနှင့် လုပ်ငန်းအသစ်များ တိုးချဲ့ဖော်ဆောင်နိုင်ရန် အရင်းအနှီး၊ ကုန်ထုတ်စွမ်းအားစုနှင့် အလုပ်အကိုင်များ ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ လူမှုဖူလုံရေးစီမံကိန်း အကျုံးဝင်သည့် အာမခံအလုပ်သမားအင်အား ၁ ဒသမ ၄၆ သန်းကျော်ရှိပြီး အကျုံးမဝင်အလုပ်သမားများနှင့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသော ရွှေ့ပြောင်းလုပ်သားများ သိန်းချီရှိသည်။ ကပ်ရောဂါနှင့် အထွေထွေရိုက်ခတ်မှုကြောင့် ပိတ်သိမ်းသွားသည့် အလုပ်ဌာနများမှ လူမှုဖူလုံရေးအာမခံကြေး ထည့်ဝင်ထားသည့်အလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဖိုး၊ ခရီးစရိတ်များကို အလုပ်လက်မဲ့ဖြစ်သည့်နေ့မှ တစ်နှစ်အထိ တိုးမြှင့်ခံစားနိုင်ရန် စီမံဆောင်ရွက်ပေးထားသည်။

ထို့အပြင် မြန်မာနိုင်ငံသားပိုင် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများနှင့် အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လူမှုဖူလုံရေးရန်ပုံငွေမှ ကျပ် ဘီလီယံ ၅၀ ကို ကိုဗစ် – ၁၉ ရန်ပုံငွေထူထောင်ရာတွင် ထည့်သွင်းမတည်ခဲ့သည်။ ကိုဗစ်–၁၉ ရောဂါကြောင့် ထိခိုက်မှုရှိသည့် နိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းများအား ကနဦး ဘီလီယံ ၁၀၀ ချေးငွေထုတ်ပေးနေပြီး ထပ်မံ၍ ဘီလီယံ ၂၀၀ ထုတ်ချေးနိုင်ရန် စီစဉ်နေသည်ဟု သိရသည်။

နိုင်ငံအတွင်း လူမှုဖူလုံရေးအကျုံးဝင်လုပ်သားများအား ထောက်ပံ့ခြင်း၊ ပုဂ္ဂလိကစီးပွားရေးကဏ္ဍတွင် အကျုံးဝင်သောလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်အောင် ချေးငွေများအား စနစ်တကျထုတ်ပေးနေသည်မှာ အချိန်အခါကိုက်ဖြစ်သည်။ ထို့အပြင် တရားမဝင်အလုပ်လက်မဲ့ဖြစ်နေသူများမှာလည်း အမြောက်အမြားရှိနေ၍ ပြည်သူအားလုံး၏ လူမှုစီးပွားဘဝ ပြန်လည်အခြေကျ တည့်မတ်နိုင်အောင် လုပ်ငန်းရှင်များ၊ ပြည်သူများက ဝိုင်းဝန်းကြိုးပမ်းကြရဦးမည် ဖြစ်သည်။ သင့်လျော်သော အရင်းအနှီးရရှိမှုဖြင့် နိုင်ငံအတွင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဒေသအလိုက် ဖန်တီးထူထောင်ပေးနိုင်အောင် နိုင်ငံတော်၏အကူအညီဖြင့် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည် ဖြစ်သည်။

ဥပမာအားဖြင့် ပြည်ပမှပြန်လည်ဝင်ရောက်လာသော ရွှေ့ပြောင်းလုပ်သားများသည် ယခုအခါ အလုပ်လက်မဲ့ဖြစ်နေသည်။ ၎င်းတို့ ပြည်ပတွင် လုပ်ကိုင်ခဲ့သည့် အတတ်ပညာ၊ အသိအမြင်ဗဟုသုတများကို ပေါင်းစပ်၍ ၎င်းတို့နေထိုင်ရာ ကျေးလက်ဒေသများတွင် စိုက်ပျိုးမွေးမြူရေးကဲ့သို့ အလုပ်အကိုင်အသစ်များကို ဖက်စပ်ဖြစ်စေ၊ ကုန်ထုတ်သွင်းအားစုလုပ်ငန်းဖြစ်စေ စီမံဖန်တီးပေးခြင်းဖြင့် အလုပ်အကိုင်များရရှိကာ လူမှုစီးပွားဖွံ့ဖြိုးလာရေးကို အထောက်အကူပြုမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ကြုံတွေ့နေရသောစိန်ခေါ်မှုများ၊ အခက်အခဲများ၊ အထူးသဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါ ရိုက်ခတ်မှုကြောင့် လတ်တလောဖြစ်ပေါ်နေသည့် အခက်အခဲအကျပ်အတည်းများကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများနှင့် ကျွမ်းကျင်ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများအားလုံးပါဝင်ပြီး စုပေါင်းအားဖြင့် သတိ၊ ဝီရိယ၊ ပညာအားကိုး၍ ပူးပေါင်းရင်ဆိုင်ကျော်လွှားရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် “စောစောရှာ” Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ “စောစောရှာ” Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်“စောစောရှာ” Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ “စောစောရှာ” Mobile Application အသုံးပြုသူများ အနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ “စောစောရှာ” Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ် မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် “စောစောရှာ” Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ

SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် “စောစောရှာ” Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

ဂန့်ဂေါမြို့ ဘုန်းတော်ကြီးကျောင်းသို့ ရေဂါလန် ၃၆၀၀ လှူဒါန်း

ဂန့်ဂေါ မေ ၉

ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက်ရှိ မြို့ခင်းသာတောင်ကျောင်း ပရိယတ္တိစာသင်တိုက်ဘုန်းတော်ကြီးကျောင်း၌ ဆရာတော်၊ သံဃာတော်များနှင့် ကျောင်းသားကျောင်းသူများ သောက်သုံးရေသုံးစွဲရန် လိုအပ်နေကြောင်း သိရ၍ ယနေ့နံနက် ၈ နာရီက ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးသန်းထက်အောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၃၆၀၀ သွားရောက်လှူဒါန်းခဲ့သည်။

"ဦးပဥ္စင်းတို့ကျောင်းမှာ သံဃာ ၃၅ ပါးကျော်နဲ့ ကျောင်းမှာနေထိုင်တဲ့ ကျောင်းသား ငါးယောက်ရှိတယ်ဆိုတော့ ၄၀ ကျော်ပေါ့။ သောက်သုံးဖို့တော့ ရေသန့်ဘူးတွေရှိတော့ အဆင်ပြေပါတယ်။ အဆင်မပြေတာက သုံးရေနှင့် ချိုးရေပေါ့။ ကုဋီအတွက် သုံးတဲ့ရေက နှစ်ရက်ကို ၁၀ ပီပါလောက် ကုန်ပါတယ်။ ချိုးရေကတော့ ချွေတာပြီး သုံးလို့ရပါတယ်။ တစ်ခါတလေလည်း မြစ်ထဲဆင်းချိုးပါတယ်။ နွေရာသီ ရေပြတ်လပ်တဲ့အချိန်မှာ မီးသတ်ဦးစီးဌာနက ရေမပြတ်ဖို့ လှူဒါန်းပေးနေပါတယ်" ဟု ကျောင်းထိုင်ဦးပဥ္စင်းက ပြောသည်။

ထို့ပြင် မြို့နယ်အတွင်းရှိ ပြည်သူများ သောက်သုံးရေရှားပါးပြတ်လပ်မှုနှင့် ကြုံလာပါက ဌာနပိုင်ရေသယ်ယာဉ်ဖြင့် အချိန်နှင့် တစ်ပြေးညီ ထောက်ပံ့လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

ထင်အောင်နိုင်(ဂန့်ဂေါ)

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ်	–	ဦးစိုးစိုးနိုင်	**အငယ်တန်း**	–	ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
စာတည်းမှူး	–	ဦးဝင်းနိုင်	**သတင်းထောက်များ**		ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊
စာတည်းများ	–	ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊			ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊
		ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း			ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
သတင်းထောက်မှူး	–	ဦးမြင့်စိုး	**ဓာတ်ပုံသတင်းထောက်**	–	ဦးခင်မောင်ဝင်း
ဘာသာပြန်စာတည်းများ	–	ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်	**သုတေသန**	–	ဒေါ်ဇင်မာဝင့်
အကြီးတန်း	–	ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊	**စာပြင်**	–	ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
သတင်းထောက်များ		ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊	**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း**	–	ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့
		ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ	**အီးမေးလ်နှင့် အွန်လိုင်း**	–	ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁

ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂

မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

ပြည်သူသာလျှင် အဓိက

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လှူဒါန်းမှုများအား လက်ခံ

နေပြည်တော် မေ ၉

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ အတွင်းရေးမှူး(၂) ကျန်းမာရေးနှင့် အားစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ မွန်းလွဲပိုင်းတွင် အလှူရှင်များ၏ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လှူဒါန်းမှုများအား နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား ဆေးတက္ကသိုလ်(၂) ရန်ကုန်(၁၂/၂၀၀၃)ကျောင်းသား ကျောင်းသူဟောင်းတစ်ဦးက လှူဒါန်းရသည့်အကြောင်းရင်းကို ပြောကြားသည်။

ပံ့ပိုးမှုရရှိစေနိုင်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ လှူဒါန်းမှုများသည် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား ရှေ့တန်းမှဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအတွက် များစွာ ပံ့ပိုးမှုရရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ကိုဗစ်–၁၉ ကပ်ရောဂါ ထိန်းချုပ်ရေးအတွက် လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ထိုသို့ပူးပေါင်း

ဆောင်ရွက်မှုများနှင့် လှူဒါန်းမှုများသည် မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ ကပ်ရောဂါကို အောင်မြင်ကျော်လွှားနိုင်ကာ ပုံမှန်အခြေအနေသို့ရောက်ရှိစေရေး ဆောင်ရွက်နေမှု လုပ်ငန်းများကို များစွာအထောက်အကူပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန) ဒေါက်တာစိုးဦးတို့က လှူဒါန်းမှုများအား လက်ခံခဲ့ကြပြီး အလှူရှင်များထံ ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပေးအပ်သည်။

လှူဒါန်း

ယနေ့ လှူဒါန်းမှု၌ ဦးကိုကိုထူး – ဒေါ်စန္ဒာအောင်သား မင်းသီဟထူး၊ သမီး ဆုသီရိထူး (မြန်မာ့စက်မှုဆိပ်ကမ်း – MIP) ဝန်ထမ်းမိသားစုက ကျပ်သိန်းပေါင်း ၅၅၅၀ တန်ဖိုးရှိ 3M Mask ၊ Hand sanitizer ၊ Gloves ၊ PPE ၊ Goggles ၊ Thermometer နှင့် Disinfectant spray များကိုလည်းကောင်း၊ (၁၉၆၃)ခုနှစ် ရန်ကုန်ဆေးတက္ကသိုလ် (၁) ဝင် ပြည်တွင်း ပြည်ပရှိ ဆရာဝန်များက ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း၊ ဆေးတက္ကသိုလ်(၂) ရန်ကုန် (၁၂/၂၀၀၃) ကျောင်းသား ကျောင်းသူဟောင်းများက ငွေကျပ် ၆၅ သိန်းကိုလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက KN95 Mask ၅၀၀ ကိုလည်းကောင်း၊ Sea Lion Co.,ltd. မှ ကျပ်သိန်းပေါင်း ၇၆၉ ဒသမ ၇၅ တန်ဖိုးရှိ PPE ၊ Surgical gown ၊ Glove ၊ Mask နှင့် Powered air purifying Respirator (PAPR) များကိုလည်းကောင်း လှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ IDPစခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDPစခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင်နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထောက်ပံ့

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဒူကထောင်နယ်မြေ (၄)၊ (၅)၊ (၁၄)၊ တပ်ကုန်း ဂါလီလဲ၊ တပ်ကုန်း မောနွေလ IDP စခန်းနှင့် မိုးညှင်းမြို့ရှိ စိန်ပတ်ထရိတ် ဘုရားကျောင်း IDP စခန်း စုစုပေါင်း ခြောက်ခုသို့ သွားရောက်၍ လက်သန့်ဆေးရည် ၁၆၆ ဘူး ထောက်ပံ့ခဲ့သည်။

အလားတူ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အုန်းတောချေ၊ ဘောဒူဖ(၁)၊ ဘောဒူဖ(၂)၊ အုန်းတောကြီး(တောင်)၊ အုန်းတောကြီး(မြောက်)၊ ဒါးပိုင်၊ မော်သီညာ၊ ဘာဆာရာ၊ ဆေးသမားကြီး၊ သဲချောင်း၊ သက္ကယ်ပြင်နှင့် ခေါင်းဒုက္ကာ IDP စခန်း စုစုပေါင်း ၁၂ ခုသို့သွားရောက်၍ လက်ဆေးဘေစင် ၁၇၀ အားလည်းကောင်း၊ မဟာမုနိဗုဒ္ဓဝိဟာရ၊ မဟာဇေယျသိဒ္ဓိပဋ္ဌာန်း၊ အလိုတော်ပြည့်၊ ဗုဒ္ဓမော်၊ ဆုတောင်းပြည့်၊ ကယုချောင်း၊ အမျိုးသားကျောင်း၊ ဒက္ခေါင်းကျောင်း၊ နန်းရွှေဂူကျောင်း၊ ဓမ္မာရာမကျောင်း၊ မဏိရတနာကျောင်း၊ ဆည်ကြီးကျောင်း၊ သာသနာ့ဗိမာန်ကျောင်းနှင့် မဟာအောင်မြေဘုံကျောင်း ယာယီတိုက်ပွဲရှောင်စခန်း စုစုပေါင်း ၁၄ ခုသို့ သွားရောက်၍ လက်ဆေးဘေစင် ၁၄ ခု ထောက်ပံ့ခဲ့သည်။

ထို့ပြင် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့ရှိ (၃)ရပ်ကွက် ကာသိုလိပ်ဘုရားကျောင်း၊ ကာလိုင်(၁)၊ ကာလိုင်(၂)၊ (၅)ရပ်ကွက် နှစ်ခြင်းအသင်းတော်ရုံးနှင့် (၆)ရပ်ကွက် မူကြိုကျောင်း IDP စခန်း စုစုပေါင်း ငါးခုသို့ သွားရောက်၍ အပူချိန်တိုင်းကိရိယာတစ်ခု၊ လက်ဆေးဆပ်ပြာ ၄၃၈၂ ခဲ၊ ထုံးအိတ် ၅၀ တို့အား ထောက်ပံ့ပေးခဲ့ပြီး စခန်းအတွင်းရှိ လူစုဝေးရာနေရာများဖြစ်သည့် ရေချိုးခန်း၊ အိမ်သာ၊ လက်ဆေးရာနေရာများ၊ ရေမြောင်းများ၊ အမှိုက်ကန်များအနီးတွင် ထုံးဖြူးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ ကိုဗစ်-၁၉ ကာလအတွင်း လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်မှ လုပ်ငန်းဆောင်ရွက်နေသည့် စီမံကိန်းနေရာများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေ၊ မိုးဦးကာလရောက်ရှိပြီဖြစ်၍ သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများ၊ ကိုဗစ်-၁၉ အလွန် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို သက်ဆိုင်ရာပြည်နယ်အလိုက် Power Point ဖြင့် ရှင်းလင်းတင်ပြမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးအောင်မျိုးဦးက ကရင်ပြည်နယ်အတွင်းရှိ အိန္ဒိယ-ကော့ကရိတ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသောင်းဟန်စိုးက ကရင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းတိုးတက်မှု၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို လည်းကောင်း၊ ဆက်လက်၍ အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းစီမံကိန်းတွင်ပါဝင်သည့် ဂျိုင်း(ကော့ကရိတ်) တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိန္ဒိယ-ကော့ကရိတ်လမ်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေကိုလည်းကောင်း၊ ဂျိုင်း(ကော့ကရိတ်)တံတား လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လုပ်ငန်းစီမံကိန်းနေရာများနှင့် တိုက်ရိုက်ချိတ်ဆက်၍ Video Clip ဖြင့် ပြသမှုအား ကြည့်ရှုစစ်ဆေးသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းတို့က လမ်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စတင်ဆောင်ရွက်စဉ်ကပင် အရည်အသွေးပြည့်မီရန် လိုပါကြောင်း၊ ပျက်စီးသွားလျှင်ပြုပြင်ရန် ခက်ခဲပါကြောင်း၊ မိုးတွင်းကာလရောက်ရှိပြီဖြစ်၍ လုပ်ငန်းများ သတ်မှတ်အချိန်မီ ပြီးစီးအောင်ဆောင်ရွက်ရန် လိုပါကြောင်း၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ယခုအချိန်မှစ၍ ကြိုတင်ပြင်ဆင်ထားဖို့လိုပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းစည်းလုံးလုံးဖြင့် ရုံးချုပ်၏ညွှန်ကြားချက်နှင့်အညီ ပြည်နယ်အစိုးရအဖွဲ့နှင့်ပူးပေါင်းပြီး လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်ရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မွန်းလွဲ ၃ နာရီတွင် ချင်းပြည်နယ် ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲလင်းက ချင်းပြည်နယ်အတွင်း လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁၂)မှ တာဝန်ယူဆောင်ရွက်နေသည့် ဟားခါး-ဟာသာ-မှန်တောလမ်းအပိုင်း မိုင်တိုင်အမှတ် (၅၄/၅) မှ (၆၄/၅) အထိ ၁၀ မိုင်အား မြေသားလမ်းသစ် ဖောက်လုပ်နေမှုအခြေအနေကိုလည်းကောင်း၊ မတူပီ - ပလက်ဝလမ်းအပိုင်း မိုင်တိုင်အမှတ်(၃၅/၃) မှ (၆၅/၃) ထိ မိုင် ၃၀ အား လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ဆက်လက်၍ တံတားဦးစီးဌာန တံတားစီမံကိန်းအဖွဲ့(၁)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးတင်မောင်ထွေးက ကလေး-ဖလမ်း-ဟားခါးလမ်းပေါ်ရှိ မဏိပူရ်မြစ်ကူး ဗားရ်တံတားအမှတ်(၂) တည်ဆောက်နေမှု၊ တီးတိန်-ရိခေါ်ဒါရ်လမ်းပေါ်ရှိ မံဆွောင်းတံတား တည်ဆောက်နေမှု၊ ဟားခါး-ဟာသာ-မှန်တောလမ်းပေါ်ရှိ ဒေါင်ဗားချောင်းတံတား တည်ဆောက်နေမှုနှင့် စီမံကိန်းလုပ်ငန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဆွေက ချင်းပြည်နယ်အတွင်းရှိကျေးလက်လမ်းများ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁၂)မှ ဟားခါး- ဟာသာ - မှန်တောလမ်း ဆောင်ရွက်နေမှု၊ မတူပီ - ပလက်ဝလမ်း ဆောင်ရွက်နေမှု၊ တံတားဦးစီးဌာန တံတားစီမံကိန်းအဖွဲ့(၁)မှ တာဝန်ယူဆောင်ရွက်နေသော ကလေး-ဖလမ်း-ဟားခါး လမ်းပေါ်ရှိ မဏိပူရ်မြစ်ကူး ဗားရ်တံတား တည်ဆောက်နေမှု၊ တီးတိန် - ရိခေါ်ဒါရ်လမ်းပေါ်ရှိ မံဆွောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ဟားခါး - ဟာသာ - မှန်တောလမ်းပေါ်ရှိ ဒေါင်ဗားချောင်းတံတားတည်ဆောက်နေမှုတို့ကို စီမံကိန်းလုပ်ငန်းနေရာများနှင့် တိုက်ရိုက်ချိတ်ဆက်၍ Video Clip ဖြင့် ပြသမှုအား ကြည့်ရှုစစ်ဆေးသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ကိုဗစ်-၁၉ ကာလအတွင်း ချင်းပြည်နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုကို တွေ့မြင်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိုးဦးကာလရောက်ရှိပြီဖြစ်၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိရန် လိုပါကြောင်း၊ ချင်းပြည်နယ်သည် တောင်ပေါ်ဒေသဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေး အထူးအလေးထားဆောင်ရွက်ရန်လိုပါကြောင်း၊ အထူးအားဖြင့် မတူပီ-ပလက်ဝလမ်းကို မိုးရာသီတွင် မပြတ်တောက်ရန်အတွက် စီမံဆောင်ရွက်ရန် လိုကြောင်း၊ ယခု ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရအဖွဲ့ညွှန်ကြားချက်နှင့်အညီ ပူးပေါင်းဆောင်ရွက်ပြီး ပြည်သူများ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

သတင်းစဉ်

၂၀၂၀ ပြည့်နှစ်အတွက် အာဆီယံဆု(ASEAN Prize 2020) လျှောက်ထားနိုင်ကြောင်း ကြေညာ

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါသတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ခ) အာဆီယံနှင့် ကမ္ဘာ့တစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ယင်းဆုကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် (၃၇) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆုကို မလေးရှားနိုင်ငံမှ Dr.Jemilah Mahmood က အာဆီယံလူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့် ရရှိခဲ့ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား(သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကိုအခြေခံပြီး ပြည်သူကိုဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ရမည်ဖြစ်ပါသည်။ လျှောက်ထားမည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် ရှေ့ဆက်၍ အာဆီယံနှင့်ပတ်သက်သည့်ဆောင်ရွက်သွားမည့် အစီအစဉ်များကို စာမျက်နှာ ၃ မျက်နှာမှ ၅ မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင် ပါရှိရမည့်အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-1/တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) dgasean@gmail.com နှင့် amns.mofa@gmail.com ကို ၃-၇-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ လိပ်မူလျှောက်ထားနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)

နေပြည်တော်စည်ပင်ဘဏ်လီမိတက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပခြင်းနှင့် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် အမည်ပြောင်းခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၉

နေပြည်တော် စည်ပင်ဘဏ်လီမိတက်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော် စည်ပင်ဘဏ်လီမိတက်၏ အစုရှယ်ယာ ရာနှုန်းပြည့်ထည့်ဝင်ထားသည့် အစုရှယ်ယာရှင်ဖြစ်သော နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ နေပြည်တော်စည်ပင်ဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့နာယက ဒေါက်တာမျိုးအောင်က ဘဏ်၏လက်ရှိကောင်းမွန်တည်ငြိမ်ခိုင်မာမှုကို ဆက်လက်ထိန်းသိမ်းထားရှိပြီး ဘဏ်လုပ်ငန်းများ တိုးတက်အောင်မြင်စေရန်အတွက် မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့် မြန်မာနိုင်ငံစာရင်းကိုင်စံများနှင့်အညီ ညွှန်ကြားချက်များအား လိုက်နာ၍ တိုးတက်ပြောင်းလဲလာသော Digital Banking ကို IT နည်းပညာကျွမ်းကျင်မှုများဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ခိုင်မာယုံကြည်စိတ်ချရသော ဘဏ်တစ်ခုဖြစ်အောင် မတည်ရင်းနှီးငွေများကိုလည်း နှစ်စဉ် တိုးမြှင့်ထည့်ဝင် ဆောင်ရွက်သွားပြီး ပိုမိုတိုးတက်အောင်မြင်သည့် ဘဏ်တစ်ခုအဖြစ်သို့ရောက်ရှိရန် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော်စည်ပင်ဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးရဲမင်းဦးက ဘဏ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်စည်ပင်ဘဏ်လီမိတက် အမှုဆောင်အရာရှိချုပ် ဦးအောင်ကျော်ငြိမ်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် အစီရင်ခံစာအား ဖတ်ကြားတင်ပြသည်။

ထို့နောက် အခမ်းအနားမှူးက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် နေပြည်တော် စည်ပင်ဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းအား ကြေညာအတည်ပြုခဲ့ပြီး Win Thin & Associates Certified Public Accountants မှ Senior Manager ဒေါ်ခင်မျိုးအောင်က ပြင်ပမှ Video Conferencing System ဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၏ စာရင်းစစ် အစီရင်ခံစာအား ဖတ်ကြားတင်ပြသည်။

ယင်းနောက် အခမ်းအနားမှူးက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဇန်နဝါရီ ၃ ရက်က ခွင့်ပြုချက်အရ နေပြည်တော်စည်ပင်ဘဏ်လီမိတက်(Naypyitaw Sibin Bank Limited) မှ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ် လီမိတက် (Naypyitaw Development Bank Limited) အမည်သို့ ပြောင်းလဲခြင်း၊ နေပြည်တော်စည်ပင်ဘဏ်လီမိတက်အနေဖြင့် ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းသာမက ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းကိုပါ တိုးချဲ့ဆောင်ရွက်ရန်အတွက် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်အမည် ဖြစ်ပေါ်လာပုံနှင့် Logo Design အား ရှင်းလင်းတင်ပြ၍ ဒါရိုက်တာအဖွဲ့၏ သဘောတူညီမှုဖြင့် အတည်ပြုခဲ့သည်။

ဆက်လက်၍ နေပြည်တော်စည်ပင်ဘဏ်လီမိတက်၏ ရှေ့လုပ်ငန်းစဉ်များအား ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးလှစိုးက ဆက်လက်တင်ပြခဲ့ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ နေပြည်တော်စည်ပင်ဘဏ်လီမိတက် ဒါရိုက်တာ အဖွဲ့နာယက ဒေါက်တာမျိုးအောင်က နိဂုံးချုပ်ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

အခမ်းအနားသို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များဖြစ်ကြသော ဦးအေးမြင့်၊ ဦးမင်းသူ၊ ဒေါ်စံပယ်ထွေး၊ ဦးမင်းသိမ်း၊ ဦးဆန်းနိုင်၊ ဦးကျော်ဇင်လတ်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ ဘဏ်ဒါရိုက်တာအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်ဘဏ်လီမိတက်မှ အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ်နှင့် Win Thin & Associates Certified Public Accountants အဖွဲ့တို့သည် Video Conferencing စနစ်ဖြင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၊ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) နှင့် နေပြည်တော်စည်ပင်ဘဏ်လီမိတက် (ရုံးချုပ်) အစည်းအဝေးခန်းမတို့၌ နေရာခွဲ၍ တက်ရောက်ကြသည်။

သတင်းစဉ်

မြဝတီမြို့တွင် ခေတ်မီအဝေးပြေးယာဉ်ရပ်နားစခန်းကြီး တည်ဆောက်နေမှု ၅၀ ရာခိုင်နှုန်းပြီးစီး

မြဝတီ မေ ၉

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် ကျပ်သိန်း ၇၀၀၀၀ ကျော်အကုန်အကျခံပြီး ခေတ်မီအဝေးပြေးယာဉ်ရပ်နားစခန်းကြီးတစ်ခု တည်ဆောက်လျက်ရှိရာ ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

စိမ်းလဲ့မြိုင် အဝေးပြေးယာဉ်ရပ်နားစခန်း

အဆိုပါခေတ်မီယာဉ်ရပ်နားစခန်းကြီးအား စိမ်းလဲ့မြိုင် အဝေးပြေးယာဉ်ရပ်နားစခန်းဟု အမည်ပေးထားပြီး မြဝတီမြို့နှင့် သုံးကီလိုမီတာအကွာ အေးသုခကျေးရွာအနီးတွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယာဉ်ရပ်နားစခန်းရှိ ကားဂိတ်အခန်းများကို တစ်ခန်းလျှင် ကျပ်သိန်း ၈၀၀ နှင့် ကျပ်သိန်း ၁၀၀၀ ကြားရောင်းချသွားမည်ဖြစ်ပြီး အရစ်ကျစနစ်ဖြင့်လည်း ဝယ်ယူနိုင်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီ စိမ်းလဲ့မြိုင် ခေတ်မီအဝေးပြေးယာဉ်ရပ်နားစခန်းကြီးကို Stepping Stone ကုမ္ပဏီက လုပ်ပိုင်ခွင့်ရရှိခဲ့ပြီး ကျွန်တော်တို့ MIEG ကုမ္ပဏီနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့တာပါ။ ဒီခေတ်မီအဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်ဖို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြခဲ့ပြီး ကရင်ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုခွင့်ပြုချက်နဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ နယ်စပ်မြဝတီမြို့မှာ ခေတ်မီအဝေးပြေးယာဉ်ရပ်နားစခန်း မရှိတဲ့အတွက် အဝေးပြေးကားတွေက မြို့ထဲရှိ လမ်းမတွေပေါ်မှာ ရပ်ချင်သလိုရပ်ပြီး ပစ္စည်းအတင်၊ အချတွေ ပြုလုပ်နေကြတာကြောင့် ယာဉ်ကြောပိတ်ဆို့မှုတွေလည်း နေ့စဉ်နီးပါး ဖြစ်ပေါ်နေကြရပါတယ်။ ဒါကြောင့် ဒီစိမ်းလဲ့မြိုင် ခေတ်မီအဝေးပြေးယာဉ်ရပ်နားစခန်းကြီးကို ကျပ်သိန်း ၇၀၀၀၀ ကျော် အကုန်အကျခံတည်ဆောက်ခဲ့တာ ဖြစ်ပါတယ်" ဟု MIEG ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်နိုင်က ပြောသည်။

အဆိုပါယာဉ်ရပ်နားစခန်းကြီးအား ဧကပေါင်း ၈ ဒသမ ၁ ဧကပေါ်တွင် တည်ဆောက်လျက်ရှိသည်။ ကားဂိတ်တစ်ခု၏ အကျယ်မှာ အကျယ် ၁၅ ပေ၊ အရှည် ၃၅ ပေ ရှိပြီး ဂိတ်အခန်းပေါင်း ၁၁၀ ထိ နှစ်ထပ်တည်ဆောက်သွားမည်ဖြစ်ကာ လာမည့်အောက်တိုဘာလအတွင်း ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေကြောင်းသိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

နိုင်ဝန်ကိုထမ်း လျှောက်မယ့်လမ်း

သိုက်စိုးထွန်း(နတ်ရွာ)

ဘဝခရီးကို "သမုဒ္ဒရာ ရေမျက်နှာထက် ခဏတက်သည့် ရေပွက်ပမာ တစ်သက်လျှာ"လို့ အနန္တသူရိယအမတ်ကြီးက တင်စားညွှန်းဆိုခဲ့ပါတယ်။ ဘဝက သိပ်ကိုတိုတောင်းလွန်းတယ်လို့ပဲ ဆိုကြပါစို့။ တိုတောင်းလှတဲ့ ဘဝခရီးမှာ တချို့တစ်ဝက်သော အချိန်ကာလတွေကလည်း ကုန်ဆုံးလွန်မြောက်ခဲ့ပြီးပြီဆိုတော့ ကိုယ်ရည်ရွယ်ရာ ပန်းတိုင်ကိုရောက်ဖို့ဆိုရင် ကြိုးစားအားထုတ်နိုင်မယ့် လက်ကျန်အချိန်တွေက တဖြည်းဖြည်းနဲ့ နည်းသထက်နည်းလာပြီလို့ ပြောရတော့မှာပေါ့။ စက္ကန့်၊ မိနစ်၊ နာရီတွေ တရွေ့ရွေ့ကုန်ဆုံးနေတာကို သတိမူမိသလိုလို၊ မမူမိသလိုလိုနဲ့ဘဲ ကာလတချို့ကို ဖြတ်သန်းလွန်မြောက်လာခဲ့တာ ဒီကနေ့ ဒီအချိန်အထိဆိုပါတော့။

တကယ်လို့သာ ဘဝက တချို့ဂိမ်းကစားနည်းတွေထဲကလို အချိန်မှတ်ထားတဲ့ကိရိယာတစ်ခုနဲ့ ဘယ်နှမိနစ်အတွင်း ပြီးအောင်ကစားရမယ်၊ ဘယ်နှစက္ကန့်အတွင်း ပြီးအောင်ကစားရမယ်ဆိုတဲ့ သတ်မှတ်ချက်များပါခဲ့ရင်၊ တကယ်လို့ အဲဒီသတ်မှတ်ချက်ကို သိလည်းသိခွင့်ရမယ်ဆိုရင် လူတွေ ဘယ်လောက်များ ပျာယာခတ်နေလိုက်ကြမလဲလို့ စဉ်းစားစရာပါပဲ။ ဓမ္မဒေသနာတွေအရ "ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ"မှာ ဘဝတစ်ခုရဲ့ခရီးဆုံးကို ရောက်သွားနိုင်တယ်လို့သတိပေးနေကြပေမယ့် ဒီလိုသတိပေးတာက ဟိုလူ့ကိုပဲပေးနေသလိုလို၊ ဒီလူ့ကိုပဲပေးနေသလိုလို၊ ကိုယ့်ကိုရည်ရွယ်ပြီး ပြောဆိုနေတာ မဟုတ်သလိုလိုနဲ့ လိုလို၊ လိုလိုနဲ့သာ ဘာသိဘာသာ အမှုမဲ့၊ အမှတ်မဲ့နေလိုက်ကြတာပါပဲ။

ခရီးက ရှည်လျားပါတယ်။ ဘယ်လောက်ပဲ တိုတောင်းတယ်လို့ပြောနေပေမယ့် ကိုယ့်စိတ်နဲ့ သုံးသပ်ကြည့်လိုက်တဲ့အခါကျတော့ ခဏလေးပါလားဆိုတဲ့ အတွေးစိတ်ထက် ရှည်လျားလှပါလားဆိုတဲ့ အမြင်ကသာ လွှမ်းမိုးနေတတ်ပြန်ပါတယ်။ ဒါပေမဲ့ မရှည်ဘူးတဲ့။ ပညာရှိပုဂ္ဂိုလ်တွေရဲ့အဆိုအရ သိပ်တော့ မရှည်လှပါဘူးတဲ့။ သံသရာခရီးကသာရှည်ပြီး တစ်ဘဝဆိုတာကတော့ တိုတိုလေးပါပဲတဲ့။

တစ်မျိုးတော့ ကောင်း

ဘဝကိုခရီးတစ်ခုနဲ့ တင်စားကြည့်မယ်ဆိုကြပါစို့။ ဒီခရီးက ခရီးဆုံးကို အမြန်ရောက်နိုင်မယ့်ခရီးလား၊ ဒါမှမဟုတ် ရှည်ကြာဦးမှာလားဆိုတာကို သေချာမသိနိုင်ပါဘူး။ ကောင်းလည်းကောင်းပါတယ်။ သိမထားတာကလည်း တစ်မျိုးတော့ ကောင်းပြန်တာပါပဲ။ မနက်ဖြန် ခရီးဆုံးကိုရောက်တော့မယ်ဆိုတာကို သိနေခဲ့ရင် အခုလို စိတ်လက်ပေါ့ပါးစွာနဲ့ နေနိုင်တော့မှာမဟုတ်ပါဘူး။ ဒီတော့ ဘယ်အချိန်မှာ ဘာဖြစ်မယ်၊ ကိုယ့်အတွက် အချိန်ဘယ်လောက်ရမယ်ဆိုတာကို မသိနိုင်တာကလည်း တစ်မျိုးတော့ ကောင်းပါတယ်။

ဘဝကိုအချိန်ကာလနဲ့ တည်ဆောက်ယူရတာပါတဲ့။ ကျင်လည်ရာဘဝခရီးမှာ တစ်နေ့ချင်း တစ်ရက်ချင်း ကိုယ်ဘာတွေလုပ်ဆောင်ခဲ့သလဲဆိုတာကို မူတည်ပြီးတော့ ကိုယ်ဘယ်လိုလူ ဖြစ်လာသလဲဆိုတဲ့ အခြေအနေတွေ ကွဲပြားသွားတာပါပဲတဲ့။ တချို့လူတွေက နှစ်ပေါင်းတစ်ရာဝန်းကျင်အထိ အသက်တွေရှည်သွားကြပေမယ့် သူကွယ်လွန်သွားတာနဲ့ အများက မေ့မေ့ပျောက်ပျောက်ဖြစ်သွားကြပြီး တချို့ကျတော့ နှစ်ပေါင်းသုံးလေးဆယ်လောက်သာ ရှင်သန်ခွင့်ရခဲ့ပေမယ့် အများက သူ့ကိုထာဝရ မမေ့ကြဘူးတဲ့။ ချုပ်ကြည့်လိုက်ရင် သူ့ဘဝခရီးလမ်းမှာ သူ့အချိန်တွေကို ဘယ်နေရာတွေအတွက် အသုံးချခဲ့သလဲဆိုတဲ့အချက်အပေါ် မူတည်ပြီး အပြောင်းအလဲတွေဖြစ်နေကြတာကို တွေ့ရပါသတဲ့။

ဒီနေရာမှာ တင်ပြလိုတာကတော့ ခရီးနှင်နေတဲ့ ကာလတစ်လျှောက်မှာ ကိုယ်စီကိုယ်စီ ထမ်းရွက်ကြရတဲ့ ဝန်တာတွေအကြောင်းပါ။ ဘယ်သူမဆို ကိုယ်နိုင်ရာဝန်တွေကိုတော့ ထမ်းနေကြရတာပါပဲ။ အနည်းဆုံးတော့ ခန္ဓာ့ဝန်ကို ထမ်းနေကြရတာပါပဲ။ မိသားစုဝန်ကို ထမ်းနေကြရတာပါပဲ။ အစွမ်းအစချင်း မတူတဲ့အခါကျတော့ ထမ်းနိုင်တဲ့ဝန်အားချင်းတော့ မတူဘူးပေါ့။ ပကတိအလေးချိန်တွေကို ထမ်းနိုင်တာချင်းလည်း မတူကြဘူး။ လုပ်ငန်းဆောင်တာတည်းဟူသော ဝန်၊ တာဝန်တည်းဟူသော ဝန်တွေကို သယ်ပိုးရွက်ဆောင်နိုင်ကြပုံချင်းလည်း မတူကြပါဘူး။ တချို့က ကိုယ့်ကိုယ်ကိုယ်တောင် တာဝန်မယူနိုင်လို့ အများအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်နေတဲ့အချိန်မှာ တချို့ကတော့ "သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနား"ဆိုသလို အများက မှီခိုအားထားရတဲ့ အခြေအနေအထိ ဝန်ဆောင်နိုင်စွမ်းတွေကြီးမားကြတာကို တွေ့ရမှာပါ။ မတူတဲ့အခြေအနေကို သိပြီးတဲ့ နောက်မှာတော့ ကိုယ့်အနေနဲ့ ဘယ်ဝန်ကို ဘယ်လောက်ထမ်းနိုင်မလဲဆိုတာကို ချိန်ဆရမှာပါပဲ။

အခါအားလျော်စွာသုံးသပ်

လောကသားတစ်ယောက်အနေနဲ့ လောကထဲမှာ ခရီးနှင်တဲ့အခါ ကိုယ်နိုင်ရာဝန်တွေကိုတော့ သယ်ပိုးရွက်ဆောင်သွားကြရမှာပါပဲ။ မနိုင်ဝန်ကိုထမ်းဖို့မသင့်သလို နိုင်ပါလျက်နဲ့ အကုန်လွှတ်ချထားခဲ့လိုက်မယ်ဆိုရင်လည်း မသင့်လျော်သေးပါဘူး။ ဝန်နဲ့အား၊ မြားနဲ့လေး၊ သူ့အိုးနဲ့သူ့ဆန် တန်ရုံလောက်တော့ ဆောင်ရွက်ကြရမှာပါ။ ကိုယ်ထမ်းမယ့်ဝန်ကို ကိုယ့်ဘာသာချိန်ဆကြရသလို ကိုယ်က တစ်ဆင့် ထမ်းရွက်စေမယ့်သူတွေကိုလည်း ဝန်နဲ့အား သဟဇာတဖြစ်မှုရှိ၊ မရှိ အခါအားလျော်စွာသုံးသပ်နေရမှာပါ။ ဘယ်သူတွေ ထမ်းနေရတဲ့ဝန်တွေက လေးလံလွန်းနေပြီ၊ သူတို့ဆီကဝန်တွေကို နည်းနည်းပါးပါးလျှော့ချသင့်နေပြီ၊ ဘယ်သူတွေကတော့ ဘာဝန်မှသိပ်မထမ်းကြရသေးဘူး၊ ဒါ့ကြောင့် သူတို့ကို နည်းနည်းလောက် တာဝန်ပေးမှဖြစ်မယ် စသည်အားဖြင့် နှိုင်းယှဉ်သုံးသပ်ကြရမှာပါ။

> **ဝေဖန်သုံးသပ်မှုတွေကြောင့်ပဲ လောကကြီးတိုးတက်လာတာလို့ ဆိုနိုင်စရာရှိပါတယ်။ သို့သော်လည်းပဲ ဒီဝေဖန်သုံးသပ်မှုကို ကျွမ်းကျင်လိမ္မာမှုမရှိတဲ့အခါ နှစ်ဦးနှစ်ဖက် အကျိုးစီးပွားပျက်တတ်တာကိုလည်း သတိပြုကြရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဘဝခရီးကို လျှောက်လှမ်းနေကြတဲ့သူတွေ အချင်းချင်းကြားမှာ၊ ကိုယ်နိုင်ရာ ဝန်စည်စလယ်တွေကို ထမ်းပိုးပြီး လျှောက်လှမ်းနေကြရချိန်မှာ တစ်ဖက်လူ ထမ်းနေရတဲ့ဝန်တွေ ပိုမိုလေးပင်မသွားစေဖို့အတွက် ဖေးမကူညီသင့်ပါတယ်။**

စီမံခန့်ခွဲမှုနယ်ပယ်က ပညာရှင်တွေရဲ့အဆိုအရတော့ မနိုင်ဝန်ကိုထမ်းခိုင်းတာလည်း မသင့်လျော်သလို ပေါ့ပါးလွန်းတဲ့တာဝန်တွေချည်း ပေးနေတာလည်း မမှန်ကန်သေးပါဘူးတဲ့။ ဒါနဲ့တစ်ဆက်တည်းမှာ ကြာလေလေ ဝန်ဆောင်နိုင်စွမ်းတွေ မြင့်မားလာလေလေဖြစ်လာဖို့ ကြိုးစားလေ့ကျင့်ပေးရမယ့် တာဝန်ပိုင်းလည်း ကျန်ဦးမှာပေါ့လေ။

ကိုယ်စိတ် ပင်ပန်းတာတွေဖြစ်ကြရ

တစ်စုံတစ်ယောက်က တာဝန်တွေအပ်နှင်းသည်ဖြစ်စေ၊ မအပ်နှင်းသည်ဖြစ်စေ ကိုယ်နိုင်ရာတာဝန်ကိုတော့ ထမ်းရွက်နေကြတာပါပဲ။ ဒီလိုထမ်းရွက်နေတဲ့ ကာလတစ်လျှောက်မှာ ကိုယ်ထမ်းရတဲ့ဝန်ကြောင့် ကိုယ်စိတ်ပင်ပန်းတာတွေဖြစ်ကြရတာပါပဲ။ ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရဖြစ်တဲ့ စိတ်တွေကြောင့် ပင်ပန်းကြရသလို အမှန်တကယ်ထမ်းရွက်ထားရတဲ့ဝန်တွေရဲ့ လေးလံမှုကြောင့် ကိုယ်ပင်ပန်းကြရတာလည်း ရှိမှာပါပဲ။ ကိုယ့်ဝန်ကြောင့် ကိုယ့်မှာပင်ပန်းတာက ထားလိုက်ပါတော့။ သူများထမ်းမယ့်ဝန်ကြောင့် ကိုယ့်မှာ စိတ်ပင်ပန်းနေကြရတာမျိုးလည်း ရှိတတ်သေးပြန်ပါတယ်။

ကိုယ်ကလည်း ဘဝခရီးကို ကိုယ့်ဝန်ကိုယ့်တာနဲ့ကိုယ် လျှောက်လှမ်းနေတဲ့သူ။ တစ်ပါးသူတွေကလည်း သူတို့ရဲ့ ဘဝခရီးကို သူတို့ဝန်သူတို့တာနဲ့သူတို့ လှမ်းလျှောက်နေကြသူတွေ။ ဒီအခြေအနေမှာ ဟိုလူထမ်းတဲ့ဝန်ကတော့ သူ့ပင်ကို အစွမ်းအစနဲ့ ကွာဟလွန်းနေတယ်။ နိုင်တဲ့အားထက် ထမ်းတဲ့ဝန်က သိပ်ကိုပေါ့ပါးလွန်းနေတယ်၊ သိပ်ကိုရေသာခိုလွန်းနေတယ် စသည်အားဖြင့် တောင်တောင်အီအီ တွေးတောတတ်တဲ့ အတွေးတွေကြောင့် စိတ်ပန်းမှုတွေ ဖြစ်လာတယ်။ နိုင်ဝန်ကိုမထမ်းတဲ့အတွက် မကျေနပ်ဘူးပေါ့။ သူလုပ်သင့်သလောက် ဘာကြောင့် မလုပ်တာလဲ၊ တကယ်ဆို ဒီထက် နှစ်ဆသုံးဆလောက်ကို ပိုလုပ်ရမှာ စသည်အားဖြင့် ကိုယ့်အတွေးနဲ့ကိုယ် ချောင်ပိတ်မိနေပြီး မကျေမနပ်တွေ ခံစားနေရတတ်ပါတယ်။ ကိုယ့်ကျတော့ ဒီလိုတွေထမ်းနေရတယ်၊ သူ့ကျတော့ ပေါ့ပါးလိုက်တာ ဆိုတဲ့ အတွေးမျိုးကလည်း ကိုယ့်ကိုယ်ကိုယ် ပြန်နှိပ်စက်သလို ဖြစ်နေတတ်ပါတယ်။

ယုတ်လျော့သွားတတ်

တကယ်တော့ လူတိုင်းလူတိုင်းက ကိုယ်ထမ်းနေရတဲ့ ဝန်ကိုမှ အလေးဆုံးလို့ ထင်နေတတ်ကြတာပါပဲ။ ကိုယ်ချည်းပဲ အလုပ်လုပ်နေရတယ်လို့လည်း ထင်မိတတ်ကြပါတယ်။ ဒီအတွေးချည်းသက်သက်ဆိုရင်တော့ တော်သေးတယ်လို့ပြောရမှာပါ။ ကျန်တဲ့သူတွေ အလုပ်မလုပ်ကြဘူးလို့ပါ ဆက်တွေးမိရင်တော့ မကျေမနပ်စိတ်တွေ ဝင်လာတတ်ပါတယ်။ သေချာလေ့လာကြည့်လိုက်မယ်ဆိုရင်တော့ သူသူကိုယ်ကိုယ်မှာ ကိုယ်စီတာဝန်တွေနဲ့ အလုပ်တွေများနေကြတာကို တွေ့မြင်နိုင်မှာပါ။ ကိုယ်မြင်ရတွေ့ရတဲ့ အပိုင်းက အလုပ်ပါးလျားနေချိန်၊ တာဝန်ပေါ့ပါးနေချိန်တွေ ဖြစ်နေလို့ "သူ့မှာတော့ဖြင့် ဟန်ကျလိုက်တာ" ဆိုတဲ့ အတွေးမျိုးဝင်မိတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒီလိုတွေးနေမိရင် ကိုယ့်ရဲ့အင်အားတွေလည်း အလိုလိုနေရင်း ယုတ်လျော့သွားတတ်ပါတယ်။

လူတစ်ယောက်ရဲ့ဘဝမှာ လုပ်ကိုင်ဆောင်ရွက်စရာတွေက အများကြီးပါ။ ကိုယ့်အကျိုးစီးပွားအတွက် လုပ်ဆောင်ရမယ့်လုပ်ငန်းတွေပါသလို အများအကျိုးအတွက် ဆောင်ရွက်ရမယ့်အလုပ်တွေကလည်း တော်တော်များပါတယ်။ ဒီလိုများပြားလှတဲ့ လုပ်ငန်းဆောင်တာတွေကို ဆောင်ရွက်နိုင်ဖို့အတွက် ကိုယ့်မှာ အားပြည့်အင်ပြည့်ဖြစ်နေဖို့လိုပါတယ်။ အစွမ်းအစဆိုတာ ဘယ်သူ့အတွက်ပဲဖြစ်ဖြစ် အကန့်အသတ်ရှိပါတယ်။ ကိုယ်လိုသလောက်တော့ ရမှာ မဟုတ်ပါဘူး။

အစွမ်းအစတွေကို အကျိုးရှိရှိ အသုံးပြုနိုင်ဖို့ကြိုးစား

အကန့်အသတ်ရှိတဲ့ အစွမ်းအစတွေကို အကျိုးရှိရှိ အသုံးပြုနိုင်ဖို့ကြိုးစားကြရမှာပါ။ အကျိုးမဲ့တဲ့နေရာတွေမှာ ကုန်ဆုံးသွားဖို့မသင့်ပါဘူး။ အစွမ်းအစတွေကသာ အကန့်အသတ်ရှိနေတာ မဟုတ်သေးပါဘူး။ အချိန်ကလည်း အကန့်အသတ်ရှိပါတယ်။ ဘဝခရီးမှာ ဘယ်လိုအလုပ်မျိုးတွေအတွက် ကိုယ့်အချိန်နဲ့ ကိုယ့်စွမ်းအားတွေကို အသုံးပြုခဲ့သလဲဆိုတာအပေါ် မူတည်ပြီး ကိုယ်ဘယ်လိုလူဖြစ်လာသလဲဆိုတာ ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ သူများတွေ လုပ်ကိုင်ဆောင်ရွက်တာကို ဝေဖန်သုံးသပ်တာလည်း ကျိုးကြောင်းဆီလျော်အောင် ဝေဖန်သုံးသပ်နိုင်ရင်တော့ နှစ်ဦးနှစ်ဖက်စလုံးအတွက် ကောင်းမြတ်တဲ့ အလုပ်တစ်ခုပါပဲ။ ဝေဖန်သုံးသပ်နိုင်စွမ်းတွေရှိဖို့နဲ့ သုံးသပ်ရရှိတဲ့ အချက်အလက်တွေကို "စကားခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတည်"ဆိုတဲ့အထဲက နှစ်ခွန်းနဲ့ သင့်လျော်သလို ပြောဆိုတင်ပြနိုင်မယ်ဆိုရင်တော့ အားလုံးအတွက် အကျိုးရှိဖို့ချည်းပါပဲ။

လူတိုင်းမှာ ကိုယ်ကျင်လည်ရာ နယ်ပယ်ဆိုတာ ရှိကြပါတယ်။ ကျင်လည်ဖူးတဲ့ နယ်ပယ်ရဲ့အကြောင်း၊ ကျင်လည်နေဆဲနယ်ပယ်ရဲ့အကြောင်းဆိုရင်တော့ မျှတမှန်ကန်တဲ့ဝေဖန်သုံးသပ်မှုကို ပြုနိုင်မယ်လို့ မျှော်လင့်ရတာပေါ့။ ဒါတောင်မှ သိပ်တော့မသေချာသေးပါဘူး။ ကိုယ်နဲ့စိမ်းတဲ့ကဏ္ဍတစ်ခုအတွက်ဆိုရင်တော့ ဆိုဖွယ်ရာမရှိတော့ဘူးပေါ့လေ။ စမ်းတဝါးဝါးဝေဖန်ပြောဆိုတာမျိုးပဲ ဖြစ်ဖို့များတတ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘဝတစ်လျှောက်လုံးကို သူများထမ်းတဲ့ ဝန်တွေအကြောင်း စဉ်းစားပြောဆိုနေရတာနဲ့တင် အချိန်ကုန်သွားစေဖို့တော့ မသင့်ပါဘူး။ ဝေဖန်သုံးသပ်ခြင်း၊ ပြန်လည်တင်ပြခြင်းကိုက ကိုယ့်ရဲ့အလုပ်၊ ကိုယ်ထမ်းရမယ့်ဝန်ပဲလို့ ခံယူထားတဲ့ သူတွေလည်း ရှိပါတယ်။ ဒီအလုပ်ကျတော့ သိပ်ကိုခက်ခဲသွားပြီ။ ဒီလိုလုပ်နိုင်ဖို့ဆိုရင် နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံကို ကျွမ်းကျင်နှံ့စပ်အောင် လေ့လာဖို့လိုသွားပြီ။ ဒီလိုလုပ်နိုင်သူတွေ မရှိဘူးလားဆိုတော့ ရှိတော့ ရှိပါရဲ့။ ရှားတော့ ရှားတယ်လို့ ဆိုရမှာပါ။

တကယ်တော့ အာရုံစိုက်ရမယ့်အရာက ကိုယ့်ကိုယ်ကိုယ်ပါ။ ကိုယ်နိုင်တဲ့ဝန်ကို နိုင်သလောက် ထမ်းနေပြီလား။ ဒါဆိုရင် ကျေနပ်ရတော့မှာပါ။ တစ်ဖက်လူထမ်းခြင်း၊ မထမ်းခြင်းက ကိုယ်နဲ့တိုက်ရိုက်ကြီးတော့ မသက်ဆိုင်သေးပါဘူး။ ကိုယ်နိုင်သမျှ ထမ်းနေတာ သေချာပြီဆိုရင်ကို လောကကြီးအတွက် တာဝန်ကျေတဲ့ သူတစ်ယောက် ဖြစ်နေမှာပါ။

မြွေပူရာ ကင်းမှောင့်

တချို့က သူများထမ်းတဲ့ဝန်အပေါ်မှာ ပြောဆိုပုတ်ခတ်နေရင်း အချိန်တွေကုန်သွားတတ်ကြတယ်။ စေတနာဆိုးနဲ့တော့မဟုတ်ဘူး။ စိတ်ရင်းစေတနာအမှန်နဲ့ သုံးသပ်တာပါပဲ။ အကဲဖြတ်တာပါပဲ။ ဒါပေမဲ့ စေတနာဆိုတာ ပညာနဲ့ဟန်ချက်ညီညီတွဲထားနိုင်မှ လျော်ကန်တဲ့ စေတနာဖြစ်လာနိုင်တာမျိုးပါ။ ဒီလိုမှ မဟုတ်ရင် ကိုယ်ထမ်းရတဲ့ဝန်ကမှ လေးပါတယ်ဆို ကျန်တဲ့သူကြောင့် ပိလာတဲ့ဝန်တွေက မြွေပူရာ ကင်းမှောင့်ကုန်ကြမှာပါ။

တစ်ဖက်မှာ ကျတော့ရောတဲ့။ သူ့ဝန်ကိုသူ ထမ်းနေရတာကမှ လေးလံရတဲ့အထဲ ကိုယ့်ရဲ့ ဝေဖန်သုံးသပ်မှုတွေက နည်းလမ်းတကျဝေဖန်ပိုင်းခြားမှုနဲ့မတူဘဲ ထိုးနှက်တိုက်ခိုက်မှုသဖွယ်ဖြစ်သွားရင် သူ့မှာလည်း တစ်ပူပေါ် နှစ်ပူဆင့်ဖြစ်သွားမှာပါ။ အခုခေတ်မှာက ဟိုတုန်းအခါကလို "ဟော့၊ မောင်ဘယ်သူရေ၊ မင်းတော့ ဘယ်လိုဖြစ်နေသကွဲ့"လို့ ခေါ်ပြောမှ သိရတာမျိုးမဟုတ်ဘဲ လက်ညှိုး၊ လက်မကလေးတွေ ဟိုလှုပ်ဒီလှုပ် လှုပ်လိုက်ရုံနဲ့ လူရာဂဏန်း၊ ထောင်ဂဏန်းတွေ့မြင်နိုင်တဲ့ အခြေအနေကို ရောက်သွားတာပါ။ ပြောဆိုလိုက်တဲ့ စကားလုံးတစ်ခုအပေါ်မှာလည်း မှန်ကန်တာ၊ မမှန်ကန်တာ နောက်ထားလို့ အရေးအသားက ဆွဲဆောင်မှုရှိရင် ရှိသလို လူတွေအများကြီးက ထောက်ခံကြ၊ ကန့်ကွက်ကြ၊ ပြန်လည်ဖြန့်ဝေကြနဲ့ တော်တော်ကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်သွားနိုင်တာပါ။ ဒါတွေကို တစ်ဖက်ကမခံနိုင်တဲ့အခါ အပြန်အလှန် ငြင်းကြ၊ ခုံကြ၊ ဥပဒေကြောင်းတွေနဲ့ ဖြေရှင်းကြနဲ့ အကျယ်အကျယ်မငြိမ်းဖွယ်တွေ ဖြစ်ကုန် တတ်ပါတယ်။ ဒါ့ကြောင့် နှုတ်နဲ့ဝေဖန်တာထက် လက်နဲ့ ဝေဖန်တာက ပိုပြီးတောင် သတိထားစရာကောင်းလာပါတယ်။

ဝေဖန်သုံးသပ်မှုတွေကြောင့်ပဲ လောကကြီး တိုးတက်လာတာလို့ ဆိုနိုင်စရာရှိပါတယ်။ သို့သော်လည်းပဲ ဒီဝေဖန်သုံးသပ်မှုကို ကျွမ်းကျင်လိမ္မာမှုမရှိတဲ့အခါ နှစ်ဦးနှစ်ဖက် အကျိုးစီးပွားပျက်တတ်တာကိုလည်း သတိပြုကြရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဘဝခရီးကို လျှောက်လှမ်းနေကြတဲ့သူတွေ အချင်းချင်းကြားမှာ၊ ကိုယ်နိုင်ရာ ဝန်စည်စလယ်တွေကို ထမ်းပိုးပြီး လျှောက်လှမ်းနေကြရချိန်မှာ တစ်ဖက်လူ ထမ်းနေရတဲ့ ဝန်တွေ ပိုမိုလေးပင်မသွားစေဖို့အတွက် ဖေးမကူညီသင့်ပါတယ်။

တကယ်လျှောက်လှမ်းကြရပြီဆိုတော့ ကိုယ်ထမ်းရမယ့်ဝန်ကို ကိုယ့်ဘာသာပဲ ထမ်းကြပိုးကြရတာပါ။ တခြားသူကဝင်ကူနိုင်တယ်ဆိုတာလည်း အခိုက်အတန့်တစ်ခုမျှသာပါ။ ကိုယ်ထမ်းမှကိုယ် ဖြစ်မယ်ဆိုတဲ့ ဝန်အမျိုးအစားတွေလည်း ရှိနေတတ်သေးတာပါ။

ကိုယ်နိုင်သမျှဝန်တွေကိုတော့ ထမ်းနေကြရတာပါပဲ။ ထမ်းနေကြရဦးမှာပါပဲ။ ထမ်းနိုင်ရွက်နိုင်တဲ့ အင်အားတွေ တဖြည်းဖြည်းတိုးလာဖို့အတွက်လည်း ကြိုးစားကြရမှာပါပဲ။ ဘဝခရီးကို အတူတူ လျှောက်လှမ်းနေကြတဲ့ အချိန်လေးအတွင်းမှာ၊ "နိုင်ဝန်ကိုထမ်း လျှောက်မယ့်လမ်း"မှာ ကိုယ်တည်းဟူသော အကြောင်းကြောင့် တစ်ပါးသူတွေထမ်းနေရတဲ့ဝန်တွေ ပိုမိုလေးမလာစေဖို့အတွက်တော့ သန္နိဋ္ဌာန်ပြုထားကြရမှာပါပဲ။

ထမ်းနိုင်သူတွေ၊ စွမ်းနိုင်သူတွေ၊ လှမ်းနိုင်သူတွေ ဖြစ်ကြပါစေ။ ။

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၁၀၈၃၂	၁၇၈

ရောဂါပိုးကင်းစင်လာသူ	သေဆုံးသူ
၆၈	၆

စောင့်ကြည့်လူနာ စုစုပေါင်း - ၃၇၀၁

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၄၆ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထား၍)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဇယားပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၁၄၃	၅
၂	ပဲခူး	၇	၁
၃	စစ်ကိုင်း	၇	
၄	ချင်း	၆	
၅	ရှမ်း(ရှေ့)	၃	
၆	မန္တလေး	၃	
၇	ရှမ်း(တောင်)	၂	
၈	ရှမ်း(မြောက်)	၂	
၉	နေပြည်တော်	၂	
၁၀	မွန်	၁	
၁၁	မကွေး	၁	
၁၂	ကချင်	၁	
	စုစုပေါင်း	၁၇၈	၆

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ပြည်နယ်	တိုင်းဒေသကြီး
ကယားပြည်နယ်	တနင်္သာရီတိုင်းဒေသကြီး
ကရင်ပြည်နယ်	ဧရာဝတီတိုင်းဒေသကြီး
ရခိုင်ပြည်နယ်	

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန　　၉-၅-၂၀၂၀ ရက်၊ ည (၈)နာရီ

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
အမေရိကန်	၁၃၂၃၀၈၃	၂၂၃၈၇၆	၇၈၆၃၉
စပိန်	၂၆၂၇၈၃	၁၇၃၁၅၇	၂၆၄၇၈
အီတလီ	၂၁၇၁၈၅	၉၉၀၂၃	၃၀၂၀၁
ဗြိတိန်	၂၁၁၃၆၄	စိစစ်ဆဲ	၃၁၂၄၁
ရုရှား	၁၉၈၆၇၆	၃၁၉၁၆	၁၈၂၇
ပြင်သစ်	၁၇၆၀၇၉	၅၅၇၈၂	၂၆၂၃၀
ဂျာမနီ	၁၇၀၆၄၃	၁၄၃၃၀၀	၇၅၁၀
ဘရာဇီး	၁၄၇၀၀၃	၅၉၂၉၇	၁၀၀၃၇
တူရကီ	၁၃၅၅၆၉	၈၆၃၉၆	၃၆၈၉
အီရန်	၁၀၆၂၂၀	၈၅၀၆၄	၆၅၈၉

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
စင်ကာပူ	၂၂၄၆၀	၂၀၄၀	၂၀
အင်ဒိုနီးရှား	၁၃၆၄၅	၂၆၀၇	၉၅၉
ဖိလစ်ပိုင်	၁၀၆၁၀	၁၈၄၂	၇၀၄
မလေးရှား	၆၅၈၉	၄၉၂၉	၁၀၈
ထိုင်း	၃၀၀၄	၂၇၈၇	၅၆
ဗီယက်နမ်	၂၈၈	၂၄၁	၀
မြန်မာ	၁၇၈	၆၈	၆
ဘရူနိုင်း	၁၄၁	၁၃၂	၁
ကမ္ဘောဒီးယား	၁၂၂	၁၂၀	၀
လာအို	၁၉	၁၃	၀

facebook

အဖော်အချွတ်များကို
ကန့်သတ်ထားသည်

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

မေ ၉ ရက် ည ၈ နာရီအထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း ၁၇၈ ဦးရှိလာ

နေပြည်တော် မေ ၉

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူလူနာ တစ်ဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၇၈ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ယနေ့တွင် တွေ့ရှိသည့် ရောဂါပိုးတွေ့ရှိသူ တစ်ဦးမှာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်မှဖြစ်ပြီး အသက် ၄၉ နှစ်အရွယ် အမျိုးသမီးဖြစ်သည်။ ပိုးတွေ့လူနာ ၁၇၈ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ကုသမှုခံယူပြီး ရောဂါကင်းစင်လာသူ ၆၈ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၄၆ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

သတင်းစဉ်

❖ **ရှေ့ဖုံးမှ**

သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာသံရုံး၊ စင်ကာပူနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းလျက် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေကြသဖြင့် မြန်မာနိုင်ငံသို့ ပြန်လိုသော မြန်မာနိုင်ငံသား ၁၄၄ ဦးအား ပထမအသုတ်အဖြစ် မေ ၇ ရက်တွင် ပြန်လည်ခေါ်ဆောင်ခဲ့ပြီးနောက် ယနေ့တွင် ဒုတိယအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ပေးခဲ့ခြင်းဖြစ်ရာ စုစုပေါင်း ၂၈၈ ဦးအား ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ မေ ၁၃ ရက်တွင် စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသား ၁၄၆ ဦးအားလည်း တတိယအသုတ်အဖြစ် ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❍ **ကျောဖုံးမှ**

ပြောကြားပြီး Kookmin Bank နှင့် BOC's partner, SK Energy and Sk Trading International တို့မှ တာဝန်ရှိသူများက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ Kookmin Bank နှင့် BOC's partner, SK Energy and Sk Trading International တို့မှ တာဝန်ရှိသူများက COVID-19 Test Kits နှင့် VTM များ ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ COVID-19 Test Kits နှင့် Viral Transport Medium (VTM) များ ပေးအပ်လှူဒါန်းရာတွင် Kookmin Bank က အမေရိကန်ဒေါ်လာ တစ်သိန်းနှင့်ညီမျှသော COVID-19 Test Kits ၃၀၀၀နှင့် Viral Transport Medium (VTM) ၃၀၀၀ ကိုလည်းကောင်း၊ SK Energy and Sk Trading Internationalမှ အမေရိကန်ဒေါ်လာ ၄၈၀၀၀ နှင့်ညီမျှသော COVID-19 Test Kits ၄၀၀၀ ကိုလည်းကောင်း အသီးသီး လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်း-မင်းသစ်(MNA)
ဓာတ်ပုံ-ဇော်မင်းလတ်

အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံနှင့် ဆက်စပ်ပစ္စည်းများ လာရောက်လှူဒါန်း

ရန်ကုန် မေ ၉

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရန်၊ လိုအပ်သည်များ အသုံးပြုနိုင်စေရန်ရည်ရွယ်၍ နှာခေါင်းစည်း၊ ပိုးသတ်ဆေး၊ လက်သန့်ဆေးရည်နှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အင်းစိန်(GTI) ကန့်သတ်စောင့်ကြည့်ရေးစင်တာ၌ လာရောက်လှူဒါန်းသည်။

လှူဒါန်းရာတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် သုံးစွဲနိုင်ရန်အတွက် Asia Standard Group Co., Ltd. က နှာခေါင်းစည်း အခု ၂၀၀၀၊ ပိုးသတ်ဆေး တစ်ပုံး၊ လက်သန့်ဆေးရည် ၂၄ ဘူးနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၀ တို့ကို လာရောက်လှူဒါန်းရာ အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီက ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖွဲထက်ကို(ပြန်/ဆက်)

သံတောင်ကြီးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အဝတ်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

သံတောင်ကြီး မေ ၉

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ အသံချဲ့စက်များဖြင့် လှည့်လည်အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၇ နာရီတွင် ရပ်ကွက်(၄) လမ်းဆုံနှင့် မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်ခဲ့သည်။

"ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ဖို့အတွက် အလှူရှင်တွေရဲ့ လှူဒါန်းငွေနဲ့ အမျိုးသမီးများအဖွဲ့ကနေ စက်ချုပ်တတ်တဲ့သူတွေက ချည်သားပိတ်နဲ့ နှာခေါင်းစည်းတွေ ချုပ်ပေးပါတယ်။ အခုဆိုရင် အဝတ်နှာခေါင်းစည်းအခု ၁၆၀၀ ကို အခမဲ့ဖြန့်ဝေပေးပြီး ဒီနေ့မှာတော့ အခု ၆၀၀ စုစုပေါင်း ၂၂၀၀ ကို အခမဲ့ဖြန့်ဝေပြီးပါပြီ။ နောက်ထပ်ချုပ်နေတဲ့ အဝတ်နှာခေါင်းစည်းတွေကိုလည်း ပြည်သူတွေကို အခမဲ့ဖြန့်ဝေပေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု သံတောင်ကြီးမြို့ အမျိုးသမီးများအဖွဲ့ဒါရိုက်တာ ဒေါ်မာမာချိုက ပြောသည်။

ထိုသို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အများပြည်သူများ အပြင်ထွက်တိုင်း နှာခေါင်းစည်းများ တပ်ဆင်ပြီးမှ သွားလာကြရန်၊ လူစုလူဝေးများ မပြုလုပ်ကြရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ လိုက်နာကြစေရန်၊ ဒေသန္တရအမိန့်များကို သိရှိလိုက်နာကြစေရန်အတွက် အသံချဲ့စက်များဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်း၊ အဝတ်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများကို သံတောင်ကြီးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ သံတောင်ကြီးအမျိုးသမီးများအဖွဲ့၊ ကိုဗစ်-၁၉ ကြီးကြပ်မှုကော်မတီတို့က ပူးပေါင်းဆောင်ရွက်ပြီး ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ၊ ပိုစတာများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သံတောင်ကြီး(ပြန်/ဆက်)

လှိုင်သာယာမြို့နယ် အမှတ်(၁၉)ရပ်ကွက်၌ လက်လုပ်လက်စား အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များ လှူဒါန်း

ရန်ကုန် မေ ၉

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အပြင်ပဒံကျေးရွာအတွင်းမှ ပုံမှန်ဝင်ငွေမရှိသော လက်လုပ်လက်စား အခြေခံလူတန်းစား အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များကို ယမန်နေ့ မွန်းလွဲပိုင်းက လှိုင်သာယာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီက အိမ်တိုင်ရာရောက် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းပေးအပ်ရာတွင် လှိုင်သာယာမြို့နယ် (အနောက်ပိုင်း) အမှတ်(၁၉)ရပ်ကွက်ရှိ လက်လုပ်လက်စား အခြေခံလူတန်းစား အိမ်ထောင်စု ၃၀၄ စုအား အိမ်ထောင်စု (၁)စုလျှင် ဆန်(၄)ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်သွန်နီ (၁)ပိဿာတို့ကို ပေးအပ်လှူဒါန်းခဲ့ပြီး လှိုင်သာယာ(အရှေ့ပိုင်း)နှင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်အတွင်းရှိ လက်လုပ်လက်စား အခြေခံလူတန်းစား အိမ်ထောင်စု ၈၇၇၂ စုအား လှူဒါန်းပေးအပ်သွားမည် ဖြစ်ကြောင်း လှိုင်သာယာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီ တာဝန်ရှိသူထံမှ သိရသည်။

မြသန္တာဝင်း(ပြန်/ဆက်)

ဒေးဒရဲမြို့ ယာယီဈေး၌ နှာခေါင်းစည်းများနှင့် လက်သန့်ဆေးများ ပေးဝေ

ဒေးဒရဲ မေ ၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရန်နှင့် ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ယမန်နေ့ နံနက်ပိုင်းက ဒေးဒရဲမြို့ လွှတ်လပ်ရေး ကျောက်တိုင်ကွင်းတွင် ဖွင့်လှစ်ထားသည့် ယာယီဈေး၌ ဈေးရောင်းချသူများအား နှာခေါင်းစည်းများနှင့် လက်သန့်ဆေးများ ပေးဝေခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းမှုတွင် ဖျာပုံမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနာယက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေက နှာခေါင်းစည်း ၃၀၀ နှင့် လက်သန့်ဆေး ခြောက်ဘူးတို့ကို ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် လွှတ်လပ်ရေး ကျောက်တိုင်ကွင်း၌ ဖွင့်လှစ်ထားသည့် ယာယီဈေးအတွင်း ဈေးရောင်းချသူများ၏ လက်ဝယ်အရောက်ပေးအပ်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များနှင့် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

မြင့်မြင့်ခိုင်(ပြန်/ဆက်)

ညောင်ဦးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ဖြန့်ဝေ

ညောင်ဦး မေ ၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် မြင်းကပါ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များပူးပေါင်း၍ ယမန်နေ့က ညောင်ဦးမြို့နယ် မြင်းကပါဈေး၌ ဈေးရောင်း ဈေးဝယ်များအား အဝတ်နှာခေါင်းစည်းများ၊ တစ်ခါသုံးနှာခေါင်းစည်းများ ဝေငှ၍ ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

လှူဒါန်း

ထို့နောက် ပူးပေါင်းအဖွဲ့သည် ပုဂံ-ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာရှိ သာသနာ့ရောင်ခြည် ပရိယတ္တိ သီလရှင်စာသင်တိုက်သို့ သွားရောက်၍ သီတင်းသုံးနေထိုင် သည့် သီလရှင်ဆရာလေးများအား ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကာလအတွင်း အထောက်အပံ့ဖြစ်စေရန် ဆန်၊ ဆီ၊ ကြက်ဥ၊ ကြက်သွန်နီ၊ စားသောက်ဖွယ်ရာများနှင့် အဝတ်နှာခေါင်းစည်းများ လှူဒါန်းပေးခဲ့ကြောင်း မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ယုယုလှိုင်ထံမှ သိရသည်။

ကျော်မင်းဦး(ရေနံချောင်း)

ရွှေသောင်ယံမြို့တွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိ

ရွှေသောင်ယံ မေ ၉

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့တွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား မတ် ၂၅ ရက်မှ စတင်ကာ အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ရွှေသောင်ယံမြို့မှာ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းတွေအတွက် ဌာနဆိုင်ရာတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေ၊ မြို့မိ မြို့ဖတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ရွှေသောင်ယံမြို့မှာ နိုင်ငံခြားက ပြန်ဝင်လာတဲ့လူတွေ မရှိသေးပါဘူး။ ပြည်တွင်းပြန် ဒေသခံတွေကိုတော့ လိုအပ်သလို ကော်မတီဝင်တွေနဲ့ ပူးပေါင်းတိုင်ပင်ကာ ကန့်သတ်စောင့်ကြည့်ထားပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ ပြုလုပ်ထားပါတယ်။ အားလုံးကျန်းမာရေးကောင်းမွန်ကြပါတယ်။ ရွှေသောင်ယံ မြို့မှာ ကန့်သတ်စောင့်ကြည့်ရေးစခန်းအဖြစ် အမှတ်(၂) ရပ်ကွက်ရှိ အထက ရွှေသောင်ယံ၊ သဲကုန်းကျေးရွာအုပ်စုရှိ အထက အုန်းချောင်း၊ သဘော့ကန် ကျေးရွာအုပ်စုရှိ အထက သဘော့ကန်တို့မှာ ဆောင်ရွက်ထားပြီး မကျီးဇင်ကျေးရွာအုပ်စုနဲ့ ဘော့မိကျေးရွာအုပ်စုတွေက အထက စာသင်ကျောင်းတွေမှာလည်း ဆောင်ရွက်ထားပါတယ်။ စစ်ဆေးရေးပိုင်းနဲ့ပတ်သက်ပြီး မြို့ဝင်ဂိတ်ကို ညွှန်ကြားချက်နဲ့အညီ ဆောင်ရွက်တဲ့နေရာမှာ ဌာနဆိုင်ရာတွေ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးပိုင်းတွေ၊ မြို့မိမြို့ဖတွေနဲ့ ဝိုင်းဝန်းဆောင်ရွက်ပါတယ်။ ရောဂါနဲ့ ပတ်သက်ပြီး ထူးခြားစိုးရိမ်ရတဲ့ အခြေအနေ ရွှေသောင်ယံမြို့မှာမရှိပါဘူး"ဟု ရွှေသောင်ယံမြို့ အုပ်ချုပ်ရေးမှူး ဦးဆိုင်းနော်နော်က ပြောသည်။

ကိုကိုမောင် (ပြန်/ဆက်)

ဝန်းသိုမြို့နယ်၌ စက်ရေတွင်း တူးဖော်

ဝန်းသို မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးလက်နေပြည်သူများအတွက် စက်ရေတွင်း တူးဖော်မှုလုပ်ငန်းများမှာ ကံကုန်းကျေးရွာနှင့် ကျောက်တောကျေးရွာတွင် လေးလက်မ စက်ရေတွင်းနှစ်တွင်းနှင့် မှန်လွဲကျေးရွာတွင် နှစ်လက်မ စက်ရေတွင်းတစ်တွင်း တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။

စက်ရေတွင်းတူးဖော်ရာတွင် ဖီးလေးကုန်းကျေးရွာအုပ်စု ကံကုန်းကျေးရွာ၌ ပြည်ထောင်စုဘတ်ဂျက်(မွမ်းမံ)ရန်ပုံငွေဖြင့် စက်ရေတွင်းကို ပေ ၄၀၀၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိသော ရေစက်ရုံတစ်ခု၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တစ်ခု၊ ကျောက်တောကျေးရွာ ပြည်ထောင်စု ဘတ်ဂျက်ရန်ပုံငွေကျပ် ၁၃ ဒသမ ၇၁ သန်းဖြင့် လေးလက်မ စက်ရေတွင်းကို ပေ ၄၀၀၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိသော ရေစက်ရုံ တစ်ခု၊ ဂါလန် ၂၀၀၀ ဆံ့ ရေလှောင်ကန်တစ်ခုတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း၊ အလားတူ မှန်လွဲကျေးရွာတွင် အချင်း နှစ်လက်မ ပေ ၃၀၀ ရှိသော စက်ရေတွင်းကို တိုင်းဒေသကြီးအစိုးရ အထွေထွေပိုလျှံရန်ပုံငွေဖြင့် တူးဖော်ပေးလျက်ရှိပါကြောင်း မြို့နယ်ဦးစီးမှူးက ပြောကြားသည်။

အဆိုပါ စက်ရေတွင်း တူးဖော်ဆောင်ရွက်ပြီးပါက အိမ်ခြေ ၁၇၉ အိမ်၊ လူဦးရေ ၈၉၄ ဦးအတွက် သောက်သုံးရေလုံလောက်စွာ ရရှိနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။ **မွှေးကြူဇင်**

အိမ်မွေးဆင်ကောင်ရေ ၁၀၀၀ ကျော်အား Microchip တပ်ဆင် ပြီးစီး

ညောင်ဦး မေ ၉

မြန်မာနိုင်ငံတွင် အိမ်မွေးဆင်ကောင်ရေ ၄၃၀၀ ကျော်ရှိပြီး အိမ်မွေးဆင်များမှတ်ပုံတင်ခြင်းကို ခေတ်ကာလနှင့်အညီ ပြုပြင်ပြောင်းလဲရန် လိုအပ်မှုအရ မြန်မာ့သစ်လုပ်ငန်းပိုင်ဆင်များ၊ သစ်တောဦးစီးဌာနပိုင်ဆင်များ၊ ပုဂ္ဂလိကပိုင်ဆင်များအား မှတ်ပုံတင် ဂရန်ပြုလုပ်ရာတွင် ပို၍စနစ်ကျစေရန် ဆင်ဂရန်နှင့် ဆင်များလွဲမှား၊ ပြောင်းလဲခြင်းမပြုလုပ်နိုင်စေရန်အတွက် သစ်တောဦးစီးဌာနမှ ဦးဆောင်ရေးဆွဲထားသည့် Myanmar Elephant Conservation Action Plan (MECAP) ကို အကောင်အထည်ဖော်သည့်အနေဖြင့် အိမ်မွေးဆင်များအား ၂၀၂၀ ပြည့်နှစ် မတ်လမှ မေလအတွင်း Microchip တပ်ဆင်ခြင်း အပြီး ဆောင်ရွက်မည်ဖြစ်ရာ ယနေ့အထိ ဆင်ကောင်ရေ ၁၀၀၀ ကျော်ကို Microchip တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်း လက်ထောက်မန်နေဂျာ ဒေါက်တာမျိုးမင်းအောင် (ဆင်ဆေးကု) ထံမှ သိရသည်။

အိမ်မွေးဆင်များအား Microchip တပ်ဆင်ခြင်းလုပ်ငန်းများကို သစ်တောဦးစီးဌာနနှင့် သစ်လုပ်ငန်းတို့က ပူးပေါင်းဆောင်ရွက် လုပ်ကိုင်လျက်ရှိပြီး ထိုသို့လုပ်ဆောင်ခြင်းကြောင့် မြန်မာနိုင်ငံရှိ အိမ်မွေးဆင်ကောင်ရေ ပို၍တိကျစွာရရှိနိုင်ခြင်း၊ ဆင်ဂရန်များ ဒစ်ဂျစ်တယ်စနစ်ဖြင့် ထိန်းသိမ်းထားနိုင်ခြင်း၊ အိမ်မွေးဆင်များ သေဆုံးပါက တောဆင်များနှင့် အစားထိုးသည့် မသမာမှုများ ကာကွယ်တားဆီးနိုင်ခြင်း၊ အိမ်မွေးဆင်များ မှတ်ပုံတင်ခနှင့် ဂရန်ငွေများရရှိပါက နိုင်ငံတော်ဝင်ငွေရရှိနိုင်ခြင်း၊ ပုဂ္ဂလိကဆင်ပိုင်ရှင်များ အနေဖြင့်လည်း ဆင်ပိုင်ဆိုင်မှု တရားဝင်အထောက်အထား စနစ်တကျရရှိနိုင်ခြင်း တို့ကြောင့် ပြည်သူနှင့် နိုင်ငံတော် နှစ်ဦးနှစ်ဖက် အကျိုးရှိမည့် Win -Win Project ဖြစ်ခြင်းကြောင့် မြန်မာ့သစ်လုပ်ငန်း သစ်တောဦးစီးဌာန ပုဂ္ဂလိကဆင်ပိုင်ရှင်များနှင့် NGO အဖွဲ့တို့ စနစ်တကျပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

Microchip တပ်ဆင်ခြင်းအား ငါးနှစ်အထက် ဆင်များနှင့် မိုန်းသင်ပြီး ဆင်များတွင်သာ ဆောင်ရွက်ရမည်ဖြစ်ကာ ဆင်များ၏ ဝဲဘက်လည်ပင်း တစ်နေရာတည်းသာ ထိုးသွင်းရန်သတ်မှတ်ထားပြီး Scan စက်ဖြင့် ဖတ်ပါက တပ်ဆင်ထားသည့် Microchip နံပါတ်ပေါ်လာမည်ဖြစ်သဖြင့် ဆင်များလွဲမှားမှု မဖြစ်နိုင်ကြောင်း ပလင်းကမ်းသာယာဆင်စခန်း တာဝန်ခံ ဦးမျိုးမင်းကို(လက်ထောက်မန်နေဂျာ)ထံမှ သိရသည်။

ယခုအခါ ဆင်များ Microchip တပ်ဆင်ခြင်းလုပ်ငန်း လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး အနောက်ပိုင်းရှိ ဆင်ကောင်ရေ ၂၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး အရှေ့ပိုင်းရှိ ဆင်ကောင်ရေ ၃၀၀၊ မကွေးတိုင်းဒေသကြီးအတွင်း ဆင်ကောင်ရေ ၁၀၀၊ ရေဝတီတိုင်းဒေသကြီးရှိ ဆင်ကောင်ရေ ၁၀၀ ခန့်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ ဆင်ကောင်ရေ ၁၀၀ ခန့်တို့အား Microchip တပ်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးဖြစ်ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းပိုင် ဆင်ကောင်ရေ ၁၀၀၀ ကျော်ခန့် Microchip တပ်ဆင်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြန်မာ့သစ်လုပ်ငန်းပိုင် ဆင်ကောင်ရေ၃၁၄၂ကောင်ရှိပြီးအမိနောက်လိုက်ဆင်ပေါက် ၅၂၈ ကောင်ရှိကြောင်း သိရသည်။

ကိုထိန်(ငါ့သရောက်)

ရွှေဘိုမြို့နယ်၌ နွေသီးနှံများအဖြစ် စိုက်ပျိုးထားသော နှမ်းနှင့် ပဲတီစိမ်းသီးနှံ ဧက ၂၆၀၀၀ ကျော် အောင်မြင်ဖြစ်ထွန်း

ရွှေဘို မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် နွေသီးနှံများအဖြစ် စိုက်ပျိုးထားသော နှမ်းနှင့် ပဲတီစိမ်းသီးနှံများ ဧက ၂၆၀၀၀ ကျော် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် သဖန်းဆိပ်ဆည်ရေ ရေပေးဝေနိုင်ခြင်း မရှိသည့်အပေါ် သီးနှံစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းမှု မရှိစေရေးအတွက် တောင်သူများအား ပညာပေးစည်းရုံး၍ မြေအောက်ရေတွင်းများဖြင့် နွေနှမ်းဧက ၁၆၀၀၀ ကျော်နှင့် ပဲတီစိမ်းဧက ၁၀၀၀၀ ကျော်ကို စိုက်ပျိုးနိုင်ခဲ့သည်။ ထို့အပြင် သီးနှံများ အစားအစာဘေးကင်းလုံခြုံစိတ်ချရပြီး အရည်အသွေးကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စနစ်ဖြင့် နွေနှမ်း ၅၉၂ ဧကနှင့် ပဲတီစိမ်း ဧက ၅၀ ကို တောင်သူများနှင့်ပူးပေါင်းကာ စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့သည်။

ထိုသို့ စိုက်ပျိုးထားရာတွင် စိုက်ပျိုးပညာပေး ကွင်းဝန်ထမ်းများ၏ ကင်းထောက်မှတ်တမ်းကောက်ယူမှုများအရ အစောပိုင်းကာလများ၌ နွေနှမ်းစိုက်ခင်းအချို့တွင် နှမ်းရွက်လိပ်ပိုး၊ ရွက်စုံစားခူဝါပိုးများနှင့် ပဲတီစိမ်းစိုက်ခင်းအချို့တွင် အဝါရောင်မှိုစေ့ရောဂါ ကျရောက်မှုများ ရှိခဲ့ပြီး အဆိုပါ ပိုးမွှားရောဂါကျရောက်နေမှုများအပေါ် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းစနစ်များဖြင့် ကာကွယ်နှိမ်နင်းနိုင်ခဲ့သောကြောင့် ယခု သီးနှံစိုက်ခင်းများအားလုံးတွင် ပိုးမွှားရောဂါကင်းစင်ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောကြားသည်။

ဆက်လက်၍ နည်းပညာပြန့်ပွားရေးစင်တာ ခုနစ်ခု ဖွင့်လှစ်ပြီး အွန်လိုင်းမှတစ်ဆင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းပညာများ၊ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာများ၊ သီးနှံမျိုးစေ့နည်းပညာလုပ်ငန်းများကို အသိပညာပေးဆောင်ရွက်လျက်ရှိပြီး တောင်သူများကိုယ်တိုင် နည်းပညာပြန့်ပွားရေးစင်တာများသို့ လာရောက်၍ စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး တွေ့ဆုံမေးမြန်းနိုင်ကြောင်း သိရသည်။

ထွန်းမြင့်အောင်(ရွှေဘို)

ရေနံချောင်းမြို့နယ်၌ မိုးရာသီပျိုးပင် ၆၀၀၀၀ နီးပါးစိုက်ပျိုးမည်

ရေနံချောင်း မေ ၉

ရေနံချောင်းမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မိုးရာသီတွင် သစ်ပင်ပေါင်း ၆၀၀၀၀ နီးပါးစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် ရေနံချောင်းမြို့နယ် အထူးစိမ်းလန်းစိုပြည်ရေးဇုန်စီမံကိန်း၌ စိုက်ပျိုးရန်နှင့် ကျေးရွာသုံး ထင်းစိုက်ခင်းဧက ၅၀ တည်ထောင်စိုက်ပျိုးရန်၊ ကွန်တိုပေါင်စိုက်ခင်း၌စိုက်ရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သစ်ပင်စိုက်ပျိုးရန်အတွက် စုစုပေါင်း ၅၆၃၉၃ ပင် ပျိုးထောင်ထားရှိကြောင်း ရေနံချောင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်နိုင်က ပြောသည်။

လာမည့်မိုးရာသီတွင် တည်ထောင်စိုက်ပျိုးမည့် သစ်တောစိုက်ခင်းများ၏ သစ်မျိုးပင်မှာ ၁၁ မျိုးရှိကြောင်း သိရသည်။ **ဆန်းညွန့်(ရေနံချောင်း)**

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ဒူးရင်းသီး ဈေးကောင်းရသော်လည်း ဝယ်လိုအား ကျဆင်း

ကော့ကရိတ် မေ ၉

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ရာသီပေါ်သီးနှံ ဒူးရင်းသီး ဈေးကောင်းရသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် အများပြည်သူများ ခရီးသွားလာမှုနည်းပါးသဖြင့် ဝယ်လိုအားကျဆင်းလျက်ရှိကြောင်း သိရသည်။

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် တောတောင်ထူထပ်ပြီး စိမ့်စမ်းရေများရှိခြင်းကြောင့် ကျေးရွာအများအပြား၌ ဒူးရင်းပင်များမှာ သဘာဝအတိုင်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသော နှစ်ရှည်သီးနှံပင်ဖြစ်ကြောင်း သိရသည်။

သို့သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ်တွင် ခရီးသွားပြည်သူများနည်းပါးခြင်း၊ ယခင်နှစ်များလို အခြားတိုင်းဒေသကြီး၊ ပြည်နယ်ရှိ မြို့နယ်များမှ တစ်ဆင့်ခံလာရောက်ဝယ်ယူသူများမရှိခြင်းကြောင့် ဒေသခံသီးနှံကုန်သည်များ အခက်ကြုံလျက်ရှိကြောင်း သိရသည်။

ဒူးရင်းသီးများ ဝယ်လိုအားကျဆင်းနေသော်လည်း ဈေးနှုန်းမှာ သီးနှံအရွယ်အစားအလိုက် အနည်းဆုံး ကျပ်နှစ်ထောင်မှ ရှစ်ထောင်ကျပ်ထိ ဈေးနှုန်းရှိပြီး ယခင်နှစ်ကထက် ဈေးနှုန်းကောင်းလျက်ရှိကြောင်း သိရသည်။ **ကိုမျိုး(ဇမိမြေ)**

ရခိုင်ပြည်နယ် ရာမောင်တံတားအနီး ပွိုင့်-၁၁၄ တောင်ကုန်း၌နေရာယူ၍ လမ်းပန်းဆက်သွယ်မှုလုံခြုံရေးအား ခြိမ်းခြောက်နေသော AA အကြမ်းဖက်သောင်းကျန်းသူများ၏ ခြေကုပ်စခန်းအား သိမ်းပိုက်ရရှိ

နေပြည်တော် မေ ၉

ရခိုင်ပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မင်းပြားမြို့နယ် ရာမောင်တံတားအနီး အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းအနီး စိုးမိုးတောင်ကုန်းဖြစ်သည့် ပွိုင့်-၁၁၄ နေရာ၌ အခိုင်အမာနေရာယူ၍ ပြည်သူလူထု သွားလာအသုံးပြုလျက်ရှိသော လမ်းကြောင်းလုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံရေးကို ခြိမ်းခြောက်လာသည့် AA အကြမ်းဖက်သောင်းကျန်းသူများ၏ ခြေကုပ်စခန်း တစ်ခုကို ယမန်နေ့ ညနေ ၅ နာရီခန့်တွင် သိမ်းပိုက်ရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်း ထုတ်ပြန်ချက်အရ သိရသည်။

ဖြစ်စဉ်မှာ AA အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ယခုနှစ် မတ်လမှစတင်၍ ပလက်ဝမြို့ကို ဖြတ်တောက်ပိတ်ဆို့ရန် ကျောက်တော်-ပလက်ဝ လမ်းကြောင်း၊ မတူပီ-ဆမီး-ပလက်ဝ လမ်းကြောင်းများကို ဖြတ်တောက်ပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လမ်းကြောင်းပွင့်စေရေးအတွက် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရကြောင်း။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် AA အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် မင်းပြား၊ ကမ်းနီဒေသရှိ နယ်မြေခံတပ်မတော်လေ့ကျင့်ရေးသင်တန်းကျောင်းတစ်ခု ကို မတ် ၂၃ ရက်နှင့် ၂၈ ရက်တို့တွင် အင်အားအလုံးအရင်း ဖြင့် အလစ်အငိုက်ရယူကာ ဝင်ရောက်တိုက်ခိုက်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အသင့်ရှိမှုကြောင့် အကျအဆုံးများစွာဖြင့် ထပ်မံ၍ ဆုတ်ခွာထွက်ပြေးခဲ့ရကြောင်း။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အများပြည်သူ အသုံးပြုသွားလာလျက်ရှိသည့် စစ်တွေ-ရန်ကုန် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မင်းပြား၊ ရာမောင် တံတားအနီးတစ်ဝိုက်ရှိ ပွိုင့်-၁၁၄ တောင်ကုန်းတွင်နေရာ ယူကာ လမ်းပန်းဆက်သွယ်မှုကို ဖြတ်တောက်စေရန် နှောင့်ယှက်တိုက်ခိုက်မှုများစသည့် အကြမ်းဖက်လုပ်ရပ်များအား ဆက်လက်ဆောင်ရွက်ခဲ့ရာ COVID-19 ရောဂါ စောင့်ကြည့်ခံရသူများ၏ နှာခေါင်း၊ အာခေါင်တို့ဖတ် နမူနာများကို ရန်ကုန်မြို့သို့ ပို့ဆောင်စစ်ဆေးရန် ထွက်ခွာလာသည့် WHO မှ UN တံဆိပ်ပါ မော်တော်ယာဉ်အား ဧပြီ ၂၀ ရက် ညနေပိုင်းတွင် လည်းကောင်း၊ CPS ပိုးသတ်ဆေး ကုမ္ပဏီမှ ဆေးပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်အား ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အပြင် ခရီးသည်ယာဉ်၊ ကုန်တင် ယာဉ်များနှင့် ကိုယ်ပိုင်မော်တော်ယာဉ်များကိုလည်း အကြောင်းမဲ့ပစ်ခတ်ခြင်း၊ ခြိမ်းခြောက်ခြင်းဖြင့် ဆက်သွယ်ရေးလမ်းကြောင်း ဖြတ်တောက်မှုများကို အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း။

ယင်းသို့ ပြည်သူလူထုသွားလာအသုံးပြုလျက်ရှိသည့် လမ်းကြောင်းများကို ဖြတ်တောက်ပိတ်ဆို့မှုများ ဆောင်ရွက်လျက်ရှိသောကြောင့် တပ်မတော်လုံခြုံရေး တပ်ဖွဲ့ဝင်များက အဆိုပါနေရာတစ်ဝိုက်အား ဧပြီ ၂၀ ရက်မှစတင်၍ နယ်မြေစိုးမိုးရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာ ပွိုင့်-၁၁၄ တောင်ကုန်းအနီးရှိ ၎င်းတို့အခိုင်အမာနေရာယူထား သည့်နေရာ ငါးနေရာကို အဆင့်ဆင့်သိမ်းပိုက်ရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မဆုတ်မနစ်သက်စွန့်ကြိုးပမ်း ဆောင်ရွက်မှုများကြောင့် ယမန်နေ့ညနေ ၅ နာရီခန့်တွင် ၎င်းတို့နေရာယူထားရှိသည့် ပွိုင့်-၁၁၄ တောင်ကုန်းကို သိမ်းပိုက်ရရှိခဲ့ကြောင်း။

ဖြစ်စဉ်တွင် AA အကြမ်းဖက်သောင်းကျန်းသူများ ထံမှ အလောင်း၊ လက်နက်နှင့် ဆက်စပ်ပစ္စည်းအချို့ သိမ်းဆည်းရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် နယ်မြေဒေသလုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံစေရေး၊ နယ်မြေစိုးမိုးရေး လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန် ချက်၌ ဖော်ပြထားသည်။

သတင်းစဉ်



Coronavirus Disease-2019(COVID-19) ရောဂါကာလကို အခွင့်ကောင်းယူ၍ မှုခင်းကျူးလွန်နေမှုများအား ပြည်သူများသို့ အသိပေးနှိုးဆော်ခြင်း

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ(Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease-2019 (COVID-19) စတင်ဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ခရီးသွားလာမှုကန့်သတ်ခြင်း၊ အများပြည်သူတို့၏ လုံခြုံမှုပုံစံကန့်သတ်ခြင်း၊ မြို့/ရွာများ လူဝင်/လူထွက် စိစစ်ခြင်း၊ ခရီးသည်ပို့ဆောင်ရေး ယာဉ်၊ ရထား၊ လေယာဉ်များ ကန့်သတ်ခြင်း၊ ညမထွက်ရအမိန့် ထုတ်ပြန်ခြင်း၊ အထူးသဖြင့် Home Stay နေထိုင်စေခြင်း စသည့် အရေးပေါ်အစီအမံများအား ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဤကဲ့သို့ ထိန်းချုပ်ဆောင်ရွက်နေရမှုများကို ဒုစရိုက်သမားများ၊ ဝိသမလောဘ စီးပွားရေးသမားများက အခွင့်ကောင်းယူ၍ အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

(က) ဒုစရိုက်သမားများအား ပြင်ပတွင် တွေ့မြင်ရမှုနည်းပါးသွားပြီး Online နှင့် အိမ်တွင်း ကျူးလွန်မှုများအဖြစ်သို့ ပြောင်းလဲသွားခြင်း။

(ခ) ကပ်ရောဂါအပေါ် ကြောက်ရွံ့ခြင်းနှင့် စိုးရိမ်မှုလွန်ကဲလာခြင်း တို့ကြောင့် ပြည်သူများလိုအပ်သည့် အစားအသောက်နှင့် ကျန်းမာရေးအတွက် ဆေးဝါးများကို တုပမှုများလာခြင်းနှင့် ဈေးနှုန်းမြှင့်တင် ရောင်းချခြင်း။

(ဂ) Home Stay ကြောင့် Online Games များ ပိုမိုအသုံးပြုလာကြရာ Cyber ဒုစရိုက်သမားများက Game နည်းလမ်းသစ်များ တီထွင် ထုတ်လွှင့်၍ ငွေကြေးလိမ်လည်မှုများ၊ ကွန်ပျူတာ ထိခိုက်ပျက်စီးရေး ရည်ရွယ်၍ Malware နှင့် Ransomware ကဲ့သို့သော Virus များနှင့် တိုက်ခိုက်လာခြင်း။

(ဃ) ဆေးရုံများ၏ အင်တာနက်နှင့် ချိတ်ဆက်မှုစနစ်များ၊ အရေးပေါ် လူနာခွဲစိတ်မှုများ၊ COVID-19 ကူးစက်ရောဂါကုသမှုနှင့် လူနာ စောင့်ကြည့်သည့်စနစ်များအပေါ် ဆိုက်ဘာတိုက်ခိုက်မှုများ ဆောင်ရွက်လာခြင်း။

(င) ဒုစရိုက်သမားများသည် COVID-19 နှင့် ဆက်စပ်သော Stock ရင်းနှီးမြှုပ်နှံမှုများတွင် ရောဂါဖြစ်နေသူများ၏ အရင်းအနှီးများ ကို နည်းမျိုးစုံဖြင့် လိမ်လည်/ခြိမ်းခြောက်ငွေကြေး ရယူခြင်း။

(စ) လိမ်လည်သူများသည် ဆေးဝါးပစ္စည်းများ ရောင်းချရန်နှင့် ဖြန့်ဝေရာ website, e-commerce platform, social media, email များ အသုံးပြုလျက်ရှိရာ နာမည်ကြီး ကုမ္ပဏီများ၏အမည် ကို အသုံးပြု၍ ငွေလွှဲပြောင်း လိမ်လည်ရယူခြင်း။

(ဆ) တယ်လီဖုန်းများအသုံးပြု၍ COVID-19 ကပ်ရောဂါဖြင့် ဆေးရုံ တက်နေရသူ၊ Quarantine စခန်းဝင်နေရသူဟု လိမ်လည်ပြောဆို၍ ပြည်သူ့ကျန်းမာရေးကိုယ်စားလှယ်များထံ ငွေသား/ I-pay တို့ ဖြင့် ဆေးဝါးကုသစရိတ်များ လိမ်လည်တောင်းခံခြင်း။

(ဇ) Online များတွင် ဆရာဝန်/အထူးကုသမားတော်များဟု ဟန်ဆောင် ထုတ်လွှင့်ပြီး ဆေးဝါးအတုများ ဝယ်ယူစေခြင်း၊ စိုးရိမ်ကြောက်ရွံ့ နေသူများထံမှ email နှင့် Password များတောင်းခံ၍ website များဝင်ကြည့်စေပြီး ငွေကြေးလိမ်လည်ရယူခြင်း။

(ဈ) COVID-19 ကာကွယ်ရန် masks များနှင့် PPEs ဝတ်စုံများ၊ Alcohol Gels များ ဝယ်ယူရန် အမည်ခံ၍ ငွေကြေးများလိမ်လည်ခြင်း။

(ည) Online နှင့် ပြင်ပလူမှုနယ်ပယ်တွင် စံမမီဆေးဝါးနှင့် ပစ္စည်းများ၊ ကုသရေးဆိုင်ရာ ပစ္စည်းအတုများ ရောင်းချခြင်းနှင့် ကြော်ငြာခြင်း များ များစွာဖြစ်ပွားနေပြီး မှုခင်းများ၏ အဓိကနယ်ပယ်တစ်ခု ဖြစ်လာခြင်း။

(ဋ) တရားမဝင်ကုန်ပစ္စည်းများနှင့် စံမမီဆေးဝါးထုတ်လုပ်ရောင်းချမှု များကြောင့် ပြည်သူများ၏ အသက်အန္တရာယ်အတွက် များစွာ စိုးရိမ်ဖွယ်ဖြစ်နေခြင်း။

(ဌ) ညမထွက်ရအမိန့်နှင့် Home Stay နေထိုင်စဉ် ပူပြင်းသည့် ရာသီဥတုဖြစ်၍ နေအိမ်ပြတင်းပေါက်များ နေ့/ည ဖွင့်ထားခြင်း ကြောင့် ဒုစရိုက်သားများက အခွင့်ကောင်းယူ၍ အိမ်ကျော်နင်းမှု၊ ခိုးယူမှုများကျူးလွန်ခြင်း။

(ဍ) လူ(၅)ဦးနှင့်အထက် စုဝေးခြင်း၊ သွားလာမှုမပြုရခြင်းကြောင့် လက်နက်ဖြင့် ခြိမ်းခြောက်၍ လုယက်မှု၊ ခြောက်လှန့်တောင်းယူမှု များ ကျူးလွန်ခြင်း။

(ဎ) အခြေအမြစ်မရှိသော Online ဆက်သွယ်မှုများမှ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများ၊ မမှန်သတင်းများ ထုတ်လွှင့်ခြင်း၊ ခြိမ်းခြောက် ငွေတောင်းယူမှုများ ကျူးလွန်ခြင်း။

(ဏ) Online Delivery ပို့ဆောင်သူများထံမှ ရောဂါကူးစက်နိုင်သည့် အပြင် မိမိနှင့် သိကျွမ်းမှုမရှိသော Delivery များက အစားအသောက် များတွင် မူးဝေမေ့လျော့စေသော ဆေးဝါးများထည့်သွင်း၍ အိမ်တွင်းခိုးယူမှု၊ လုယက်မှုများကျူးလွန်ခြင်း။

(တ) Mask ကို လူတိုင်းတပ်ဆင်ထားရသဖြင့် ဒုစရိုက်သမားများ အနေဖြင့် ပုံဖျက်ရန် အခွင့်ကောင်းရရှိပြီး ယာဉ်/ဆိုင်ကယ်တို့ဖြင့် ရုတ်တရက် အနီးကပ်လုယက်မှု ကျူးလွန်ခြင်း။

(ထ) Home Stay ကာလကြာမြင့်လာသည့်အတွက် မိသားစုအတွင်း၊ အဆောင်နေသူများအချင်းချင်း အိမ်တွင်းအကြမ်းဖက်မှုခင်းများ ပိုမိုဖြစ်ပွားလာနိုင်ခြင်း။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် Cyber / Online တို့မှ လိမ်လည်နေမှု များ၊ မှုခင်းများနှင့်ပတ်သက်၍ ကျူးလွန်ခံရမှုများ မဖြစ်ပွားရအောင် အောက်ပါ အချက်များကို လိုက်နာကြရန် အကြံပြုအပ်ပါသည်-

(က) မိမိနှင့် ရင်းနှီးကျွမ်းဝင်သော email များနှင့် မိမိအသုံးပြုနေသော Links များ မဟုတ်ပါက attached files များကို ဖွင့်ကြည့်ခြင်းမပြုရန်။

(ခ) မိမိ email နှင့် databases များကို ပုံမှန်စစ်ဆေးခြင်း၊ online / offline အသုံးပြု၍ backup လုပ်ထားရန်။

(ဂ) လုံခြုံမှုအပြည့်အဝရှိမည့် password ကိုအသုံးပြုရန်။

(ဃ) Antivirus software နှင့် မိမိကွန်ပျူတာရှိ software များကို update ပြုလုပ်ရန်။

(င) Social media များ၏ လုံခြုံရေးစနစ်ကို ခိုင်မာမှုရှိအောင် စီမံရန်။

(စ) မိမိနေအိမ်တွင်အသုံးပြုသော network အား လုံခြုံမှုစနစ် သေချာ တပ်ဆင်ရန်။

(ဆ) မိသားစုဝင်များ၊ အထူးသဖြင့် ကလေးသူငယ်များအား Online စနစ်လုံခြုံမှုနှင့်ပတ်သက်၍ ပညာပေးပြောကြားရန်။

(ဇ) လူသွားလူလာပြတ်သည့်နေရာများ၊ လမ်းများတွင် လုယက်မှု ကျူးလွန်ခြင်းများ၊ အိမ်တွင်းအကြမ်းဖက်မှုများ ဖြစ်ပွားနိုင်သည်ကို သတိပြုကြရန်။

၄။ COVID-19 ကာလအတွင်း ဒုစရိုက်သမားများနှင့် ဝိသမလောဘ စီးပွားရေးသမားများက ကျူးလွန်လျက်ရှိသည့် ဆောင်ရွက်ချက်များအပေါ် အများပြည်သူကလည်း အသိ/သတိရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါရန်နှင့် မြို့/ရွာ၊ ရပ်ကွက်များအတွင်း ထူးခြားမှု၊ မသင်္ကာဖွယ်ရာတွေ့ရှိမှု တစ်စုံတစ်ရာ ရှိလာပါက လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် များနှင့် လှည့်ကင်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ၊ နယ်မြေအလိုက် အရေးပေါ်ဆက်သွယ်အကြောင်းကြားနိုင်သည့် နီးစပ်ရာ ရဲစခန်းဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့

နာဇီဂျာမနီအပေါ် အောင်ပွဲခံသည့် (၇၅) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ကင်ဂျုံအန်က ပူတင်ထံ သဝဏ်လွှာပေးပို့

ပြုံယမ်း မေ ၉

မြောက်ကိုရီးယား ထိပ်တန်းခေါင်းဆောင် ကင်ဂျုံအန်က ရုရှားသမ္မတ ပူတင်ထံသို့ စနေနေ့က သဝဏ်လွှာပေးပို့ခဲ့ကြောင်း နိုင်ငံပိုင်ကိုရီးယား ဗဟိုသတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

သဝဏ်လွှာတွင် လွန်ခဲ့သော ၇၅ နှစ်က ရုရှားပြည်သူများသည် ပြိုင်ဘက်ကင်းသည့် သူရသတ္တိနှင့် စွန့်လွှတ်အနစ်နာခံစိတ်တို့ဖြင့် လူသားမျိုးနွယ်တစ်ခုလုံးကို ခြိမ်းခြောက်နေသည့် ဖက်ဆစ်ဝါဒကို ရိုက်ချိုးဖျက်ဆီးပစ်ရန်အတွက် တရားမျှတမှု မဟာစစ်ပွဲတွင် ကြီးမားသည့်အောင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ရုရှားနိုင်ငံနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ကာကွယ်နိုင်ခဲ့ကြောင်း ကင်ဂျုံအန်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယား-ရုရှား ဆက်ဆံရေးသည် ယခုအခါ နှစ်နိုင်ငံပြည်သူများ၏ ဆန္ဒနှင့် ရည်မှန်းချက်များနှင့်အညီ အခက်အခဲနှင့် စိန်ခေါ်မှုအမျိုးမျိုးကို ကျော်လွှားလျက် ပိုမိုတိုးတက်ခဲ့ကြောင်း ကင်ဂျုံအန်က ပြောကြားသည်။

ရုရှားသမ္မတ ပူတင်နှင့် ရုရှားပြည်သူများအနေဖြင့် အင်အားတောင့်တင်းသည့် ရုရှားနိုင်ငံတည်ဆောက်ရေး ကြိုးစားရာတွင် လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုကို တားဆီးကာကွယ်ရာတွင် လည်းကောင်း အောင်မြင်မှုရရှိရန် ဆုမွန်ကောင်းတောင်းကြောင်း ကင်ဂျုံအန်က ပြောကြားသည်။

ရုရှားနိုင်ငံ၏ နာဇီဂျာမနီအပေါ်အောင်ပွဲခံသည့် (၇၅) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ရုရှားသမ္မတ ပူတင်ကပေးပို့သည့် အထိမ်းအမှတ်ဆုတံဆိပ်ကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က အင်္ဂါနေ့က ရရှိခဲ့သည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန် - အောင်ဇော်လင်း**

ဗြိတိန်သို့ ရောက်လာသူအားလုံး သီတင်းနှစ်ပတ်ကြာ အသွားအလာကန့်သတ်ဖြင့် ထားရှိမည်

လန်ဒန် မေ ၉

ကိုရိုနာဗိုင်းရပ်စ်ကြောင့် အသွားအလာကန့်သတ်မှု အစီအမံများ ဖြေလျှော့ရန် အစိုးရအပေါ် ဖိအားပေးမှု ပိုမိုရှိလာလင့်ကစား နိုင်ငံတကာမှ ရောက်ရှိလာသူအများစုအတွက် နှစ်ပတ်ကြာ မလုပ်မနေရ အသွားအလာကန့်သတ်မှုတစ်ခု ကျင့်သုံးရန် ဗြိတိန်နိုင်ငံက စီစဉ်လျက်ရှိသည်။

အိမ်နီးချင်း အိုင်ယာလန်မှ တိုင်းပြည်အတွင်း ဝင်ရောက်လာသူများမှလွဲ၍ ဗြိတိန်နိုင်ငံသို့ လေကြောင်း၊ ရေကြောင်း၊ မီးရထားဖြင့် ဆိုက်ရောက်လာသူအားလုံးမှာ နှစ်ပတ်ကြာ သီးသန့်ခွဲနေရန် လိုအပ်မည်ဟု မီဒီယာများက ဖော်ပြခဲ့သည်။ စည်းမျဉ်းသစ်မှာ ခရီးသွားများ၏ နေရပ်လိပ်စာများ စစ်ဆေးမှုများပြုလုပ်မည်ဖြစ်ပြီး စည်းမျဉ်းချိုးဖောက်လျှင် ပေါင် ၁၀၀၀ သို့မဟုတ် ပြည်နှင်ဒဏ်ပေးခြင်း အပါအဝင် ပြစ်ဒဏ်များပေးမည်ဖြစ်သည်။

ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ထိုအစီအမံများကို မေ ၁၀ ရက်တွင် ကြေညာမည်ဖြစ်သည်။ နှစ်ပတ်ကြာ သီးသန့်ခွဲနေမှု ကန့်သတ်ချက်ကို မေလအကုန်မှစ၍ သတ်မှတ်မည်ဟု အစိုးရသတင်းရပ်ကွက်များ၊ လေကြောင်းပို့ဆောင်ရေးအဖွဲ့ Airlines UK တို့ကို ကိုးကား၍ ဘီဘီစီသတင်းဌာနက ဖော်ပြခဲ့သည်။ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ ရုပ်သံမိန့်ခွန်းမတိုင်မီ တစ်တိုင်းပြည်လုံး အသွားအလာကန့်သတ်မှုချမှတ်ထားရာတွင် အပြောင်းအလဲများရှိမည်မဟုတ်ဟု အစိုးရက သတိပေးခဲ့သည်။

ဝေလပြည်နယ်အစိုးရက ပန်းခြံများ၊ စာကြည့်တိုက်များ ပြန်လည်ဖွင့်လှစ်မည့် အစီအစဉ်များကို ကြေညာခဲ့သော်လည်း အသွားအလာကန့်သတ်မှုကို သုံးပတ်ကြာ ဆက်လက်ထားရှိမည်ဟု ပြောကြားခဲ့သည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-ကျော်ထိုက်စိုး

အမေရိကန်နိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်ခွင့်ပေးခဲ့သည့် ပြည်နယ် ၁၁ ခုတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်

ဝါရှင်တန် မေ ၉

အမေရိကန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကန့်သတ်ချက်များအား ဖြေလျှော့ပြီး စီးပွားရေးလုပ်ငန်း ပြန်လည်လုပ်ကိုင်ခွင့်ပေးခဲ့သည့် ပြည်နယ် ၁၁ ခုတွင် နေ့စဉ် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုနှုန်းများ မြင့်တက်လာခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကန့်သတ်ချက်များ မဖြေလျှော့မီအချိန်ကပင် ဝစ်ကွန်ဆင်နှင့် တင်နက်ဆီနက်ပြည်နယ်တို့တွင် နေ့စဉ်သေဆုံးမှုနှုန်းများမြင့်တက်လျက်ရှိသည်။ အမေရိကန်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခွင့်ပေးခဲ့မှုကြောင့် ဩဂုတ်လအစောပိုင်းအထိ ကိုရိုနာဗိုင်းရပ်စ်ကြောင့်သေဆုံးသူဦးရေမှာ ၁၃၅၀၀၀ အထိရောက်ရှိလာနိုင်ကြောင်း ဝါရှင်တန်တက္ကသိုလ်မှ သုတေသီများက ပြောကြားသည်။

ကယ်လီဖိုးနီးယားပြည်နယ်ရှိ စတိုးဆိုင်များကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ဝယ်ယူသူများမှာ ခပ်ခွာခွာနေထိုင်သည့် စည်းမျဉ်းကို လိုက်နာကြသည်။ မကြာသေးမီက အမေရိကန်တွင် နေ့စဉ် ကိုရိုနာဗိုင်းရပ်စ်ကူးစက်နှုန်းမှာ ၂၀၀၀၀ ခန့်ရှိသည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ

ဗန်ကောက်၌ ချာတူချက်ဈေး ပြန်လည်ဖွင့်လှစ်

ဗန်ကောက် မေ ၉

ဗန်ကောက်တွင် စနေ၊ တနင်္ဂနွေရက်များ၌သာ ဖွင့်လှစ်သော ချာတူချက်ဈေးကို ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကန့်သတ်ချက်များ သတ်မှတ်ပြီး ပြန်လည်ဖွင့်လှစ်ခဲ့သည်။ မြို့ပြအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူများက ဈေး၏အဝင်ဂိတ်ပေါက်များတွင် နေရာယူပြီး ဈေးဝယ်လာသူများနှင့် ဈေးရောင်းချသူများအား ကိုယ်အပူချိန်တိုင်းတာသည့် လုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

ဈေးဝယ်လာသူများနှင့် ဈေးရောင်းချသူများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုကို တိုက်ဖျက်ရန်အတွက် နှာခေါင်းစည်းများ ဝတ်ဆင်ခြင်း၊ လက်ဆေးခြင်းနှင့် ခပ်ခွာခွာနေခြင်း စည်းမျဉ်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မြို့ပြအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဈေးဝယ်လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး ၁ ဒသမ ၅ မီတာ အကွာအဝေးခြား၍ ဝယ်ယူရန်ညွှန်ကြားထားပြီး ထိုင်ခုံများနှင့် ငွေထုတ်ယူသော စက်များကိုလည်း သန့်ရှင်းရေးဆောင်ရွက်ရန် ညွှန်ကြားထားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ လူနာသစ် ၆၃၆ ဦးတွေ့ရှိ

ဒါကာ မေ ၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံက ယနေ့ ကိုဗစ်-၁၉ ကူးစက်ခံရသူလူနာသစ် ၆၃၆ ဦး တွေ့ရှိသဖြင့် သောကြာနေ့က တွေ့ရှိသည့် လူနာ ၇၀၉ ဦးထက် အနည်းငယ် လျော့ကျခဲ့ကြောင်း သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ လူနာသစ် ၆၃၆ ဦးတွေ့ရှိပြီး သေဆုံးသူ ရှစ်ဦးရှိကြောင်း ယနေ့မွန်းလွဲပိုင်းတွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိ နာဆီမာစူလ်တာနာက ပြောကြားသည်။

နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာပေါင်း ၁၃၇၇၀ ဖြစ်ပြီး လတ်တလောအထိ သေဆုံးသူ ၂၁၄ ဦးရှိကြောင်း ၎င်းက ပြောကြားသည်။

၎င်းအရာရှိ၏ အဆိုအရ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းမှ ဓာတ်ခွဲနမူနာပေါင်း ၅၄၆၅ ခုကို စမ်းသပ်စစ်ဆေးခဲ့သည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း လူပေါင်း ၃၁၃ ဦးကို ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သဖြင့် နိုင်ငံတစ်ဝန်း ပြန်လည်ကျန်းမာလာသူပေါင်း၂၄၁၄ ဦးရှိပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ဇော်လင်း

တရုတ်နိုင်ငံကုမ္ပဏီများက အာဆီယံနိုင်ငံများသို့ နှာခေါင်းစည်း ၆၀၀၀၀၀ လှူဒါန်း

နန်နင်း မေ ၉

တရုတ်နိုင်ငံမှ ကုမ္ပဏီငါးခုက အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ဝင် နိုင်ငံခြောက်နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးကြိုးပမ်းမှုများကို အကူအညီပေးရန် လှူဒါန်းသော ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း ၆၀၀၀၀၀ ကို တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့မှတစ်ဆင့် ယမန်နေ့က ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံက ယခုနှာခေါင်းစည်းများ လှူဒါန်းခဲ့သည့် နိုင်ငံခြောက်နိုင်ငံမှာ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအတွက် အာဆီယံနိုင်ငံများအား အကူအညီပေးရာတွင် တရုတ်နိုင်ငံမှ ကုမ္ပဏီများက တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိကြောင်း နန်နင်းမြို့ရှိ ဗီယက်နမ်ကောင်စစ်ဝန်အကြီးအကဲ ဟောင်ငွေ့ဗင်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံမှ ကုမ္ပဏီများသည် ယခင်ကလည်း အာဆီယံနိုင်ငံများဖြစ်သည့် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် ကိုရိုနာဗိုင်းရပ်စ်ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ပစ္စည်းများ ပေးလှူခဲ့ကြောင်း သိရသည်။

အာဆီယံနိုင်ငံများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို မကြာမီကာလအတွင်း ကျော်လွှားနိုင်မည်ဟု မျှော်လင့်ပါကြောင်းနှင့် ရှောင်းမီကုမ္ပဏီက လှူဒါန်းခဲ့သည့် နှာခေါင်းစည်း ၂၀၀၀၀၀ မှာ တရုတ်ကုမ္ပဏီ၏ ချစ်ကြည်မှုကို ပြသနေကြောင်း ရှောင်းမီကုမ္ပဏီ၏ ကွမ်ရှီးဌာနခွဲ တွဲဖက်ဆက်ဆံရေးညွှန်ကြားရေးမှူး လျူယန်က ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

မြို့တော်ဆိုးလ်ရှိ ညကပွဲရုံတစ်ရုံနှင့် ဆက်နွယ်သည့် လူအစုလိုက်အပြုံလိုက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု တွေ့ရှိ

ဆိုးလ် မေ ၉

တောင်ကိုရီးယားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုအား တားဆီးနိုင်စေရန် ချမှတ်ထားသည့် လူတစ်ဦးနှင့်တစ်ဦးအနီးကပ်ထိတွေ့မှု ရှောင်ရှားရေးဆိုင်ရာ ကန့်သတ်ချက်များအား လျှော့ချနေချိန်တွင် မြို့တော်ဆိုးလ်ရှိ ညကပွဲရုံတစ်ရုံနှင့် ဆက်နွယ်သည့် အစုလိုက်အပြုံလိုက် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရမှုတစ်ခုကို ထောက်လှမ်းတွေ့ရှိခဲ့ရကြောင်း တောင်ကိုရီးယားအစိုးရက ယမန်နေ့က ပြောကြားသည်။

လွန်ခဲ့သည့် ရက်သတ္တပတ် စနေနေ့က မြို့တော်ဆိုးလ်ရှိ အီတဲဝန်ဒေသရှိ ညကပွဲရုံတစ်ရုံသို့ သွားရောက်ခဲ့သည့် လူ ၁၂ ဦးအား ဓာတ်ခွဲစစ်ဆေးစမ်းသပ်ကြည့်ရာ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသည်ကို တွေ့ရှိရကြောင်း တောင်ကိုရီးယား ကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

မေ ၆ ရက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရကြောင်း တွေ့ရှိရသည့် အသက် ၂၀ အရွယ် အမျိုးသားတစ်ဦး၏ သွားလာလှုပ်ရှားမှုများအား ခြေရာခံခဲ့ရာမှ ယင်းသို့အစုလိုက်အပြုံလိုက် ဗိုင်းရပ်စ်ကူးစက်မှုအား အတည်ပြုနိုင်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခြင်းဖြစ်သည်။

အဆိုပါအမျိုးသားသည် မေ ၂ ရက်တွင် နှာခေါင်းစည်းတပ်ဆင်ခြင်းမရှိဘဲ ယင်းကပွဲရုံသို့ သွားခဲ့ခြင်းဖြစ်ပြီး ကပွဲရုံအတွင်း၌ ထိုအချိန်တွင် လူပေါင်း ၁၅၀၀ ခန့်ရှိနေသည် ဟု ကျန်းမာရေးအရာရှိများက ပြောကြားသည်။ ၎င်းဖြစ်ရပ်နှင့်ပတ်သက်၍ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူများ နောက်ထပ်တိုးမြင့်လာနိုင်ကြောင်း သတင်းမီဒီယာများ၌ ဖော်ပြသည်။

တောင်ကိုရီးယားအစိုးရက လေဝင်လေထွက် ကောင်းမွန်ပြီး ပိုးသတ်ခြင်းများသေချာစွာ လုပ်ဆောင်ထားသည့် ဖျော်ဖြေရေးဆိုင်ရာနေရာများအား ဧပြီ ၂၀ ရက်တွင် ပြန်ဖွင့်ခွင့်ပြုခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်- ဇော်ဝင်း

ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရာတွင် ပူးပေါင်းပါဝင်မှုအတွက် သြစတြေးလျပြည်သူများကို သြစတြေးလျ ကျန်းမာရေးဝန်ကြီး ချီးမွမ်းစကားဆို

သြစတြေးလျ
ကျန်းမာရေးဝန်ကြီး
ဟန့်ထဲ

ကင်ဘာရာ မေ ၉

သြစတြေးလျအစိုးရက အသွားအလာတားမြစ်ကန့်သတ်မှုများကို ဖြေလျှော့ပေးရန် ကြိုးစားနေစဉ် ကိုဗစ်-၁၉ ရောဂါကို တုံ့ပြန်ရာတွင် ပူးပေါင်းပါဝင်မှုအတွက် သြစတြေးလျပြည်သူများကို ကျန်းမာရေးဝန်ကြီးက ချီးမွမ်းစကား ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုကို တားဆီးကာကွယ်ရန် အစိုးရက ချမှတ်ခဲ့သည့် တားမြစ်ကန့်သတ်ချက်များကို လိုက်နာခြင်းအားဖြင့် သြစတြေးလျပြည်သူများသည် သြစတြေးလျနိုင်ငံကို ကမ္ဘာက အားကျရအောင် လုပ်ပြခဲ့ကြကြောင်း ကျန်းမာရေးဝန်ကြီး ဟန့်ထဲက ယနေ့နံနက်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

ထိုသို့လုပ်ဆောင်ရာတွင် အခက်အခဲများရှိခဲ့ကြောင်း၊ မိမိတို့၏ ကျန်းမာရေး၊ စီးပွားရေး၊ နှင့် အလုပ်အကိုင်များ ပြန်လည်နာလန်ထူမည့် လမ်းကြောင်းပေါ် စတင်ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ သြစတြေးလျပြည်သူများကို ကျေးဇူးတင်ကြောင်း ဝန်ကြီးက ပြောကြားသည်။

သောကြာနေ့ညနေပိုင်းအထိ သြစတြေးလျနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် အတည်ပြုလူနာ ၆၉၁၄ ဦးရှိသည်။ သြစတြေးလျဝန်ကြီးချုပ် စကော့မောရစ်ဆင်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ် ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ချမှတ်ထားသည့် တားမြစ်ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန်အတွက် အဆင့် ၃ ဆင့်ပါ လမ်းပြမြေပုံကို သောကြာနေ့က ကြေညာခဲ့သည်။

၎င်းလမ်းပြမြေပုံအရ စီးပွားရေးလုပ်ငန်းအများစုသည် ဇူလိုင်လတွင် ပြန်ဖွင့်မည်ဖြစ်ပြီး ခန့်မှန်းခြေ သြစတြေးလျ အလုပ်သမား ၈၅၀၀၀၀ သည် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်နိုင်တော့မည်ဖြစ်သည်။

ဝန်ကြီးချုပ် မောရစ်ဆင်နှင့် ပြည်နယ်နှင့် ပြည်နယ်အဆင့် ဒေသအစိုးရများဖြင့် ဖွဲ့စည်းထားသည့် အမျိုးသားအစိုးရအဖွဲ့က တစ်နိုင်ငံလုံးတွင် တစ်သမတ်တည်းဆောင်ရွက်ခြင်းထက် ပြည်နယ်နှင့် ပြည်နယ်အဆင့် ဒေသအစိုးရအသီးသီးက ၎င်းတို့၏ သက်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်များဖြင့် လမ်းပြမြေပုံ အဆင့် ၃ ဆင့်တွင် တစ်ဆင့်ချင်း အာဏာသက်ရောက်မည့် အချိန်များကို ဆုံးဖြတ်သတ်မှတ်ကြရန် သဘောတူညီခဲ့ကြသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ဇော်လင်း

ဆီးရီးယားနိုင်ငံအရှေ့ပိုင်းတွင် အမေရိကန်တပ်ဖွဲ့က အခြေစိုက်စခန်းသစ်တစ်ခု တည်ဆောက်



ဒမတ်စကက် မေ ၉

အမေရိကန်တပ်ဖွဲ့သည် စစ်ဘက်ဆိုင်ရာအထောက်အပံ့ပစ္စည်းများ သယ်ဆောင်လာခဲ့ပြီးနောက် ဆီးရီးယားနိုင်ငံအရှေ့ပိုင်း ဒီယာအယ်လ်ဇူးပြည်နယ်တွင် အခြေစိုက်စခန်းသစ်တစ်ခု တည်ဆောက်ခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ယမန်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဒီယာအယ်လ်ဇူးပြည်နယ် အနောက်ပိုင်းရှိ အယ်လ်ဂျာရက်ဒေသသို့ များပြားလှစွာသော စစ်ဘက်ဆိုင်ရာ အထောက်အပံ့ပစ္စည်းများနှင့် စစ်လက်နက်ပစ္စည်းများ ရောက်ရှိလာခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့သည် ယင်းဒေသတွင် အခြေစိုက်စခန်းတစ်ခုကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းကလည်း အယ်လ်ဂျာရက်ဒေသသို့ အမေရိကန်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာ ပို့ကုန်များ ရောက်ရှိခဲ့ကြောင်း ဗြိတိန်အခြေစိုက် စောင့်ကြည့်ရေးအုပ်စုက ပြောကြားခဲ့သည်။

အမေရိကန်တပ်ဖွဲ့သည် ဒီယာအယ်လ်ဇူးအရှေ့ပိုင်းဒေသရှိ အယ်လ်အိုမာရေနံမြေတွင် ၎င်းတို့၏ အခြေစိုက်စခန်းကို တိုးချဲ့လျက်ရှိကြောင်း ဗြိတိန်အခြေစိုက်စောင့်ကြည့်ရေးအုပ်စုက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် ဆီးရီးယားနိုင်ငံတွင် အခြေစိုက်စခန်းအများအပြားရှိပြီး ကာ့ဒ်ဦးဆောင်သည့် ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့ဝင်များ တည်ရှိရာ ဆီးရီးယားနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် အခြေစိုက်စခန်း အများဆုံးရှိကြောင်း သိရသည်။

ဆီးရီးယားအစိုးရကမူ ဆီးရီးယားမှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုတ်သိမ်းရေးကို ကာလရှည်ကြာကတည်းက တောင်းဆိုထားသည်။ သို့ရာတွင် အမေရိကန်နိုင်ငံသည် ဆီးရီးယားနိုင်ငံရှိ ၎င်း၏ အခြေစိုက်စခန်းများကို အခိုင်အမာတပ်စွဲထားပြီး ဆီးရီးယားနိုင်ငံအရှေ့ပိုင်းတွင် အများစုတပ်စွဲထားခြင်းဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်၏ပြောရေးဆိုခွင့်ရ အမျိုးသမီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

ဝါရှင်တန် မေ ၉

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်၏ လက်ထောက်တစ်ဦး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရခြင်းကြောင့် အိမ်ဖြူတော်ထိပ်တန်းတာဝန်ရှိသူများအကြား ရောဂါကူးစက်မှုနှင့်ပတ်သက်၍ စိုးရိမ်မှုများ မြင့်တက်လာခဲ့သည်။

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်၏ ပြောရေးဆိုခွင့်ရအမျိုးသမီး ကေတီမီလာမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရသည်ဟု သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့က သတင်းထောက်များသို့ ပြောကြားခဲ့သည်။ သမ္မတ ဒေါ်နယ်ထရမ့်၏ ကိုယ်ရေးဝန်ထမ်းတစ်ဦး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရကြောင်း အိမ်ဖြူတော်က အတည်ပြုပြီး တစ်ရက်အကြာတွင် ယခုကဲ့သို့ ကြေညာခဲ့ခြင်းဖြစ်သည်။ အမေရိကန်အစိုးရအဖွဲ့က ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုတားဆီးရေးအတွက် ပြည်သူများအနေဖြင့် နှာခေါင်းစည်းဝတ်ဆင်ကြရန် ထောက်ခံခဲ့သည်။

သို့သော်လည်း သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဒုတိယသမ္မတ မိုက်ပန့်စ်တို့သည် ဆေးရုံတစ်ရုံနှင့် နှာခေါင်းစည်းထုတ်လုပ်ရေးစက်ရုံတစ်ရုံသို့ တရားဝင်သွားရောက်ခဲ့သည့် ခရီးစဉ်များအတွင်း နှာခေါင်းစည်း ဝတ်ဆင်ခဲ့ခြင်းမရှိပေ။ ဒေါ်နယ်ထရမ့်နှင့် မိုက်ပန့်စ်တို့က နေ့စဉ် ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးမှုခံယူခဲ့ပြီး ထိုသို့လုပ်ဆောင်ခြင်းကြောင့် နှာခေါင်းစည်း မဝတ်ဆင်ခြင်းဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောသည်။

သို့သော်လည်း စစ်ဆေးမှုပြုလုပ်ခြင်းနှင့် ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ခြင်းသည် သီးခြားကိစ္စရပ်များဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောသည်။

ကိုးကား–အင်န်အိတ်ချ်ကေ
ဘာသာပြန်–ကျော်ထိုက်စိုး

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေစဉ်အတွင်း စည်းလုံးညီညွတ်ရန် ရုရှားသမ္မတ ဗလာဒီမာပူတင် တောင်းဆို

မော်စကို မေ ၉

ရုရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု အရေအတွက် မြင့်တက်လျက်ရှိနေခြင်းကြောင့် နိုင်ငံအတွင်း စည်းလုံးညီညွတ်မှုရှိစေရေး နာဇီဂျာမနီအပေါ်အောင်ပွဲခံခဲ့သည့်နေ့ အထိမ်းအမှတ်မိန့်ခွန်းတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က တောင်းဆိုခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် နာဇီဂျာမနီအပေါ်အောင်ပွဲခံခဲ့သည့် (၇၅) နှစ်ပြည့်နှစ်ပတ်လည်နေ့၌ နိုင်ငံသို့ ယနေ့တွင် မိန့်ခွန်းပြောကြားခဲ့ခြင်းဖြစ်ပြီး ဒုတိယ ကမ္ဘာစစ်ပြီးဆုံးရေးအတွက် ပါဝင်ခဲ့ကြသည့် ဆိုဗီယက်ပြည်ထောင်စု၏ အခန်းကဏ္ဍကို အလေးထားပါကြောင်း၊ ယခင်ဆိုဗီယက် ပြည်ထောင်စုမှ တပ်ဖွဲ့ဝင်များသည် အမိမြေကို ကယ်တင်ခဲ့ကြောင်းနှင့် ဥရောပလွတ်မြောက်ရေး တိုက်ပွဲဝင်ခဲ့ကြကြောင်း ပူတင်က ပြောကြားခဲ့သည်။

ရုရှားပြည်သူများသည် အနာဂတ်ကာလအတွက် မျှော်လင့်ချက်များနှင့် တာဝန်ဝတ္တရားများအပါအဝင် အထိမ်းအမှတ်များကို မျှဝေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်းနှင့် ရုရှားနိုင်ငံသားများ စည်းလုံးညီညွတ်မှုရှိမည်ဆိုပါက ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း ပူတင်က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်သည် ၁၉၈၀၀၀ ကျော် ရှိသွားပြီဖြစ်ပြီး သေဆုံးသူဦးရေသည်လည်း ၁၈၀၀ ကျော်ရှိသွားပြီဖြစ်သည်။ ရုရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကြောင့် ရေနံစိမ်းဈေးနှုန်းများကျဆင်းခဲ့ရသည့်အပြင် တစ်လကျော်ကြာ ခရီးသွားလာမှုပိတ်ပင်ထားခဲ့ခြင်းကြောင့် စီးပွားရေးကျဆင်းမှုနှင့်လည်း ကြုံတွေ့နေရလျက်ရှိသည်။

ကိုးကား–အင်န်အိတ်ချ်ကေ၊ ဘာသာပြန်–အလင်းသစ်

အာဖဂန်နစ္စတန် ကျန်းမာရေးဝန်ကြီး ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိ

ကဘူးလ် မေ ၉

အာဖဂန်နစ္စတန် ကျန်းမာရေးဝန်ကြီး ကိုရိုနာဗိုင်းရပ်စ်ပိုး စမ်းသပ်တွေ့ရှိခဲ့ကြောင်း အာဖဂန် တာဝန်ရှိသူများက ပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် ပြီးခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၅ ဦး တွေ့ရှိခဲ့သည်။

ကျန်းမာရေးဝန်ကြီး ဖာရိုဇူဒင်ဖာရော့ဇ်မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရကြောင်း ဝန်ကြီးဌာနက အတည်ပြုခဲ့သည်။ အတည်ပြုလူနာ ၃၇၀၀ ကျော်အနက် ၁၀၀ ကျော်သေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံက ကြေညာခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံသား ၂၇၀၀၀၀ ကျော်မှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါဒဏ် အဆိုးရွားဆုံးခံခဲ့ရသည့် အရှေ့အလယ်ပိုင်းနိုင်ငံတစ်ခုဖြစ်သော အီရန်နိုင်ငံမှ ပြန်လာခဲ့သည်ဟု ကုလသမဂ္ဂ ရွှေ့ပြောင်းသွားလာမှုအေဂျင်စီ၏ ပြောကြားချက်အရ သိရသည်။

နေရပ်ပြန်များက နိုင်ငံတစ်ဝန်းရှိ မြို့တော်များ၊ မြို့များ၊ ကျေးရွာများသို့ ကိုရိုနာဗိုင်းရပ်စ်စမ်းသပ်မှု၊ စောင့်ကြည့်မှုမပြုလုပ်ဘဲ ပြန်ခဲ့ကြခြင်းဖြစ်ရာ ဆယ်စုနှစ်ချီကြာမြင့်နေပြီဖြစ်သည့် ပြည်တွင်းစစ်ကြောင့် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ယိုယွင်းနေသည့် အာဖဂန်နစ္စတန်နိုင်ငံ၌ ရောဂါဖြစ်ပွားစေရန် ခြိမ်းခြောက်နေသည်။

ကိုးကား– ဟိန္ဒူစတန်တိုင်းမ်
ဘာသာပြန်–ကျော်ထိုက်စိုး

ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ထပ်ဆောင်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံခန့်လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြောကြား

ဂျနီဗာ မေ ၉

ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ယခုနှစ်တွင် ထပ်ဆောင်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ဘီလီယံခန့်လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ်အက်နွှန်ဂါဘရီယီဆက်က ပြောကြားခဲ့သည်။ တီဒရော့စ်ကပြောကြားရာတွင် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးအတွက် စိတ်ချရပြီး အစွမ်းထက်သောဆေးဝါးနှင့် ကုထုံးများပေါ်ပေါက်လာစေရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်အားနည်းသောနိုင်ငံများအား ပံ့ပိုးကူညီခြင်းတို့ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖေဖော်ဝါရီလအတွင်းက အဖွဲ့ဝင်နိုင်ငံများအား ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ငွေကြေးအကူအညီများ တောင်းခံခဲ့ပြီး ယင်းရောဂါကို တိုက်ဖျက်ရန်အတွက် အမေရိကန်ဒေါ်လာ ၆၇၅ သန်း လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ထိုကဲ့သို့ ငွေကြေးအကူအညီတောင်းခံမှုအရ ဗြိတိန်နိုင်ငံက အမေရိကန်ဒေါ်လာ ၁၇၃ သန်း၊ ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၅ သန်းနှင့် အမေရိကန်နိုင်ငံက ဒေါ်လာသန်း ၃၀ လှူဒါန်းခဲ့သည်။

ကိုးကား–အင်န်အိတ်ချ်ကေ၊ ဘာသာပြန်–စိုးသူရ

ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ၁၀၈၁၇ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ၊ ၁၀၄ ဦး ထပ်မံသေဆုံး

မော်စကို မေ ၉

ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၈၁၇ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ယနေ့အထိ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၉၈၆၇၆ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးဗဟိုဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၀၀၀ နှင့်အထက် ရှိလာခဲ့သည်မှာ ခုနစ်ရက်ဆက်တိုက်ရှိလာကြောင်း ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဗဟိုဌာန၏ အချက်အလက်များက ပြသထားသည်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၁၀၄ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၈၂၇ ဦး ရှိလာကြောင်း၊ ၅၃၀၈ ဦး စံချိန်တင် ရောဂါကင်းစင်လာခဲ့ရာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၁၉၁၆ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်သွားသည့် မြို့တော်မော်စကိုတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၆၆၇ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၁၀၄၁၈၉ ဦးရှိလာခဲ့သည်။

ယမန်နေ့အထိ ရရှိထားသည့် ကိန်းဂဏန်းများအရ ရုရှားနိုင်ငံအတွင်းရှိ လူဦးရေ ၂၄၂၀၀ ခန့်သည် ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှုကို ခံယူလျက်ရှိကြကြောင်း ရုရှားစားသုံးသူအခွင့်အရေးနှင့် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့၏ ပြောဆိုချက်အရ သိရသည်။

ရုရှားအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်သည့်အနေဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်ကတည်းက ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ ယခုအခါ နိုင်ငံတစ်ဝန်းတွင် လူဦးရေ ၅ ဒသမ ၂ သန်း၏ နမူနာကို စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ဂျေတီ

အဟုန်ပြင်းစွာရိုက်ခတ် ကိုရိုနာဗိုင်းရပ်စ်

ကိုရင်ဩ

PHOTO CREDIT: BRINK NEWS

ကြော့ကြမ်း ဟော့သရမ်းလှသည့် ကိုဗစ်ရောဂါပိုးက ကမ္ဘာ့တစ်ခွင် ပြပြစင်အောင် ကူးလူးသွားလာနေချိန်တွင် အခြေခံအဆောက်အအုံ ခိုင်ခံ့ရေးအတွက် ကမ္ဘာ့နိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြ၊ ကုထုံးသစ်များနှင့် ကာကွယ်ဆေးသစ်များ ဖော်ထုတ်နိုင်ရေးတို့အတွက် လက်တွဲကြိုးပမ်းကြခြင်းမှာ "အရှုံးထဲမှ အမြတ်"၊ "အဆိုးထဲမှ အကောင်း" ဟူ၍ ကျွန်ုပ်တို့ ယူဆနိုင်ကြပေလိမ့်မည်။ သို့ဖြစ်စေကာမူ နိုင်ငံများအတွင်း ပူးပေါင်းဆောင်ရွက်နေကြချိန်မှာပင် နိုင်ငံအချင်းအချင်း ကျန်းမာရေးပြဿနာများ လိမ်ယှက်ကြကာ နင်ပဲငဆ ပြောကြရသည့်အခြေအနေ ရှုပ်ထွေးမှုတို့ကိုလည်း ကျွန်ုပ်တို့ တွေ့မြင်နိုင်ကြပေလိမ့်မည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကို အချိန်ကာလကြာမြင့်စွာ ခက်ခက်ခဲခဲဆောင်ရွက်ရလိမ့်မည်ဟု ဟောကိန်းထုတ်ထားသူတစ်ဦးမှာ အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးဌာန (စီဒီစီ) အကြီးအကဲဟောင်း ဒေါက်တာတမ်ဖရက်ဒမ် ဆိုသူဖြစ်သည်။

သေဆုံးရဖွယ်

ကိုဗစ်-၁၉ ကူးစက်ရောဂါအပေါ် တုံ့ပြန်ရေးတွင် ကြီးမားသော တိုးတက်အောင်မြင်မှု မရရှိပါက မေလကုန်ထက်နောက်မကျဘဲ လူပေါင်း ၁၀၀၀၀၀ အထိ သေဆုံးရဖွယ်ရှိနေသည်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး ရှိသူနှင့် ထိတွေ့ဆက်ဆံခဲ့ဖူးသူများကို ရှာဖွေဖော်ထုတ်နိုင်ရေးအတွက်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းစွမ်းပကား မြင့်မားစေရေးအတွက်လည်းကောင်း ရန်ပုံငွေ တိုးမြှင့်ရရှိရန် လိုအပ်နေသည်ဟု သူက ထောက်ပြပြောဆိုသည်။

အမေရိကန်ပြည်ထောင်စု၏ ကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကျွမ်းကျင်ပညာရှင် ဒေါက်တာ အန်ထော်နီဖူစီသည် လာမည့်ရက်သတ္တပတ်တွင် အထက်လွှတ်တော်(ဆီးနိတ်)၌ ကိုဗစ်-၁၉ အရေး သက်သေထွက်ဆိုရန်ရှိနေသော်လည်း သမ္မတဒေါ်နယ်ထရမ့်၏ တားမြစ်ပိတ်ပင်ချက်ကြောင့် ဒီမိုကရက် ဦးဆောင်သော အောက်လွှတ်တော်ရှေ့မှောက်သို့ ရောက်နိုင်လိမ့်မည် မဟုတ်ချေ။ ဖူစီသည် အိမ်ဖြူတော်၏ ကပ်ရောဂါတိုက်ဖျက်ရေး အထူးလုပ်ငန်းအဖွဲ့၏ ခေါင်းဆောင်လည်းဖြစ်သည်။

ကျန်းမာရေးအရ ခြေချုပ်ချခြင်း အစီအမံများကို ငြင်းဆန်ရာမှ ကပ်ရောဂါကြောင့် သေဆုံးရမှုနှုန်းအရ အမေရိကန်ထက် သာလွန်သောနိုင်ငံမှာ ဆွီဒင်နိုင်ငံဖြစ်သည်ဟု အမေရိကန် ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်၏ လေ့လာချက်စစ်တမ်းအရ သိရှိရသည်။

စကင်ဒီနေဗီးယားအရပ်ရှိ ဆွီဒင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါပိုးကြောင့် သေဆုံးသူ ၃၀၄၀ ရှိရာ လူတစ်သန်းလျှင် ၂၉၇ ဒသမ ၁၆ ဦးနှုန်း သေဆုံးမှုရှိသည်ဟု ဆို၏။

အမေရိကန်တွင်မူ ကပ်ရောဂါပိုးကြောင့် ၇၄၂၃၉ ဦး သေဆုံးခဲ့ရသဖြင့် လူတစ်သန်းလျှင် ၂၂၆ ဒသမ ၃၃ ဦးနှုန်း သေဆုံးမှုရှိပေသည်။ စာသင်ကျောင်းအများစု၊ ကုန်ပဒေသာဆိုင်အများစု၊ စားသောက်ဆိုင်အများစုကို ဆက်လက်ဖွင့်လှစ်ထားခဲ့ခြင်းကြောင့် ဆွီဒင်သည် အမေရိကန်ထက် ကပ်ရောဂါကြောင့် သေဆုံးမှုနှုန်း ပိုတိုးရခြင်းဖြစ်ကြောင်း ကျန်းမာရေးပါရဂူများက ထောက်ပြကြလေသည်။

ကမ္ဘာ့ကပ်ရောဂါဘေးဆိုး တိုက်ဖျက်ရေးလုပ်ငန်းတွင် ရှေ့တန်းမှ ပါဝင်လျက်ရှိကြသော သူနာပြုဆရာမများ ရောဂါသည်များကို ပြုစုစောင့်ရှောက်ရင်း အသက်ဆုံးရှုံးရသော ဖြစ်ရပ်များမှာ ကြေကွဲဝမ်းနည်းဖွယ်ရာဖြစ်လင့်ကစား သူတို့အတွက် လူသားအားလုံးက ဂုဏ်ပြုထိုက်လှပေသည်။

ရောဂါပိုးကူးစက်ခံရသူဦးရေ ၁၀၀၀၀ ကို ကျော်လွန်သွားခဲ့ပြီဖြစ်သော ဘရာဇီးလ်နိုင်ငံရှိ ဆောပေါ်လိုမြို့၌ ကျန်းမာရေးဝန်ထမ်း ၁၃ ဦးထက်မနည်း ကိုဗစ်ပိုးကြောင့် သေဆုံးခဲ့ကြရသည်။ ယင်းမြို့တွင် ကျန်းမာရေးလုပ်သား ၇၁၃ ဦးထက်မနည်း ရောဂါကူးစက်ခံခဲ့ရကာ လုပ်ငန်းခွင်အခြေအနေတိုးတက်အောင် အစိုးရအဖွဲ့က ဆောင်ရွက်ပေးရန် ကျန်းမာရေးဝန်ထမ်းများက ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွင် ပါဝင်ကူညီသည့်အနေဖြင့် အသက်ရှူအထောက်အကူပြုစက်များကို ထောက်ပံ့ပေးမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မေ ၇ ရက်တွင် ကမ်းလှမ်းခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ၏ ဗဟိုချက်အဖြစ် အမေရိကန် ဆက်လက်ရပ်တည်နေစဉ်မှာပင် ဝေဒနာသည်များ၏ အသက်ကို ကယ်တင်ရာတွင် အရေးကြီးလှသော အသက်ရှူအထောက်အကူပြုစက်များကို ရုရှားထံပို့ပေးမည်ဟု သမ္မတထရမ့်က ပြောကြားခဲ့ခြင်းဖြစ်သည်။

ရတက်မအေး

အမေရိကန်ပြည်တွင်းတွင် ကပ်ရောဂါဘေးကြောင့် ရတက်မအေးဖြစ်ကြရ၊ အသက်ရှူအထောက်အကူပြုစက်များအပါအဝင် ကုသရေးအထောက်အကူပြုပစ္စည်း အရပ်ရပ် ထောက်ပံ့ပေးရန် အမေရိကန်ပြည်နယ် အုပ်ချုပ်ရေးမှူးများက သမ္မတထံ မကြာမီက တင်ပြခဲ့ခြင်းကို ပစ်ပယ်ကာ မဟာဗျူဟာအရ ပြိုင်ဘက်ဖြစ်သော ရုရှားနိုင်ငံအား အကူအညီပေးရန် သမ္မတထရမ့်က ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ကိုဗစ်ရောဂါကုသရေး၌ အရေးအပါဆုံးဆေးရုံများတွင် ခုတင်များ အလုံအလောက်မရှိခြင်း၊ ကုသရေးအထောက်အကူပြု စက်ကိရိယာများ ပြည့်စုံမှုမရှိခြင်း၊ လူနာဦးရေနှင့် ကျန်းမာရေးဝန်ထမ်းဦးရေ အချိုးအဆ မျှတမှုမရှိခြင်းတို့မှာ လူသားတို့၏ ဆုတ်ယုတ်မှုများပင်ဖြစ်သည်။

ပီရူးနိုင်ငံ၌ ကိုဗစ်ဝေဒနာသည်များအတွက် အောက်စီဂျင်ဘူးများ ပြတ်လပ်လျက်ရှိပြီး မှောင်ခိုဈေးကွက်တွင် အောက်စီဂျင်ဆလင်ဒါဘူး တစ်ဘူးလျှင် ဒေါ်လာ ၁၀၀၀ အထက်တွင်ရှိနေသည်ဆိုသော သတင်းတစ်ပုဒ်မှာ အရင်းအမြစ်ချို့ငဲ့သောနိုင်ငံများ၌ ကပ်ရောဂါတိုက်ဖျက်ရေး စစ်ပွဲတွင် လူသားတို့၏ ဆုတ်ယုတ်မှုတစ်ရပ်ဖြစ်သည်။

ကမ္ဘာ့ကပ်ရောဂါကြောင့် နိုင်ငံတကာတွင် စီးပွားရေးထိခိုက်ရမှုကို ထင်ဟပ်နေသော သာဓကများ ပိုမိုထင်ရှားပေါ်လွင်လာနေချိန်တွင် အစိုးရအဖွဲ့အသီးသီးက မိမိတို့၏ နိုင်ငံအလိုက် စီးပွားရေးထိခိုက်ရမှု သက်သာလျော့ပါးရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်နေကြပေပြီ။ ရှောင်လွှဲ၍မရနိုင်သော စီးပွားရေးထိခိုက်မှုမှ သက်သာစေရန်နှင့် စီးပွားရေး မြန်မြန်ဆန်ဆန် ပြန်လည်နာလန်ထူလာရေးအတွက် ကြိုးပမ်းကြရမည်ဖြစ်သကဲ့သို့ ကပ်ရောဂါအပေါ် အပြီးတိုင်ထိန်းချုပ်နိုင်ရန် ပြည်သူအားလုံး၏ လက်တွဲညီညီ ပါဝင်ဆောင်ရွက်မှုဖြင့် ရှေ့ဆက်ကြရပေမည်။

စီးပွားရေးထိုင်းမှိုင်းနေသော ကာလတစ်ရပ်ကို ကမ္ဘာတစ်ဝန်းရင်ဆိုင်နေရပြီး ဥရောပနှင့် အမေရိကန် ပြည်ထောင်စုက ကိုဗစ်ကြောင့် စီးပွားရေးအထိနာရသမျှအခြေအနေကို တဖွဲဖွဲ ထုတ်ပြန်လာကြသည်။

အကျပ်အတည်းဆုံး

ကပ်ရောဂါဘေးမှ ရှောင်လွှဲနိုင်ခြင်းမရှိသော ဥရောပနိုင်ငံကြီးတစ်နိုင်ငံမှာ ဂျာမနီနိုင်ငံဖြစ်ပြီး ယင်းနိုင်ငံ၏ စစ်ပြီးခေတ်လွန်ကာလ သမိုင်းကြောင်းတွင် အကျပ်အတည်းဆုံးကာလတစ်ရပ်ကို ဖြတ်သန်းနေရကြောင်း ဝန်ကြီးချုပ် အိန်ဂျယ်လာ မာကဲလ်က မှတ်ချက်ပြုပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံတွင် လွန်ခဲ့သည့် ရက်သတ္တပတ်မှစ၍ နိုင်ငံတစ်ဝန်းတွင် ဈေးဆိုင်ငယ်များကို ပြန်လည် ဖွင့်လှစ်ခဲ့သည်။ ဗောက်စ်ဝေဂွန်ကုမ္ပဏီသည် ယင်း၏စက်ရုံများအနက် စက်ရုံတစ်ရုံကို ပြန်လည် ဖွင့်လှစ်ခဲ့သည်။ သို့ရာတွင် ကပွဲရုံများနှင့် စားသောက်ဆိုင်များကိုမူ ဆက်လက်ပိတ်ထားရဆဲဖြစ်သည်။

ဂျာမနီနိုင်ငံတွင် ဖြေလျှော့မှုအချို့ရှိခဲ့သည့်တိုင်အောင် ကပ်ရောဂါပိုးကူးစက်နှုန်းမှာ ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။ ပြည်သူများ နေအိမ်အတွင်းနေထိုင်ရန်၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရန် ကျန်းမာရေးပါရဂူများက ဆက်လက်တိုက်တွန်းထားသည်။

ဂျာမနီနိုင်ငံသည် စီးပွားရေးအကျပ်အတည်း ဖြစ်လတ္တံ့အချိန်တွင် ထိခိုက်မှုလျှော့ချရန် ကျယ်ကျယ်ပြန့်ပြန့် အစီအမံ အမျိုးမျိုးကို လျင်မြန်စွာ ဆောင်ရွက်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ကနဦးတွင် တုံ့ဆိုင်းနေသော်လည်း နိုင်ငံသားများထံ တိုက်ရိုက်ငွေသားထောက်ပံ့ခြင်းအပါအဝင် ဘက်စုံစီးပွားရေးနှိုးဆွမှု ပြုလုပ်ရန် စီစဉ်လျက်ရှိသည်။

ထိုင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှားကဲ့သို့ စီးပွားရေးထွန်းသစ်စနိုင်ငံများသည် စီးပွားရေးနှိုးဆွရေးအစီအမံများကို စီစဉ်ဆောင်ရွက်နေသည်။ သို့သော် စီးပွားရေးထွန်းသစ်စနိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းပါးဆုံးနိုင်ငံများသည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ ကိုယ်တိုင်လုပ်ငန်းရှင်အဖြစ် လုပ်ကိုင်ကြသောလုပ်ငန်းများနှင့် အလုပ်သမားများအတွက် ချမ်းသာသော နိုင်ငံများကဲ့သို့ လူမှုဖူလုံရေး လွှမ်းခြုံအစီအမံဆောင်ရွက်ပေးနိုင်သည့် ဘဏ္ဍာရေးအနေအထား မရှိကြပါ။

ယင်းအစီအမံများနှင့် လက်ငင်းဆောင်ရွက်ပေးနိုင်ခြေရှိသည့် အခြားအစီအမံများသည် စီးပွားရေးကျဆင်းမှုကို ရပ်တန့်စေရန် လုံလောက်မှု ရှိ၊ မရှိမှာ အကျပ်အတည်းကြောင့် ထိခိုက်ပျက်စီးမှု အတိုင်းအတာအပေါ် မူတည်သည်။ ယခင်က ကပ်ရောဂါများ ဖြစ်ပွားပြီးသောအခါ စီးပွားရေး ခေတ္တမျှ ရုတ်တရက်ကျဆင်းသော်လည်း လျင်မြန်စွာ ပြန်လည်ဖွံ့ဖြိုးလာမြဲဖြစ်သည်။ ကိုရိုနာအကျပ်အတည်းပြီးသောအခါ ဤသို့ဖြစ်မည် မဖြစ်မည်မှာ အကြောင်းအချက်အများအပြားပေါ်တွင် မူတည်သည်။ ကပ်ရောဂါ၏ ကာလကြာရှည်မှုသည်လည်း ယင်းအကြောင်းအချက်များအနက် တစ်ခုအပါအဝင်ဖြစ်သည်။

သို့ရာတွင် ပိုမို၍ စိုးရိမ်ပူပန်သင့်သော ကိစ္စရပ်မှာ ချည့်နဲ့နေသော ငွေကြေးစနစ်များအပေါ် ယခုအခါ ရိုက်ခတ်လျက်ရှိသည့် ထိခိုက်မှုများဖြစ်သည်။ စိုးရိမ်ပူပန်ဖွယ်ရာ ကာလရှည်ထိခိုက်မှုအလားအလာများ ပိုမို၍ အရှိန်မြင့်တက်နေသည်။

ကြွေးမြီ များပြား

အမေရိကန် လုပ်ငန်းစုများနှင့် အိမ်ထောင်စုများသည် ကြွေးမြီ များပြားလွန်းနေသည်။ တရုတ်နိုင်ငံတွင် စည်းမျဉ်းထိန်းချုပ်မှုမှ ကင်းလွတ်နေသောဘဏ်များ၊ အိမ်ခြံမြေလုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများနှင့် ပြည်နယ်အစိုးရများသည် ကြွေးမြီဝန်ထုပ်ဝန်ပိုးအောက်တွင် ရုန်းကန်လျက်ရှိသည်။

ဥရောပဘဏ်များသည် ယခင် ဘဏ္ဍာရေးအကျပ်အတည်းမှ ပြန်လည်နာလန် မထူသေးပါ။

အီတလီ စီးပွားရေးပြိုလဲသွားပါက ယူရိုငွေကြေးအကျပ်အတည်း နောက်ထပ်တစ်ဖန် ဖြစ်ပေါ်လာနိုင်သည်။ ရင်းနှီးမြှုပ်နှံသူများသည် အာမခံချက်ရှိသော အစိုးရငွေချေးစာချုပ်များအား အများအပြားဝယ်ယူနေခြင်းကို ကြည့်ပါက ဘဏ္ဍာရေးစနစ် ပြိုလဲသွားမည်ကို အထူးစိုးရိမ်ကြောင့်ကြမှု ရှိနေသည်။

ကိုရိုနာ အကျပ်အတည်းမှအစပြု၍ ကွင်းဆက်တုံ့ပြန်မှုများ ဖြစ်ပေါ်လာပြီး နောက်ဆုံး တစ်ကမ္ဘာလုံး ဘဏ္ဍာရေးအကျပ်အတည်း ဖြစ်လာနိုင်သည်။

၂၀၀၈ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်းနှင့် မတူညီသည့်အချက်မှာ ဤတစ်ကြိမ်တွင် ဗဟိုဘဏ်များလည်း မကယ်နိုင်သည့်အနေအထားဖြစ်သည်။

ယနေ့အထိ စီးပွားရေးအင်အားကြီးနိုင်ငံများအားလုံးတွင် အတိုးနှုန်းများမှာ သမိုင်းတစ်လျှောက် အနိမ့်ဆုံးအနေအထားအထိ လျှော့ချထားပြီးဖြစ်သည်။ သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စု၏ ဗဟိုဘဏ်သည် ငွေသားရှားပါးမှုကို ဖြေရှင်းပြီး ငွေဖော်နိုင်မှု (liquidity) တိုးမြှင့်စေရန် ဈေးကွက်အတွင်း တိုက်ရိုက်ဝင်ရောက်၍ repo transactions ဟုခေါ်သော အစိုးရငွေချေးစာချုပ်များကို ပြန်လည်ရောင်းချပေးရန် သဘောတူညီချက်ဖြင့် ဝယ်ယူလျက်ရှိသည်။

ဥရောပဗဟိုဘဏ်အကြီးအကဲအဖြစ် မကြာသေးမီကမှ တာဝန်ယူခဲ့သော ခရစ်စတင်းလာဂါ့ဒ်သည် အကျပ်အတည်းကို ဥရောပအနေဖြင့် တုံ့ပြန်ရာတွင် ကနဦး၌ ယောင်ဝါးဝါးဖြစ်နေခဲ့ရာ ယူရိုအုပ်စုတစ်ခုလုံး စုစည်းညီညွတ်မှုပြိုကွဲသွားနိုင်သည်ဟု ခန့်မှန်းတွေးဆချက်များပင် ပေါ်ပေါက်ခဲ့သည်။

သို့ရာတွင် ညှိနှိုင်းပေါင်းစပ် ကြားဝင်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးအင်အားကြီးနိုင်ငံများ၏ ဗဟိုဘဏ်များအားလုံးသည် ယခုအခါ ဈေးကွက်အတွင်း အကြောက်လွန်ခြင်းမဖြစ်စေရန် ဝိုင်းဝန်းရပ်တည်မည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ချ လက်တွေ့ဆောင်ရွက်ပြသပြီးဖြစ်သည်။

တိုက်ပွဲဝင်

ကမ္ဘာ့နိုင်ငံအသီးသီးသို့ ချင်းနင်းထိုးဖောက်ဝင်ရောက်တိုက်ခိုက်နေသော ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါဘေးမှ ပြည်သူတို့ ကင်းဝေးရလေအောင် အစိုးရအဖွဲ့များက ရသမျှအရင်းအမြစ်များကို အသုံးချကာ တိုက်ပွဲဝင်နေကြချိန်တွင် စက်ရုံ၊ အလုပ်ရုံများကို ယာယီပိတ်ထားရခြင်း၊ ကုန်စည်ထောက်ပံ့ပို့ဆောင်ရေး ရပ်တန့်သွားခြင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာအရ "ဝယ်လိုအား" ကျဆင်းသွားခြင်း စသည့်အကြောင်းတရားများအရ နိုင်ငံများမှာ စီးပွားရေးထိခိုက်ရလေသည်။

ဤရွေ့ဤမျှ ဤလောကကို ခြိမ်းခြောက်လွှမ်းခြုံခါနေသော ကိုရိုနာဗိုင်းရပ်စ်ပိုးကို အကြောင်းပြု၍ လူမှုရေး၊ စီးပွားရေးတို့အရ ဆုံးရှုံးနစ်နာမှု ကြီးမားစွာဖြစ်ပေါ်လာနိုင်အံ့သော မျက်မှောက်အခြေအနေတွင် "ကိုရိုနာဗိုင်းရပ်စ်" ကို ကမ္ဘာ့ဘုံရန်သူအဖြစ် သတ်မှတ်ကြလျက် နိုင်ငံတကာတွင် အစွမ်းကုန်ချေမှုန်းတိုက်ဖျက်နေကြသည့်တိုင်အောင် ကမ္ဘာ့မဟာအင်အားကြီးနိုင်ငံများပင်မကျန် ကြိုတင်မခန့်မှန်းနိုင်ခဲ့သော ဆိုးကျိုးသက်ရောက်မှုများအား အံကြိတ်ခံနေကြရဆဲဖြစ်ပုံကို ကျွန်ုပ်တွေးတောမိရင်း **"အဟုန်ပြင်း စွာရိုက်ခတ် ကိုရိုနာဗိုင်းရပ်စ်"** ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

ကမ္ဘာ့နိုင်ငံအသီးသီးသို့ ချင်းနင်းထိုးဖောက် ဝင်ရောက်တိုက်ခိုက်နေသော ကိုဗစ်-၁၉ ကူးစက်မြန် ရောဂါဘေးမှ ပြည်သူတို့ ကင်းဝေးရလေအောင် အစိုးရအဖွဲ့များက ရသမျှအရင်းအမြစ်များကို အသုံးချကာ တိုက်ပွဲဝင်နေကြချိန်တွင် စက်ရုံ၊ အလုပ်ရုံများကို ယာယီပိတ်ထားရခြင်း၊ ကုန်စည်ထောက်ပံ့ပို့ဆောင်ရေး ရပ်တန့်သွားခြင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာအရ "ဝယ်လိုအား" ကျဆင်းသွားခြင်း စသည့် အကြောင်းတရားများအရ နိုင်ငံများမှာ စီးပွားရေးထိခိုက်ရလေသည်.....

SOURCE:

1. How Covid-19 pandemic broke the system (By Marc Saxer) (library.fes.de)
2. Coronavirus on Reddit
3. Coronavirus on Businessinsider

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၉-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၉-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၈) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၈၅) ခု၊ စုစုပေါင်း (၂၇၃)ခုတွင် -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁)ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ (၉-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၇၈) ဦး ရှိပြီဖြစ်ပါသည်။

၃။ (၉-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၁) ဦး (Case- 143) ရှိခဲ့သဖြင့် စုစုပေါင်း (၆၈) ဦးရှိပြီး ၎င်းတို့အနက် (၄၆) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၈-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၉-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၅၆) ဦး ရှိပါသည်။

ဇယား -၁

COVID-19 ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၉-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

လူနာအမှတ်စဉ်	အသက်	ကျား/မ	နေထိုင်ခဲ့သည့်လိပ်စာ	COVID-19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု	ပြည်ပသို့ ခရီးသွားလာခဲ့ခြင်း ရှိ/မရှိ	ယခု ဆေးကုသမှုခံယူနေသည့် / ခံယူခဲ့သည့် ဆေးရုံ	COVID-19 ဓာတ်ခွဲ အဖြေ	မှတ်ချက်
178	၃၃ နှစ်	မ	[illegible]	ရှိ (Case -88)	မရှိပါ	[illegible]	တွေ့ရှိ	[illegible]

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၉-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၉-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၈၈) ခု
(၉-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၈၅) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၁) ဦး

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၉-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၁) ဦး	(၁၇၈) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၁) ဦး	(၆၈) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

နေပြည်တော် မေ ၉

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း(၄၃)ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေး ရှမ်းပြည်နယ်လွှတ်တော်၌ ဆေးဖျန်း

တောင်ကြီး မေ ၉

ရှမ်းပြည်နယ်လွှတ်တော်ရုံးကို ယနေ့ နံနက် ၉ နာရီတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေး ဆေးဖျန်းခြင်းများ ဆောင်ရွက်သည်။

အဆိုပါ ဆေးဖျန်းခြင်းလုပ်ငန်းကို ပြည်နယ်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်မင်း ဦးဆောင်ကြီးကြပ်၍ တိုင်းဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမြင့်သန်း ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ကာ မီးသတ်ယာဉ် သုံးစီး၊ ကွပ်ကဲမှုယာဉ် တစ်စီးတို့ဖြင့် ရှမ်းပြည်နယ် လွှတ်တော်ရုံး အတွင်း၊ အပြင်၊ ရှမ်းပြည်နယ်လွှတ်တော် ညှော့ရိပ်သာ၊ ပင်မကျားခေါင်းခန်းမ၊ ရှမ်းပြည်နယ် လွှတ်တော်ခန်းမ၊ ရုံးပရဝဏ် အတွင်း၊ အပြင်နှင့် ရုံးပရဝဏ် ပတ်လမ်းတစ်လျှောက် ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

COVID-19 ကူးစက်ရောဂါဖြစ်ပေါ်နေချိန် မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ သတိပြုလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးပန်ကြားခြင်း

- မြန်မာနိုင်ငံတွင် မုန်တိုင်းအဖြစ်များသောကာလမှာ မိုးဦးကာလနှင့် မိုးနှောင်းကာလတို့ဖြစ်ရာ ယခု COVID-19 ကူးစက်ရောဂါ ဖြစ်ပွားနေချိန်တွင် ရာသီကာလအလိုက်ဖြစ်ပွားတတ်သည့် သဘာဝဘေး အန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများကို ပိုမိုသတိပြုဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် COVID-19 ကူးစက်ရောဂါဖြစ်ပွားစဉ်ကာလတွင် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ စီမံခန့်ခွဲဆောင်ရွက်ရာ၌ COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကိုလည်း ပေါင်းစပ်ထည့်သွင်းပြီး ကြိုတင်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
- ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့မုန်တိုင်းဖြစ်ပေါ်နိုင်သည့်ရာသီကာလတွင် မိသားစုအလိုက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရာ၌ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကိုလည်း မမေ့မလျော့ထည့်သွင်းဆောင်ရွက်နိုင်ပါရန်နှင့် အောက်ပါအတိုင်း သတိပြုနေထိုင်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်-
  - မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပါ။ မိမိ၏ အိမ်နီးချင်းများကိုလည်း အသိပေးနှိုးဆော်ပါ။
  - အိမ်ပေါ်သို့ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။
  - COVID-19 ကူးစက်ရောဂါဖြစ်ပွားနေချိန်ဖြစ်သဖြင့် တတ်နိုင်ပါက မိမိအိမ်၌သာ ခိုလှုံနေထိုင်နိုင်ရေးအတွက်နေအိမ်အဆောက်အဦများအား လေဒဏ်၊ မိုးဒဏ်ခံနိုင်စေရန် ကြိုတင်ပြင်ဆင်ပါ။
  - မိမိနေအိမ်သည် လုံခြုံမှုမရှိနိုင်ဟုယူဆပါက မိသားစုများ အရေးပေါ်ပြောင်းရွှေ့ရန် ဘေးလွတ်ကင်းသည့်နေရာ ကြိုတင်ရွေးချယ်ထားပါ။ အဆိုပါနေရာတွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၃)ပေ အကွာ နေနိုင်ရေးဆောင်ရွက်ပါ။ ဆပ်ပြာ၊ လက်သန့်ဆေးရည်၊ မျက်နှာနှင့် နှာခေါင်းစည်းများ ကြိုတင်စုဆောင်းယူဆောင်သွားပါ။ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါ။
  - မိမိအစီအစဉ်ဖြင့် ပြောင်းရွှေ့မည့်နေရာ မရရှိနိုင်ပါက ဒေသရှိ တာဝန်ရှိဌာန၊ အဖွဲ့အစည်းများ၏ စီမံဆောင်ရွက်မှုကို လိုက်နာဆောင်ရွက်ပါ။
  - ကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းနှင့်အတူ မုန်တိုင်းဒီရေတက်ရောက်နိုင်ကြောင်း၊ ကုန်းတွင်းပိုင်းဒေသများသည် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းရာမှ လျှပ်တစ်ပြက်ရေကြီးမှုများ ဖြစ်ပေါ်နိုင်ကြောင်း အထူးသတိပြုနေထိုင်ပါ။
  - လှေများ၊ အသက်ကယ်ဘောကွင်းများ၊ Life Jacket များနှင့် ရေလုံသော ပလတ်စတစ်ပုံးများ ကြိုတင်စုဆောင်းပါ။
  - မိသားစုအလိုက် (၁)ပတ်စာခန့် အရေးပေါ်အသင့်စားအစားအစာများ၊ ဆေးဝါး၊ သောက်ရေများ ကြိုတင်စုဆောင်းထားပါ။
  - မိသားစုများ တကွဲတပြားစီဖြစ်သွားပါက ပြန်လည်ဆုံတွေ့နိုင်မည့် နေရာကို ကြိုတင်သတ်မှတ်ထား၍ မိသားစုဝင်အားလုံးသိရှိပါစေ။
  - လေပြင်းတိုက်ခတ်မှုများ၊ မိုးရွာသွန်းမှုများ၊ လျှပ်စီးလက်ခြင်းနှင့် မိုးခြိမ်းခြင်းများဖြစ်ပွားနေချိန်တွင် ဖုန်းများကိုအသုံးမပြုပါနှင့်။
- ပြည်သူလူထုအနေဖြင့် COVID-19 ကူးစက်ရောဂါဖြစ်ပွားနေချိန် ယခုကာလတွင် မုန်တိုင်းဘေး၊ ရေဘေးအန္တရာယ်များ ဖြစ်ပွားနိုင်သည်ကိုလည်း ကြိုတင်သတိပြုနိုင်ပါရန်၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များကို အလေးထားဂရုပြုနားထောင်ရန်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့လည်း ဆက်သွယ်သတင်းယူခြင်း၊ အကူအညီတောင်းခံနိုင်ခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ကော့သောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသွားအလာကန့်သတ်စောင့်ကြည့်စခန်းအား ပိုးသတ်ဆေးဖျန်း

ကော့သောင်း မေ ၉

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ကော့သောင်းမြို့ ရွှေမင်းဝံအထက်တန်းကျောင်း(ခွဲ)တွင် ဖွင့်လှစ်ထားသည့် အသွားအလာကန့်သတ်စောင့်ကြည့်စခန်းအား ယနေ့ နံနက်ပိုင်းက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကော့သောင်းမြို့နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကာကွယ်ထိန်းချုပ်နိုင်ရေး ရောဂါဖြစ်ပေါ်လာမှု ရှိ၊ မရှိ စောင့်ကြည့်သူများကိုထားရှိသည့်စခန်းများ ကူးစက်ဖြစ်ပွားမှုမဖြစ်ပေါ်စေရေးရည်ရွယ်ကာ ကြိုတင်ကာကွယ်သည့်အနေဖြင့် နယ်မြေခံတပ်နယ်နှင့် အမှတ်(၁၃) ခုတင် ၁၀၀ တပ်မတော်ဆေးရုံ ဆေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကန့်သတ်စောင့်ကြည့်စခန်းများအား ပိုးသတ်ဆေးဖျန်းပေးခဲ့ကြကြောင်း သိရသည်။

ကော့သောင်းမြို့ပေါ်တွင် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ စောင့်ကြည့်ရေး ကန့်သတ်စောင့်ကြည့် စခန်းလေးခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့်အနက် ယခု ရွှေမင်းဝံအထက်တန်းကျောင်း(ခွဲ)တွင် ဖွင့်လှစ်ထားသည့် အသွားအလာကန့်သတ်စောင့်ကြည့်စခန်းတွင် ပြည်သူ ၅၀ ကျော်ကို စောင့်ကြည့်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ရောဂါကူးစက်မှုထိန်းချုပ်နိုင်ရေး စခန်းအတွင်း အိပ်ဆောင်များ၊ အိမ်သာနှင့် ခြံဝင်းအတွင်းအပြင် အနှံ့ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

မော်လမြိုင်ကျွန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

မော်လမြိုင်ကျွန်း မေ ၉

လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေးကော်မတီ၊ သတင်းနှင့် ပြန်ကြားရေး ဆပ်ကော်မတီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်လူမှု ဝန်ထမ်းဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီ အသင်းတို့ပူးပေါင်း၍ ယနေ့ နံနက် ၇ နာရီမှ စတင်ကာ ပြည်သူများ အသိပညာဗဟုသုတ များရရှိစေရန် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာချက်များအား လှည့်လည်ကြေညာခြင်း၊ လက်ကမ်းစာစောင် များဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိလူစည်ကားရာ ဆိပ်ကမ်းသာ ဈေး၊ အောင်သာယာဈေးနှင့် မြို့တွင်းလမ်း တစ်လျှောက်သို့လှည့်လည်၍ ကိုဗစ်–၁၉ ရောဂါနှင့်သက်ဆိုင်သည့် ကြေညာချက်များ၊ မြို့နယ်ကော်မတီမှ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသည့် ပြည်သူများနှင့် အသွားအလာ ကန့်သတ်စောင့်ကြည့်စခန်း ဝင်ရောက်ရမည့်ကိစ္စရပ်များအား လှည့်လည် ကြေညာပေးခြင်း၊ ကျန်းမာရေးအသိပညာပေး ပိုစတာများ ချိတ်ဆွဲပြသထားရှိပေးခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်အောင်(ပြန်/ဆက်)

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စည်းကမ်းများကို လိုက်နာစို့

ကိုရီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများအား ကန့်သတ်စောင့်ကြည့်ရန် လှည်းကူးမြို့နယ် ဓမ္မရံသီမိုးကုတ်ရိပ်သာကျောင်းတိုက်သို့ ပို့ဆောင်

လှည်းကူး မေ ၉

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရန်ကုန်–နေပြည်တော် အမြန်လမ်းမကြီး တိုးဂိတ်အနီးရှိ ဓမ္မရံသီမိုးကုတ်ရိပ်သာကျောင်းတိုက်သို့ ကိုရီးယားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား ၂၁ ရက် စောင့်ကြည့်ရန် ယနေ့နံနက်ပိုင်းက ပို့ဆောင်ထားရှိကြောင်း သိရသည်။

အဆိုပါ ကိုရီးယားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား အမျိုးသား ၉၆ ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၉၇ ဦးတို့အား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်နှင့် ကျန်းမာရေးအခြေအနေအား ၂၁ ရက် စောင့်ကြည့်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အဆိုပါကျောင်းတိုက်သို့ ပို့ဆောင်ထားရှိခြင်းဖြစ်ကြောင်း သိရသည်။

နိုင်လင်း (လှည်းကူး)

ညောင်ရွှေမြို့နယ်၌ ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ညောင်ရွှေ မေ ၉

ကိုဗစ်–၁၉ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ညောင်ရွှေမြို့နယ်အတွင်း အဓိကဝင်ရောက်နိုင်သည့် နေရာခြောက်ခုတွင် ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း နံနက် ၇ နာရီမှစတင်၍ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းပရဟိတအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့များသည် မြို့နယ်အတွင်း အဓိကဝင်ရောက်နိုင်သည့်နေရာများဖြစ်သည့် မြို့အဝင်(ရွှေညောင်)၊ မြို့အဝင် (အေးသာယာ)၊ ပေါင်းပိုင်း (တောင်ပို့ကြီး)လမ်း၊ ကျွန်းတောင်–ကျောက်တလုံးလမ်း၊ မော်ဘီအဝိုင်းပတ်လမ်းဆုံ၊ အင်းတိန်–အောင်ပန်းလမ်းနေရာတို့တွင် နေ့စဉ်ဝင်ရောက်လာသူများကို ကိုယ်အပူချိန်တိုင်းတာ၍ ကျန်းမာရေးစစ်ဆေးခြင်း၊ နှာခေါင်းစည်းများတပ်ဆင်၍ သွားလာကြစေရေးအတွက် အသိပညာပေးခြင်း၊ ရပ်ဝေးမှ ဝင်ရောက်လာသည့် ပြည်သူများအား စနစ်တကျမှတ်တမ်းကောက်ယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေမျိုးသူရိန်

IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်း နေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့် စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီ အသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင် နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- ❖ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့် ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- ❖ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- ❖ စခန်းများတွင် နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- ❖ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- ❖ အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့် နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံးဝ (လုံးဝ) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို နေ့စဉ် သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- ❖ စခန်းတွင်းသို့ပြင်ပမှဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ်(SMS)ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- ❖ COVID–19 ရောဂါလက္ခဏာများတွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်းလုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- ❖ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတလူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- ❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော် ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

(က)	မြန်မာ့စီးပွားရေးဘဏ်	–	မြန်မာကျပ်ငွေစာရင်းအမှတ်	–	CF 004880
			နိုင်ငံခြားငွေစာရင်းအမှတ်	–	EDN 600010
(ခ)	ကမ္ဘောဇဘဏ်	–	မြန်မာကျပ်ငွေစာရင်းအမှတ်	–	034 103 034 0232 8301
			နိုင်ငံခြားငွေစာရင်းအမှတ်	–	034 109 034 0232 8301
(ဂ)	ရေဝတီဘဏ်	–	မြန်မာကျပ်ငွေစာရင်းအမှတ်	–	A/C 000 110 501 002 5635
			နိုင်ငံခြားငွေစာရင်းအမှတ်	–	A/C 000 110 503 000 0425
(ဃ)	CB ဘဏ်	–	မြန်မာကျပ်ငွေစာရင်းအမှတ်	–	0093 1005 0000 1333
			နိုင်ငံခြားငွေစာရင်းအမှတ်	–	0093 1012 0000 2957

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီ

ကျိုက်ဒုံမြို့၌ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

ကျိုက်ဒုံ မေ ၉

ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီး ဦးမင်းကိုခိုင် ဦးဆောင်သောအဖွဲ့သည် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံမြို့ တိုက်နယ်ဆေးရုံတွင် ယနေ့ မွန်းတည့် ၁၂ နာရီက ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ရာ ကျိုက်ဒုံမြို့ အုပ်ချုပ်ရေးမှူး ဦးမင်းဇော်နှင့် တိုက်နယ်ဆရာဝန် ဒေါက်တာမန်းမင်းနိုင်ဦးတို့က လက်ခံပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါကာကွယ်ရေးပစ္စည်းများမှာ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၀ စုံ၊ Surgical Gown ငါးခု၊ နှာခေါင်းစည်း အခု ၅၀၀၊ လက်အိတ် တစ်ဘူး၊ လက်သန့်ဆေးရည် ၅၀၀ မီလီ ငါးဘူးနှင့် ၂၀ လီတာ တစ်ဘူး၊ အရက်ပြန် ၁၀၀ မီလီ ဘူး ၃၀၊ အပူချိန်တိုင်းကိရိယာ တစ်ခု၊ ကာဘော်လစ်ဆပ်ပြာ ၁၀ တောင့်တို့ ပါဝင်ပြီး ၎င်းပစ္စည်းများကို ကိုဗစ်–၁၉ ရောဂါ ကြိုတင် ကာကွယ်၊ ထိန်းချုပ်နိုင်စေရေးအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လှူဒါန်းခဲ့ကြောင်း သိရသည်။

သန်းထွန်းနိုင်(ပြန်/ဆက်)

ဟိုပုံးမြို့၌ ချည်သားပိတ်စဖြင့် ချုပ်လုပ်ထားသော နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

ဟိုပုံး မေ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့က ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးကာလအတွင်း ဒေသခံပြည်သူများအတွက် ပြည်တွင်းဖြစ် တန်ဖိုးနည်း နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေရန် ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ချုပ်လုပ်ပြီး ဟိုပုံးမြို့ ယာယီဈေးတွင် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါနှာခေါင်းစည်းများကို ဟိုပုံးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့က ချည်သားပိတ်စများဖြင့် စနစ်တကျချုပ်လုပ်ပြီး ဒေသတွင်း အခြေခံလူတန်းစားများ၊ ဈေးရောင်း/ဈေးဝယ်သူများအား အပြင်ထွက်လျှင် နှာခေါင်းစည်းတပ်ဆင်ရန်နှင့် ကိုဗစ်–၁၉ ရောဂါကို ကာကွယ်နိုင်ရန်အတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာဝင့်က ပြောကြားသည်။

နေမင်းထွန်း(ဟိုပုံး)

သရက်မြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

သရက် မေ ၉

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါကူးစက်မှုမရှိစေရေးအတွက် မြို့ဝင်ဂိတ်များတွင် စစ်ဆေးရေးဂိတ် နှစ်ဂိတ်ထားရှိပြီး စစ်ဆေးဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၈ နာရီက စစ်ဆေးရေးအနောက်ဂိတ်တွင် ခရီးသွားများအား သွားရောက်မည့်ခရီးစဉ်များ မေးမြန်းခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်ရေး အသိပညာပေးခြင်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါအသိပညာပေးခြင်း ဆောင်ရွက်ရာတွင် ပြည်သူများအား ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး နှာခေါင်းစည်းများတပ်ဆင်ပြီးမှ သွားလာကြရန်နှင့် မကြာခဏ လက်ဆေးခြင်းများ ဆောင်ရွက်ကြရန် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

မြို့ဝင်စစ်ဆေးရေးဂိတ်တွင် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ စာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ နေ့စဉ် ပူးပေါင်းပါဝင်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်ထက်(သရက်)

ကိုရိုနာဗိုင်းရပ်စ် (COVID- 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ဆန်၊ ဆီနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ဟားခါး မေ ၉

ချင်းပြည်နယ်အတွင်းရှိ ပြည်သူများ စားနပ်ရိက္ခာဖူလုံမှု ရှိစေရေးအတွက် မြန်မာကိုင်ဒိုကုမ္ပဏီမှ ဆန်အိတ်များ၊ ဆီဘူးများနှင့် အလှူငွေများ ပေးအပ်ခြင်းနှင့် ပလက်ဝ မြို့နယ် တိုက်ပွဲရှောင်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ချင်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း စားနပ်ရိက္ခာ ဖူလုံမှုရှိစေရေးအတွက် ဆန်အိတ် ၃၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်ကလည်းကောင်း၊ ချင်းပြည်နယ် တောင်တန်းသာသနာပြုအဖွဲ့ သံဃာတော်များနှင့် သီလရှင်များအတွက် ဆန်အိတ် ၂၀၀ နှင့် ဆီနှစ်လီတာဘူး ၆၆ ဘူး၊ မင်းတပ်မြို့နယ် တောင်တန်းသာသနာပြုကျောင်းများအတွက် ဆန်အိတ် ၃၅၀ နှင့် ဆီနှစ်လီတာဘူး ၁၅၄ ဘူး၊ ဟားခါးမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးရုံသုံးပစ္စည်းများဖြစ်သော Surgical Mask ၁၀၀၀၊ Glove ၂၀၀၀၊ Thermometer သုံးခု၊ Air Set(Oxygen Concentrator)တစ်ခု၊ Suction Machine တစ်ခုတို့ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်ကလည်းကောင်း လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ ချင်းပြည်နယ် ပလက်ဝမြို့နယ် တိုက်ပွဲရှောင်ပြည်သူများအတွက် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်နှင့် ပြည်နယ်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးရုံးများရှိ အလှူရှင်များမှ အလှူငွေ ကျပ် ၂၅ သိန်းကို ပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်က ပေးအပ်လှူဒါန်းရာ ချင်းပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြင့်နိုင်စိုး (ပြန်/ဆက်)

ပဲခူးတွင် Surgical Gown ဝတ်စုံ ၂၀၀၀ လှူဒါန်း

ပဲခူး မေ ၉

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမသို့ ယမန်နေ့ မွန်းလွဲ ၂ နာရီက ပဲခူးမြို့ ပြည်ပစက်မှုနယ်မြေရှိ KM Healthcare Myanmar Co., Ltd မှ Surgical Gown ဝတ်စုံ ၂၀၀၀ လာရောက်လှူဒါန်းခဲ့သည်။

ထို့နောက် KM Healthcare Myanmar Co., Ltd မှ MD. Mr. Lee Dea Chun နှင့် တာဝန်ရှိသူများက Surgical Gown ဝတ်စုံ ၂၀၀၀ ကို ပေးအပ်ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က Surgical Gown ဝတ်စုံများ ထောက်ပံ့လှူဒါန်း ပေးခြင်းအပေါ် အထူးကျေးဇူး တင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဦးအောင်ဇော်မိုးနှင့် ဒေါ်တာနီနီကျော် မိသားစုတို့ကလည်း တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်စိုး

(ပဲခူး)

လပွတ္တာမြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဆောင်ရွက်ချက်များ ကြည့်ရှုစစ်ဆေး

လပွတ္တာ မေ ၉

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့မွန်းတည့် ၁၂ နာရီက လပွတ္တာမြို့အဝင် လေးမိုင်စစ်ဆေးရေးဂိတ်၌ လပွတ္တာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

မြို့ဝင်စစ်ဆေးရေးဂိတ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများနှင့် စေတနာ့ဝန်ထမ်းများ၏ အခြေအနေ၊ တာဝန်ချထားမှုအခြေအနေများ ကြည့်ရှုစစ်ဆေးပြီး လက်ရှိ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ မြို့နယ်အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ဆောင်ရွက်ချက်များအပေါ် ကုသခြင်းထက် ကာကွယ်ခြင်းက ပိုမိုထိရောက်ကောင်းမွန်ကြောင်းဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကိုဗစ်-၉ ရောဂါကာကွယ်ရေးလုပ်ငန်းတွင် အသုံးပြုရန် နှာခေါင်းစည်း၊ လက်အိတ်များ၊ လက်သန့်ဆေးရည်၊ ဖုန်းဆင်းကတ်နှင့် ဖုန်းငွေဖြည့်ကတ်များ ပေးအပ်လှူဒါန်းသွားကြောင်း သိရသည်။

ထို့နောက် လပွတ္တာမြို့သစ် အထက (၃) မိုင်ကျောင်း၊ အိမ်တွင်းမှုသင်တန်းကျောင်းနှင့် စက်မှုလက်မှုသင်တန်းတို့တွင် ကန့်သတ်စောင့်ကြည့်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **ဝင်းကျော်မြင့်(ပြန်/ဆက်)**

ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး လွိုင်ကော်တွင် ကျင်းပ

လွိုင်ကော် မေ ၉

ကယားပြည်နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၂၀) ကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက မေ ၁၅ ရက်အထိ ကန့်သတ်ထားသည့်အတိုင်း ယင်းကာလ တိုင်အောင် သတိ၊ အသိများနှင့် ယှဉ်တွဲနေထိုင်ရန်ဖြစ်ပြီး အားလုံးမပေါ့ဆစေလိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်းသည့် စည်းမျဉ်းထုတ်ပြန်ချက်များကို လိုက်နာရမည်ဖြစ်ကြောင်း၊ ကန့်သတ်ထားသည့်ရက်သည် အနည်းငယ်သာကျန်ရှိကြောင်း၊ ပေါ့ဆနေ၍ မရကြောင်း၊ အလားတူ ကန့်သတ်စောင့်ကြည့်နေရာများတွင် အစားအသောက်များ အဆင်ပြေအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ လှူဒါန်းမှုများနှင့်စပ်လျဉ်း၍ သတ်မှတ်ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူးများအနေနှင့်လည်း မိမိတို့ခရိုင်များအတွင်း ကိုဗစ်- ၁၉ ရောဂါလုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း အခက်အခဲများ၊ လိုအပ်ချက်များကို တင်ပြပေးရန်ဖြစ်ကြောင်း၊ အလားတူ ကျန်းမာရေးဌာန တာဝန်ရှိသူများအနေဖြင့်လည်း ကန့်သတ်စောင့်ကြည့်နေရာများနှင့် ကျန်းမာရေးဌာနများတွင် လိုအပ်ချက်များ၊ဖြည့်ဆည်းပေးရန်အချက်များ၊ အခက်အခဲများကို တင်ပြပေးရန်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးက ကော်မတီပြင်ဆင်ဖွဲ့စည်းပြီး ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများဆောင်ရွက်နေသည့် အခြေအနေများ၊ အလှူဒါနများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများအား မူဝါဒနှင့်အညီဖြစ်ရေး ဆောင်ရွက်သင့်သည့်အခြေအနေများ၊ ပေါင်းစပ်ဆောင်ရွက်ရန်နှင့် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများအား အသေးစိတ် ဆွေးနွေးသည်။

ထွန်းလေး(ပြန်/ဆက်)

Facility Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက် ဆောင်ရွက်သွားရေး လိုက်နာဆောင်ရွက်ရန် အသိပေးထုတ်ပြန်ခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ လာရောက်သည့် ခရီးသည်များနှင့် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့သူများထံမှ အခြားသူများသို့ ရောဂါကူးစက်မှုမရှိစေရေး အတွက် လက်ရှိတွင် Facility Quarantine (၁၄)ရက်အား ထားရှိပြီးပါက မိမိနေအိမ်သို့ ပြန်လည်သွားရောက်မည့်သူများအတွက် နောက်ထပ်(၁၄)ရက် နေအိမ်တွင်သီးခြားနေထိုင်ရန် အကြံပြုတိုက်တွန်းချက်များ ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၂။ COVID-19 ရောဂါရှိသူများမှ ရောဂါပိုးစွန့်ထုတ်သည့်ကာလမှာ ရောဂါလက္ခဏာမပြမီ (၂) ရက်မှ ရောဂါလက္ခဏာပြပြီး (၂၈)ရက်အထိရှိကြောင်း နှင့် အဆိုပါကာလအတွင်း အခြားသူများသို့ ရောဂါကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပြုလုပ်ခဲ့သည့် သုတေသနစာတမ်းများအရ Quarantine (၂၁)ရက် တိတိကျကျနှင့် စနစ်တကျထားရှိပါက ရောဂါကူးစက်မှုအား (၉၈.၇%)အထိ ထိန်းချုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည့်အပြင် ဒေသတွင်းနိုင်ငံအချို့တွင်လည်း Quarantine ကာလအား ဆေးရုံ/သတ်မှတ်နေရာများတွင် နေထိုင်ရမည့်ကာလနှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်းကာလ စုစုပေါင်းအား (၂၈)ရက်အထိ သတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် အထက်ပါ Quarantine (၂၈)ရက်ထားရှိမှုများအား ဓာတ်ခွဲစစ်ဆေးမှုအကန့်အသတ်ဖြင့် ဆောင်ရွက်နိုင်သည့်နိုင်ငံများတွင် ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

၃။ လက်ရှိအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၁၇၈) ဦးအနက် နိုင်ငံတကာမှ ပြန်လည်ရောက်ရှိလာသည့် ခရီးသွားများ (Imported cases) များ၊ ၎င်းတို့နှင့် အနီးကပ်ထိတွေ့သူများတွင်သာ အဓိကကူးစက်ရောဂါ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဓာတ်ခွဲစစ်ဆေးချက်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် Contact Tracing ဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်များအရ အချို့သော Confirmed လူနာများနှင့် အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်းပြီးစီးသည့် နောက် (၁၄)ရက်ကျော်သည်အထိ လူအချို့တွင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ ရောဂါပိုး ဆက်လက်တွေ့ရှိနေသေးကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်၍ နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုအား ထိန်းချုပ်ရေးဆောင်ရွက်ရာတွင် သေချာမှုရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ယခင် Facility Quarantine အသွားအလာ ပိတ်ပင်ကန့်သတ်ခြင်း (၁၄)ရက်ကာလအစား ယခု Community Based Facility Quarantine/ Hotel Quarantine (၂၁)ရက်နှင့် မိမိနေအိမ်တွင် သီးခြားနေထိုင်ခြင်း Home Quarantine ကာလ (၇)ရက်၊ စုစုပေါင်း (၂၈)ရက် ဆောင်ရွက်သွားကြပါရန် အသိပေးထုတ်ပြန်အပ်ပါသည်။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်အတွင်း လူပြန်ပေးဆွဲမှု နှစ်မှုနှင့် လူသတ်ရန် အားထုတ်မှု ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိ

တာချီလိတ် မေ ၉
ရှမ်းပြည်နယ် တာချီလိတ်မြို့နယ် မယ်ယမ်းကျေးရွာနေ ဒေါ်အိခက်သည် ဇန်နဝါရီ ၁၇ ရက် နံနက် ၇ နာရီခွဲက နေအိမ်အပေါ်ထပ်၌ အိပ်နေစဉ် လျှာထိုးဦးထုပ်များ ကိုယ်စီဆောင်းထားကြပြီး ပါးစပ်တွင် အနက်ရောင်နှာခေါင်းစည်းများ တပ်ဆင်ထားသည့် လူလေးဦးက နေအိမ်သို့ ဝင်ရောက်၍ ၎င်းတို့စီးလာသော Crown အမျိုးအစား အဖြူရောင်ယာဉ်ပေါ်သို့ အတင်းအဓမ္မခေါ်ဆောင်သွားသဖြင့် ခင်ပွန်းဖြစ်သူ ဦးဟိုက်တိုင်က တိုင်တန်းမှုကြောင့် တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း။

ဧပြီ ၄ ရက် နံနက် ၁၁ နာရီတွင် တာချီလိတ်မြို့နယ် ဆီလီဝေါက်ကျေးရွာနေ ကိုစိုင်းအောင်ခမ်းအား လူတစ်စုက ပြန်ပေးဆွဲခေါ်ဆောင်သွားပြီး ဘတ် ၁၀၅ သိန်းပေး၍ ပြန်လွှတ်ပေးခဲ့သော်လည်း တာချီလိတ်မြို့ မယ်ယမ်းနှင့် ဝမ်စောက်ခုံကြားရှိ ကားလမ်းဘေးတွင် သေနတ်ဖြင့် လိုက်လံပစ်ခတ်ခံရကာ ကျည်မထွက်၍ လွတ်မြောက်ခဲ့ကြောင်း။

အထက်ပါသတင်းအရ တာချီလိတ်မြို့ နယ်ရဲတပ်ဖွဲ့မှ စုံစမ်းဖော်ထုတ်ဆောင်ရွက်ခဲ့ပြီး မိုင်းဖြတ်မြို့နယ် ဟိုခန့်ကျေးရွာနေ ဦးအင်းရှဲန်(မိ)၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ PAJERO-IO အဖြူရောင်ယာဉ်တစ်စီးနှင့် ၎င်းပိုင်ရော်ဘာခြံအတွင်း လူနေအိမ်အောက်ထပ် ခုတင်ပေါ်ရှိ ခေါင်းအုံးအောက်မှ လက်လုပ်သေနတ်တစ်လက်၊ ခြောက်လုံးပြူး ဂက်စ်သေနတ်တစ်လက်၊ ပွိုင့် ၃၈ ဘို့ကျည်လေးတောင့်၊ M 22 ကျည်အိမ်တစ်ခု၊ ၇.၆၂ ကျည် ၂၇ တောင့်နှင့် ဆိုင်ကယ်တစ်စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း။

အမှုမှ ကွင်းဆက်ပြစ်မှုကျူးလွန်သူ စိုင်းကာခမ်းအား တာချီလိတ်မြို့ ဆန်ဆိုင်း(က) ရပ်ကွက် သစ္စာလမ်းမပေါ်တွင် Crown အဖြူရောင်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ စိုင်းရှဲန်မိုင်း(ခ)အိုက်ဟန်(မိ)၊ အိုက်တွီး(မမိ)၊ အိုက်မွန်း(မမိ)တို့နှင့်အတူ ဒေါ်အိခက်အား Crown ယာဉ်နှစ်စီးဖြင့် မိုင်းယုမြို့နယ် ဝမ်ကျိုင်းရွာအနီး ရော်ဘာခြံရှိအိုက်မား(ခ)စိုင်းမား(မိ)၏ တဲသို့ခေါ်ဆောင်ကာ ဒေါ်အိခက်၏မောင်ထံမှ ဘတ်ငွေသိန်း ၁၉၀ တောင်းခံရာ ဘတ်ငွေ ၁၂ သိန်းရရှိခဲ့ကြောင်းနှင့် စိုင်းရှဲန်မိုင်း (ခ) အိုက်ဟန်က ဘတ်ငွေ ခြောက်သိန်းရယူကာ လက်နက်ခဲယမ်းများနှင့် Crown ယာဉ်တစ်စီးတို့ ဝယ်ယူပြီး အင်းရှဲန်(ခ)လုံးရှဲန်၏ တောင်ကုန်းတဲတွင် ထားရှိခဲ့ကြောင်း။

သို့ဖြစ်၍ ပြစ်မှုကျူးလွန်သူ စိုင်းကာခမ်း(မိ)၊ စိုင်းရှဲန်မိုင်း(ခ)အိုက်ဟန်(မိ)၊ အိုက်တွီး (မမိ)၊ အိုက်မွန်း(မမိ)တို့ လေးဦးသည် ကိုစိုင်းအောင်ခမ်းအား ပြန်ပေးဆွဲခေါ်ဆောင်သွားကာ ဘတ်ငွေ ၁၀၅ သိန်း တောင်းခံပြီး ကိုစိုင်းအောင်ခမ်းနှင့် ၎င်း၏မိခင်ဖြစ်သူ ဒေါ်နန်းရှဲန်အွန်အား သေနတ်ဖြင့် လိုက်လံပစ်ခတ်ခဲ့သဖြင့် ၎င်းတို့အား တာချီလိတ်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း၊ အထက်ပါပြစ်မှုကျူးလွန်သူ လေးဦးသည် တာချီလိတ်မြို့မရဲစခန်းမှ အမှုကိုလည်း ပြစ်မှုကျူးလွန်ခဲ့သူများဖြစ်သည်ကို ဖော်ထုတ်ရရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်

ဘုတလင်မြို့နယ် စီပါကျေးရွာတွင် မီးလောင်မှုဖြစ် နေအိမ် လေးလုံး၊ အခြားအဆောက်အအုံနှင့် ပစ္စည်းများ မီးလောင်ဆုံးရှုံး

ဘုတလင် မေ ၉
စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် စီပါကျေးရွာတွင် ယနေ့ နံနက် ၄ နာရီ ၅မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားရာ နေအိမ်လေးလုံး၊ အခြားအဆောက်အုံနှင့် ပစ္စည်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စီပါကျေးရွာတွင် ဦးကျောက်ရင်၏ နေအိမ်ရှိ မြေစိုက်မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးဖိုချောင်ထရံသို့ မီးကူးစက်လောင်ခဲ့ရာမှ ဦးကျောက်ရင်၏ နေအိမ်တစ်လုံး၊ နွားစာတဲ တစ်လုံး၊ မီးဖိုချောင်တစ်လုံး၊ ဆိုင်ကယ်တစ်စီး၊ နွားလှည်းတစ်စီး၊ ဦးသန်းဌေး၏ နေအိမ်တစ်လုံး၊ နွားစာတဲတစ်လုံး၊ ရေစုပ်စက်တစ်လုံး၊ စက်ဘီးနှစ်စီး၊ ဦးပြေညွန့်၏ နေအိမ်တစ်လုံး၊ နွားစာတဲတစ်လုံး၊ ဈေးဆိုင်တစ်ဆိုင်၊ စက်ဘီးလေးစီး၊ အိမ်ဆောက်ရန် စုဆောင်းထားသော သစ်ခွဲသားနှစ်တန်၊ ဦးသန်းခိုင်၏ စပါးကျီတစ်လုံး၊ စပါးတင်း ၅၀၊ အိမ်ဆောက်ရန် စုဆောင်းထားသော သစ်ခွဲသားရောရာ တစ်တန်နှင့် ဦးသိုက်၏ နေအိမ်တစ်လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည်။

မီးလောင်မှု ဖြစ်ပွားရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းဇော်ဌေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ ပူးပေါင်းပြီး မီးငြိမ်းသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်နှစ်စီး၊ ကွပ်ကဲရေးယာဉ်တစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ လူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်းနှင့် စီပါကျေးရွာမှ မီးပေါ့ဆသူ ဦးကျော်ရင်အား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အမရပူရ၊ ညောင်ရွှေနှင့် ကျေးသီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၉
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၄ နာရီက အမရပူရမြို့နယ် ယဉ်တော်ကျေးရွာ စစ်ကိုင်း-မန္တလေးသွား ကားလမ်းတွင် မျိုးနိုင်(ခ)မိုးဦး မောင်းနှင်ပြီး ငြိမ်းချမ်းအောင် လိုက်ပါလာသည့်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၇၁ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများအား တွေ့ရစဉ်။

အလားတူ ယင်းနေ့မွန်းလွဲပိုင်းတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ဆေးရေးဆောင်ရွက်နေစဉ် ပင်လောင်းမြို့နယ် မော်ဘီ-တုံဟုံး-ပင်လောင်းသွား ကားလမ်း မိုင်တိုင်(၄၂/၅) အနီးတွင် ခမ်းထီ(ခ)ကုလား မောင်းနှင်လာသည့် ယာဉ်မှာ နောက်ပြန်လှည့်၍ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ညောင်ရွှေမြို့နယ် စံကားကျေးရွာအုပ်စု စံကားကျေးရွာအနီး မော်ဘီ-စံကားသွား ကားလမ်းတွင် ဖမ်းဆီးရမိပြီး ဆက်လက်ရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၃၀၀၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့မွန်းလွဲ ၂ နာရီက တပ်မတော်မှ ကျေးသီးမြို့နယ် မိုင်းနောင်မြို့ မိုင်းနန်းကျေးရွာအနီး မိုင်းနောင်-ကျေးသီးသွား ကားလမ်းတွင်မသင်္ကာဖွယ် ရပ်တန့်ထားသော ယာဉ်ကိုရှာဖွေစစ်ဆေးရာ ယာဉ်မောင်းအား မတွေ့ရှိဘဲ ယာဉ်နောက်ခန်းတွင် ဆာလာအိတ်များဖြင့် ထည့်ထားသည့် ဘိန်းစိမ်း ၁၀၃၈ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

မြန်မာအမျိုးသမီး တစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၉
မြန်မာအမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူနှစ်ဦးအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၁ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင် ရပ်ကွက် (၃၇) လမ်း၊ (၅၂) လမ်းနှင့် ပြင်ဦးလွင်လမ်းကြားနေ မ---ကို ပုသိမ်ကြီးမြို့နယ် ကျောက်မီးကျေးရွာအုပ်စု မြို့တောကျေးရွာနေ ဝင်းမြင့်နှင့်ဇနီး အိအိဖြူ (ခ) နန်းခမ်းမွန်တို့က တရုတ်နိုင်ငံရှိ မိုးကာစက်ရုံတွင် အလုပ်လုပ်ရမည်ဟု လိမ်လည်ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံသို့ ခေါ်ဆောင်သွားပြီး တရုတ်အမျိုးသားတစ်ဦးထံ ရောင်းစားခဲ့မှုအား မဟာအောင်မြေမြို့နယ် အမှတ် (၉)မြို့မရဲစခန်း (ပ)၇၆၄/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ - ၂၄/၃၂ ဖြင့် အမှုဖွင့်ခဲ့၍ မန္တလေးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၇ ရက်တွင် ပြစ်မှုကျူးလွန်သူ ဝင်းမြင့်နှင့် အိအိဖြူ (ခ)နန်းခမ်းမွန်တို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ-၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြင်းမူမြို့နယ်၌ နေအိမ် ၄၅ လုံး မီးလောင်

စစ်ကိုင်း မေ ၉
စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ညောင်ပင်ကန်ကျေးရွာအုပ်စု စိုင်မြစ်ကျေးရွာရှိ နေအိမ် ၄၅ လုံး ယနေ့ ညနေ ၃ နာရီ မိနစ် ၂၀ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း စစ်ကိုင်းခရိုင် မီးသတ်ဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ် စိုင်မြစ်ကျေးရွာနေ ဝင်းဇော်လင်းသည် အရက်ကြောင်ကာ တစ်ရွာတည်းနေ ဦးဖိုးကို(ခ)ဦးမြင့်ကို၏ နေအိမ်အဖီကို မီးရှို့ရာမှတစ်ဆင့် မီးစတင်လောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ် ၄၅ လုံး၊ ထွန်စက်တစ်စီး၊ စပါးတင်း ၅၀ မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၅၂ စုမှ လူဦးရေ ၁၈၁ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ခရိုင်မီးသတ်ဦးစီးဌာန၊ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ်မီးသတ်ဦးစီးဌာန၊ ချောင်းဦးမြို့နယ် မီးသတ်ဦးစီးဌာန၊ နယ်မြေမီးသတ်စခန်းများမှ မီးသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ရေသယ်ယာဉ်များဖြင့် ဒေသခံပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ဝင်းဇော်လင်းအား တောချောင်းဦးနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

ရောဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဓနုဖြူမြို့နယ်တွင်းရှိ ကန့်သတ်စောင့်ကြည့်စခန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေး

ဓနုဖြူ မေ ၉

ရောဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂွါမိုးမြတ်မြတ်သူနှင့် တာဝန်ရှိသူများသည် ရောဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင်းရှိ ကျုံတနီးကျေးရွာ၊ ပြင်ကသာကျေးရွာနှင့် အထက (၁) ဓနုဖြူမြို့တို့တွင် ဖွင့်လှစ်ထားရှိသည့် ကန့်သတ်စောင့်ကြည့်စခန်းများသို့ ယမန်နေ့ နံနက် ၉ နာရီက ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂွါမိုးမြတ်မြတ်သူက ဓနုဖြူမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန်လိုအပ်ကြောင်း၊ ကော်မတီများအနေဖြင့်လည်း စနစ်တကျစီမံဆောင်ရွက်ပေးနိုင်ရေး၊ မြို့နယ်အတွင်း ပြည်ပမှပြန်လည်ရောက်ရှိလာသူများနှင့် ထပ်မံရောက်ရှိလာမည့်သူများအတွက် စောင့်ကြည့်စခန်းများ စနစ်တကျထားရှိရေး၊ ရောဂါထိန်းချုပ်ကာကွယ်နိုင်ရေးလုပ်ငန်းများကို ထိရောက်စွာ စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဓနုဖြူမြို့နယ် ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာကျော်မြင့်က ဓနုဖြူမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ကန့်သတ်စောင့်ကြည့်စခန်းများ ဖွင့်လှစ်ထားရှိပြီး ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာလုပ်ငန်းများ စီမံခန့်ခွဲမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂွါမိုးမြတ်မြတ်သူက အထက(၁) ဓနုဖြူ ကန့်သတ်စောင့်ကြည့်စခန်းတွင် အသုံးပြုနိုင်ရေးအတွက် ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကိုကြီးကြပ်ရေးအဖွဲ့ထံပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ယင်းနောက် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်၍ သီးသန့်ထားရှိလူနာဆောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မြင့်က ရှင်းလင်းတင်ပြရာ ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ထက်ဝေဖြိုး

မိုင်းယောင်းမြို့နယ်တွင် ဈေးနှုန်းတည်ငြိမ်ရေးနှင့် စိစစ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်

မိုင်းယောင်း မေ ၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် ဈေးနှုန်းတည်ငြိမ်ရေးနှင့် စိစစ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသဖြင့် ကုန်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မေ ၆ ရက်တွင် မြို့နယ်အဆင့် ဈေးနှုန်းတည်ငြိမ်ရေးနှင့် စိစစ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီအား ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း မြို့နယ်အဆင့် ဈေးနှုန်းတည်ငြိမ်ရေးနှင့် စိစစ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆောင်ရွက်နေသည့် အချိန်ကာလတွင် အခြေခံစားနပ်ရိက္ခာ၊ ဆေးဝါးနှင့် မရှိမဖြစ်လိုအပ်သော လူသုံးကုန်ပစ္စည်းများ၊ စက်သုံးဆီများ၊ ဆန်၊ ဆီ၊ ပဲ စသည့် ကုန်ပစ္စည်းများ၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စက်သုံးဆီများ၏ ဈေးနှုန်းတည်ငြိမ်ရေးကို ကုန်ဈေးနှုန်းများတည်ငြိမ်ထိန်းချုပ် ကြပ်မတ်ကွပ်ကဲရေးအဖွဲ့က ကုန်ဈေးနှုန်းများ ပုံမှန်ဈေးထက် ပိုမိုရောင်းချခြင်းမပြုစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

“ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလမှာ ဈေးကစားတာတွေ၊ ဈေးတင်ရောင်းတာတွေ မရှိလောက်ပါဘူး” ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မိုင်းယောင်းမြို့နယ်တွင် အခြေခံစားနပ်ရိက္ခာနှင့် စက်သုံးဆီများ လျော့နည်း ပြတ်လပ်မှုမဖြစ်ပေါ်စေနိုင်ရေးအတွက် ကုန်စည်သယ်ယူခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများအား ပုဂ္ဂလိကစီးပွားရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လက်လီလက်ကားဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များက မျှတသော ကုန်ဈေးနှုန်းဖြစ်ပေါ်စေရေး ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)

သီရိမင်္ဂလာဈေး၌ ကိုဗစ်-၁၉ ကာလ ဆန်၊ ဆီများ လှူဒါန်း

ရန်ကုန် မေ ၉

ကိုဗစ်-၁၉ ရောဂါကာလ ပုံမှန်ဝင်ငွေမရှိသောပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် ကောက်ရိုးနွယ်လူမှုအကျိုးပြုပရဟိတအဖွဲ့က သီရိမင်္ဂလာဈေးကြီး၌ မေ ၉ ရက် မွန်းလွဲပိုင်းတွင် ဆန်၊ ဆီ၊ ကြက်သွန်နှင့် အခြေခံစားသောက်ကုန်များ လာရောက်လှူဒါန်းပေးခဲ့သည်။

"လွန်ခဲ့တဲ့တစ်နှစ်ခွဲလောက်ကတော့ ဆန်နဲ့ဆီကို မရမ်းကုန်း (၁) ရပ်ကွက်၊ (၂) ရပ်ကွက်တွေမှာ တစ်ဝက်ဈေးနဲ့ ဈေးလျှော့ရောင်းပေးပါတယ်။ ခုလို ကိုဗစ်-၁၉ ရောဂါကာလမှာ အခြေခံပြည်သူတွေ စားရေးသောက်ရေးအဆင်ပြေစေဖို့ ဆန်၊ ဆီ၊ ကြက်သွန်၊ ခေါက်ဆွဲခြောက်၊ အချိုမှုန့်တွေကို လာရောက်လှူဒါန်းပေးတာဖြစ်ပါတယ်။ လူတစ်ယောက်ကို ကျပ် ၃၅၀၀ ဖိုးရှိပါတယ်" ဟု ကောက်ရိုးနွယ်လူမှုအကျိုးပြုပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းစိန်က ပြောကြားသည်။

အဆိုပါလှူဒါန်းမှုအတွက် အလှူရှင် ၂၀ စုပေါင်းလှူဒါန်းခြင်းဖြစ်ကြောင်း၊ လူတစ်ဦးဆန်နှစ်ပြည်၊ ဆီ ၅၀ သား၊ ကြက်သွန်နီတစ်ထုပ်၊ အချိုမှုန့်တစ်ထုပ်နှင့် ခေါက်ဆွဲခြောက်ထုပ်များကို လှူဒါန်းပေးခဲ့ကြောင်း၊ ယင်းအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဒုတိယအကြိမ်ပေးလှူခြင်းဖြစ်ကြောင်း၊ အလှူရှင်ပေါ်မူတည်၍ ဆက်လက်လှူဒါန်းမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့လှူဒါန်းမှုတွင် သီရိမင်္ဂလာဈေးကြီးအတွင်း အခြေခံပြည်သူ ၅၀၀ ကျော်အား ပေးလှူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးကာလ ဆောင်ရွက်ထားစဉ်အတွင်း ပြည်သူအများစု Home Stay နေထိုင်ရခြင်း၊ မြို့နယ်အချို့ အသွားအလာကန့်သတ်ခြင်းတို့ကြောင့် အလုပ်အကိုင်များ ပုံမှန်လုပ်ကိုင်ရခြင်းမရှိသဖြင့် စားရေးသောက်ရေး လိုအပ်ချက်အချို့ရှိနေသည်။

အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး နိုင်ငံတော်က ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား ဆန်၊ ဆီ၊ ဆား စသည်ဖြင့် လှူဒါန်းပေးမှုများရှိသလို ပုဂ္ဂလိက ပရဟိတအဖွဲ့အစည်းများကလည်း မိမိတို့တတ်နိုင်သလောက် ပြည်သူမှပြည်သူအစီအစဉ်ဖြင့် လှူဒါန်းမှုများ ပြုလုပ်လျက်ရှိသည်။

မြင့်မောင်စိုး

ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ၈၁၊ ၈၂၊ ၈၃ လမ်းတို့ကို နှစ်လမ်းမောင်းအဖြစ်ပြောင်းလဲ

မန္တလေး မေ ၉

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တွင်းလမ်းများအား လမ်းသားတိုးချဲ့၍ နိုင်လွန်ကတ္တရာခင်းပြီး လေးလမ်းသွားလမ်းများအဖြစ် အဆင့်မြှင့်တင်ခဲ့သဖြင့် ချမ်းအေးသာစံမြို့နယ်အတွင်း တစ်လမ်းမောင်းသတ်မှတ်ထားသည့် ၈၁၊ ၈၂၊ ၈၃ လမ်းတို့ကို ယနေ့ နံနက် ၄ နာရီမှစတင်ပြီး နှစ်လမ်းမောင်းလမ်းများအဖြစ် စတင်မောင်းနှင်ခွင့်ပြုခဲ့သည်။

နှစ်လမ်းမောင်းအဖြစ် မောင်းနှင်ခွင့်ပြုမည့် လမ်းများမှာ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းမှ ၃၅ လမ်းအတွင်းရှိ ၈၁ လမ်း၊ ၈၂ လမ်း၊ ၈၃ လမ်းနှင့် ၂၆ လမ်းမှ ၂၈ လမ်းအတွင်း ၈၄ လမ်းတို့ဖြစ်သည်။ ၈၁ လမ်းသည် ၃၅ လမ်းမှ ၂၆ လမ်းအထိ တောင်မှမြောက်သို့လမ်းကောင်း၊ ၈၂ လမ်းသည် ၂၆ လမ်းမှ ၃၅ လမ်းအထိ မြောက်မှတောင်သို့ လည်းကောင်း၊ ၈၃ လမ်းသည် ၃၅ လမ်းမှ ၂၆ လမ်းအထိ တောင်မှမြောက်သို့လည်းကောင်း၊ ၈၄ လမ်းသည် ၂၆ လမ်းမှ ၂၈ လမ်းအထိ မြောက်မှတောင်သို့လည်းကောင်း အသီးသီးမောင်းနှင်ခွင့်ပြုရာ ယနေ့မှစတင်၍ နှစ်လမ်းမောင်းများအဖြစ် မောင်းနှင်ခွင့်ပြုသည်။

၎င်းလမ်းများကို အသုံးပြုမောင်းနှင်ရာတွင် တောင်မြောက်လမ်းများကို အဓိကလမ်းများအဖြစ်သတ်မှတ်ပြီး အရှေ့၊ အနောက်လမ်းမှ ယာဉ်ကြောများက ဦးစားပေးသွားလာရမည်ဖြစ်ပြီး နှစ်လမ်းမောင်းလမ်းများအဖြစ် သတ်မှတ်သည့်လမ်းများပေါ်တွင် Parking ဆေးလိုင်းအတွင်း အလျားလိုက်ရပ်ရန်နှင့် ကန့်လန့်ရပ်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ ဆိုင်ခန်းများရောင်းချခြင်း မပြုလုပ်ကြရန် မန္တလေးမြို့တော်စည်ပင်သာယာ၊ ယာဉ်ထိန်းတပ်ဖွဲ့၊ စေတနာ့ဝန်ထမ်းများက ကြီးကြပ်ပေးလျက်ရှိသည်။

မောင်ပြည်သူ(မန္တလေး)

ညောင်တုန်းမြို့အတွင်းရှိ ပြည်သူများအား အသီးအနှံများ အခမဲ့လိုက်လံဝေငှ

ညောင်တုန်း မေ ၉

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ပေါ်ရှိရပ်ကွက်အချို့တွင် မိမိအိမ်အတွင်း၌ နေထိုင်ရစဉ်ကာလအတွင်း စေတနာရှင်လူငယ်လေးများက မိမိတတ်စွမ်းနိုင်သည့်ဘက်မှ စားသောက်ကုန်၊ ကုန်စိမ်းဟင်းသီးဟင်းရွက်များကို အမှတ် (၈) ရပ်ကွက်အတွင်း နေ့စဉ်လိုက်လံဝေငှလျက်ရှိသည်။

“လက်လုပ်လက်စားမိသားစုတွေအတွက် လူသားချင်းကိုယ်ချင်းစာနာစိတ်အသိနဲ့ မိမိတတ်နိုင်တဲ့ဘက်က တစ်တပ်တစ်အား လှူဒါန်းလိုတဲ့အသိစိတ်ဓာတ်နဲ့ ချဉ်ပေါင်၊ ကန်စွန်း၊ သခွားသီး၊ ဘူးညွန့်၊ ဘူးသီး၊ ကြက်ဟင်းခါးသီး၊ ကြက်ဟင်းခါးညွန့်၊ ပဲတောင့်ရှည်သီး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်သီး၊ ငရုတ်သီးစိမ်း၊ ခရမ်းသီး၊ ရုံးပတီသီး၊ ဘဲဥ၊ ကြက်ဥနဲ့ ဆန်တွေကို နေ့စဉ်အခမဲ့ လိုက်လံဝေငှနေတာ ရက်ပေါင်း ၂၀ ရှိပါပြီ။ ဆန်ကတော့ ရပ်ကွက်အတွင်း အမှန်တကယ်နွမ်းပါးသူတွေကို တစ်အိမ်ထောင်လျှင် လေးပြည်နှုန်းနဲ့ ဖြန့်ဝေပေးခဲ့တာ ရှစ်ကြိမ်ရှိပါပြီ” ဟု ဦးစီးဆောင်ရွက်နေသည့် အမှတ် (၈) ရပ်ကွက်မှ ပရဟိတလူငယ် ဦးမင်းဇော်ဦးနှင့် ဦးသန်းလွင်တို့က ပြောကြားသည်။

ဝင်းမြင့်ကျော်၊ ထွန်းကျော် (ညောင်တုန်း)

အွန်လိုင်းပို့ကုန်သွင်းကုန်လိုင်စင်စနစ် Fully Online အတွက် ကုန်သွယ်မှုဆိုင်ရာငွေကြေးပေးသွင်းမှုများကို MPU eCommerce Pay ဖြင့် ပေးချေနိုင်

ရန်ကုန် မေ ၉
အွန်လိုင်းပို့ကုန်သွင်းကုန်လိုင်စင်စနစ် Fully Online အတွက် ကုန်သွယ်မှုဆိုင်ရာငွေကြေးပေးသွင်းမှုများကို MPU eCommerce Pay ဖြင့် ပေးချေနိုင်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်လိုင်စင်ထုတ်ပေးမှုလုပ်ငန်းများအား ဧပြီ ၁ ရက်မှစတင်၍ Fully Online စနစ်ဖြင့် ပြောင်းလဲထုတ်ပေးလျက်ရှိရာ ကုန်သွယ်မှုဆိုင်ရာငွေကြေးပေးသွင်းမှုများအတွက် ယခင်က မြန်မာနိုင်ငံသားများဘဏ်၏ (MCB) ePayment စနစ်ဖြင့် အွန်လိုင်းမှပေးသွင်းနိုင်ရန် ဆောင်ရွက်ထားသည်။

ယခုအခါ Myanmar Payment Union (MPU) နှင့် ချိတ်ဆက်ထားသည့် ဘဏ်အားလုံးမှပေးချေနိုင်သည့် MPU eCommerce Pay ဖြင့် မေ ၈ ရက်မှစတင်၍ ပေးချေနိုင်ပြီဖြစ်သည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် (MCB ePayment) စနစ်ဖြင့် သော်လည်းကောင်း၊ MPU eCommerce Pay ဖြင့်လည်းကောင်း ရွေးချယ်ပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

Fully Online စနစ်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်များကို ဧပြီ ၁ ရက်မှစတင်၍ ထုတ်ပေးလျက်ရှိရာ ပထမအကြိမ်တွင် သွင်းကုန်ပစ္စည်း ၉၁ မျိုးနှင့် ပို့ကုန်ပစ္စည်း ၇၃ မျိုး၊ ဒုတိယအကြိမ်တွင် သွင်းကုန်ပစ္စည်း ၄၅၅ မျိုး၊ တတိယအကြိမ်တွင် သွင်းကုန်ပစ္စည်း ၁၉၆ မျိုးတို့၏ HS line များ လျှောက်ထားထုတ်ပေးခွင့်ပြုထားသည်။

Fully Online စနစ်တွင် အဆိုပါ HS line များအတိုင်း အကျုံးဝင်သည့်ကုန်ပစ္စည်းများကိုသာ လျှောက်ထားနိုင်ပြီး လိုင်စင် Application ပါ အချက်အလက်များ ဖြည့်သွင်းရမည်ဖြစ်ကာ သက်ဆိုင်ရာလျှောက်ထားမည့်လိုင်စင်၏ ကုန်ပို့လွှာ Invoice နှင့် ထောက်ခံချက်လိုအပ်သည့် လိုင်စင်များအတွက် သက်ဆိုင်ရာဌာန၏ထောက်ခံချက်ကို PDF format ဖြင့် ပူးတွဲတင်ပြရမည်ဖြစ်သည်။

ထို့ပြင် လိုအပ်သည့်အချက်အလက်များနှင့် စနစ်အသုံးပြုပုံကို လျှောက်ထားမည့် Website တွင် တင်ပြထားမည်ဖြစ်ပြီး လုပ်ငန်းရှင်မှ ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် လိုင်စင်လျှောက်ထားမှုအခြေအနေအား သက်ဆိုင်ရာလုပ်ငန်းရှင်၏ Deshboard တွင် အချိန်နှင့်တစ်ပြေးညီ တွေ့ရှိနိုင်မည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

သို့ဖြစ်၍ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ရုံးဌာနသို့ လာရောက်ရန်မလိုဘဲ အင်တာနက်ဖြင့် လိုင်စင်လျှောက်ထားခြင်း၊ ငွေကြေးပေးသွင်းခြင်း၊ လိုင်စင်ပြန်လည်ထုတ်ယူခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ယခင်ထုတ်ပေးဆောင်ရွက်လျက်ရှိသည့် CMP (အထည်ချုပ်) သွင်းကုန်လိုင်စင်များအပြင် လျှောက်ထားမှုအရေအတွက်အများဆုံးဖြစ်ပြီး ပြည်သူလူထုအတွက် လိုအပ်မည့်ပစ္စည်းများဖြစ်သည့် ဆေးနှင့်ဆေးပစ္စည်းများ၊ ဆေးရုံသုံးစက်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဓာတ်မြေသြဇာ၊ စားအုန်းဆီနှင့် ဆီထွက်ကုန်ပစ္စည်းများ၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ စွမ်းအင်သုံးပစ္စည်းများ၊ ချောဆီ၊ ဆိုင်ကယ်စက်ဘီးများနှင့် ပို့ကုန်အတွက် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၊ ခဲသတ္တု၊ သကြား၊ သဘာဝဓာတ်ငွေ့များအပါအဝင် အခြားသွင်းကုန် ပို့ကုန်ပစ္စည်းစုစုပေါင်း ၈၁၅ မျိုးကို ထုတ်ပေးဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ပို့ကုန်သွင်းကုန်လျှောက်ထားမှုအတွက် www.myanmartradenet.com.mm မှတစ်ဆင့် ဝင်ရောက်လျှောက်ထားနိုင်ပြီး လျှောက်ထားမည့် (ပသက)မှတ်ပုံတင်ကာ ကုမ္ပဏီများအနေဖြင့် စနစ်အတွင်းဝင်ရောက်အသုံးပြုရန် Member Registration ပြုလုပ်ရမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါလိုင်စင်များအတွက် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာန (MACCS) စနစ်သို့ အီလက်ထရွန်နစ်ဒေတာဖြင့် ဆက်လက်ချိတ်ဆက်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ငြိမ်းငြိမ်း

မုံရွာမြို့နယ်တွင် အပြင်ထွက်လျှင် နှာခေါင်းစည်းမတပ်ပါက အရေးယူမည်

မုံရွာ မေ ၉
မုံရွာမြို့နယ်အတွင်း နှာခေါင်းစည်းမတပ်သူတိုင်းကို ၁၉၅၅ ခုနှစ် ကူးစက်ရောဂါပျံ့နှံ့မှုထိန်းချုပ်ရေးဥပဒေဖြင့် အရေးယူသွားမည်ဖြစ်ကြောင်း မုံရွာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌဦးခင်မောင်စိုးထံမှ သိရသည်။

"ပြည်သူတွေကျန်းမာရေးအရ တစ်စုံတစ်ခုမဖြစ်အောင် ကာကွယ်တဲ့အနေနဲ့ လုပ်ဆောင်ရတာဖြစ်ပါတယ်" ဟု ဦးခင်မောင်စိုးက ပြောကြားသည်။

"အခုကအရေးကြီးတဲ့ကာလဆိုတော့ နှာခေါင်းစည်းတပ်သွားတာ ကိုယ့်အတွက်လည်းမခဲယဉ်းဘူး၊ နှာခေါင်းစည်းတပ်သင့်တယ်လို့ ယုံကြည်ပါတယ်၊ မုံရွာမှာ အခုနှာခေါင်းစည်းမတပ်တာတွေက အများကြီးပဲ၊ ကိုယ်တစ်ဦးတစ်ယောက်အတွက်နဲ့ ဒုက္ခမရောက်အောင်တော့ နှာခေါင်းစည်းတပ်သင့်တယ်လို့ ယူဆပါတယ်"ဟု သုခဟိတ လူမှုကူညီရေးနှင့် သွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးထွန်းနောင်က ပြောကြားသည်။

လက်ရှိအချိန်တွင် မုံရွာမြို့နယ်၌ နှာခေါင်းစည်းမရှိသည့်ပြည်သူများကိုဝေပြီးလျှင် အသိပညာပေးပြောကြားကာ ထို့နောက်မှ အရေးယူသည့်ကိစ္စကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ပညာပေးကာလကျော်လွန်လို့ နှာခေါင်းစည်းမတပ်ရင်တော့ အရေးယူတဲ့အဆင့်သွားသင့်တယ်လို့ ယူဆပါတယ်။ မုံရွာမှာကတော့ သင်္ကြန်မတိုင်ခင်ကတည်းက ရဲတပ်ဖွဲ့ဝင်တွေက အပြင်ထွက်လာတဲ့သူတွေကို နှာခေါင်းစည်းတပ်ဖို့၊ မတပ်ရင်အရေးယူမယ့်အစီအစဉ်တွေရှိတဲ့အကြောင်း အသိပညာပေးဖြန့်ဝေတာတွေ လုပ်ဆောင်ခဲ့တာတွေရှိပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီအတွင်းရေးမှူး ကိုဝေမိုးနိုင်က ပြောကြားသည်။

လူထုအနေဖြင့် နှာခေါင်းစည်းတပ်ဆင်မှုအားနည်းသည့်အတွက် အရေးယူခြင်းကိုလုပ်ဆောင်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မန္တလေး-မူဆယ်ကားလမ်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဆောင်ရွက်နေသူများအား ရန်ကုန်-မန္တလေး-မူဆယ်ကားကြီးအသင်းက မေ ၈ ရက်တွင် စားသောက်ဖွယ်ရာများနှင့် ဓာတ်ဆားရည်ဘူးများ ဒုတိယအကြိမ် သွားရောက်လှူဒါန်းစဉ်။

သီပေါကိုလတ်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း အရှိန်အဟုန်မြှင့်ဆောင်ရွက်

မအူပင် မေ ၉
ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသည့် လူနာများနှင့် လူနာစောင့်များအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့ နံနက် ၇ နာရီက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မအူပင်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မာစိုး၊ ဒေါက်တာဇော်ဝင်းလှိုင်တို့ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသည့်ပြည်သူများ၊ လူနာစောင့်များအား နှာခေါင်းစည်းများ တပ်ဆင်ရန် ဖြန့်ဝေပေးခြင်း၊ အသိပညာပေးဗီနိုင်းပိုစတာများကပ်ခြင်း၊ မိမိကစကာကွယ်နိုင်ရန် ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်ခိုင်
(မအူပင်)

ပဲခူးမြို့ဈေးများ၌ နှာခေါင်းစည်းဖြန့်ဝေ

ပဲခူး မေ ၉
ကိုဗစ်-၁၉ ရောဂါကူးစက်မှုကာကွယ်ထိန်းချုပ်ရေးရည်ရွယ်ချက်ဖြင့် ပဲခူးမြို့နယ် သွန်းဘုရားဈေး၊ ဘူတာဈေးတို့တွင် နှာခေါင်းစည်းများဖြန့်ဝေခြင်း၊ နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေးခြင်းလှုပ်ရှားမှုများကို ယမန်နေ့ နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။

နှာခေါင်းစည်းဖြန့်ဝေခြင်း၊ အသိပညာပေးခြင်းများဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပရဟိတအဖွဲ့များ ပူးပေါင်း၍ ဈေးဝယ်သူများအား နှာခေါင်းစည်းအခုရေ ၁၀၀၀ ကျော် ဖြန့်ဝေပေးခဲ့ကြောင်း၊ နှာခေါင်းစည်းစနစ်တကျအသုံးပြုနည်းများ၊ ဈေးရောင်းသူ၊ ဈေးဝယ်သူများ သိရှိလိုက်နာရမည့်အချက်များကို နှိုးဆော်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

နှာခေါင်းစည်းတပ်ဆင်ရေး Mask Campaign ပြုလုပ်

တနင်္သာရီ မေ ၉
တနင်္သာရီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ဆင်ရေး Mask Campaign စုပေါင်းပြုလုပ်ကြသည်။

အပြင်ထွက်လျှင် နှာခေါင်းစည်းတပ်ဆင်ပြီးမှ ထွက်ကြရန်နှင့် နှာခေါင်းစည်းတပ်ဆင်ကြရေး ပညာပေးခြင်းနှင့် နှာခေါင်းစည်းမတပ်ဆင်ကြသူများတွေ့ရှိပါက ငွေကျပ် ၅၀၀၀ နှင့်ညီမျှသော နှာခေါင်းစည်း ၁၀ ခုဝယ်ယူပြီး တပ်ဆင်စေခြင်းကို တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်ရှိ သုခလမ်းဆုံနှင့် တနင်္သာရီတံတားထိပ်တွင်လည်းကောင်း၊ ချောင်းငယ်ရပ်ကွက်ရှိ အောင်မင်္ဂလာဈေးရှေ့နှင့် မွန်စု-ဗောဓိကမ်းကူးတို့ဆိပ်တို့တွင်လည်းကောင်း လေးနေရာခွဲ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိန်ဝင်း(ပြန်ဆက်)

နှာခေါင်းစည်းနှင့် မျက်နှာကာများလှူဒါန်း

ရန်ကုန် မေ ၉
ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီသို့ ယနေ့ နံနက်ပိုင်းက သုံးဆယ်မြို့နေ ဦးသိမ်းမောင်(ရွှေရတနာမိသားစု)က ငွေကျပ် ၆၃၀၀၀၀ တန်ဖိုးရှိ နှာခေါင်းစည်းအခု ၂၀၀၀ နှင့် မျက်နှာကာ အခု ၃၀ လာရောက်လှူဒါန်းခဲ့ရာ တာဝန်ရှိသူတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

ရဲမင်းထွန်း (ပြန်/ဆက်)

တနင်္သာရီမြစ်ကိုဖြတ်၍ တည်ဆောက်နေသည့် တနင်္သာရီတံတားသစ် မေလကုန်တွင် ပြီးစီးမည်

တနင်္သာရီ မေ ၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်မှ တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းမြို့သို့ သွားသည့် မြိတ်-တနင်္သာရီပြည်ထောင်စုလမ်းမကြီး၏ မိုင်တိုင်အမှတ် (၄၉/၄) နှင့် (၄၉/၆) အကြားရှိ တနင်္သာရီမြစ်ကိုဖြတ်ပြီး တည်ဆောက်လျက်ရှိသော တနင်္သာရီမြစ်ကူးတံတားသစ်အား ယခင်တနင်္သာရီတံတားအဟောင်းနှင့် နံဘေးချင်းယှဉ်ကာဆောက်လုပ်လျက်ရှိသည်။

အဆိုပါတံတားသည် ယနေ့အချိန်တွင် (ချဉ်းကပ်လမ်းအပါအဝင်) တံတားတစ်စင်းလုံး တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း၏ ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး တံတား၏ လက်ရန်းနှင့် လူသွားလမ်းပလက်ဖောင်း အနည်းငယ်သာကျန်ရှိကာ ၂၀၂၀ ပြည့်နှစ် မေ ၃၁ ရက်တွင် ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ကြောင်း တံတား တည်ဆောက်ရေးအဖွဲ့ (၄) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းအောင်ထံမှ သိရသည်။

၎င်းတံတားသစ်၏ အရှည်မှာ ၁၄၄၄ ပေ၊ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် လေးပေအကျယ်စီ၊ ရေလမ်းကင်းလွတ်အကျယ်မှာ ၁၆၄ ပေ၊ ရေလမ်းကင်းလွတ်အမြင့်မှာ ၃၃ ပေ ဖြစ်သည်။ တံတားအမျိုးအစားမှာ အောက်ခြေအုတ်မြစ် 1.5 mQ ဘိုးပိုင်၊ RC ကွန်ကရစ်ကိုယ်ထည်ဖြစ် ပြီး အပေါ်ထည်မှာ RC Girder, PC Girder, Steel Box Girder နှင့် RC Decking တို့ဖြစ်ကာ ယာဉ်နှင့်ကုန် ၇၅ တန်ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

ယခင်တနင်္သာရီတံတားအဟောင်းသည် ၁၉၉၉ ခုနှစ် ဇွန်လကတည်းကဆောက်လုပ်ခဲ့သည့် ဘေလီသံကူကွန်ကရစ်အမျိုးအစားဖြစ်၍ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ သဘာဝရာသီဥတုဒဏ်များနှင့် နေ့စဉ်ဖြတ်သန်းသွားလာနေသည့် ကုန်တင်ယာဉ်များဒဏ်ကြောင့် လက်ရှိအချိန်တွင် ကားနှင့်ကုန်ပါ ၁၈ တန်ကိုသာ ဖြတ်သန်းသွားလာခွင့်ပြုထားပြီး ၁၈ တန်ထက်ပိုတင်ဆောင်လာသည့် ကုန်ပစ္စည်းများအား တန်ပိုစစ်ဆေးရေးဂိတ်မှတစ်ဆင့် အခြားကားငယ်များဖြင့် အကြိမ်ကြိမ်သယ်ယူနေရသဖြင့် ကုန်စည်စီးဆင်းမှုနှောင့်နှေးမှုများ ဖြစ်ပေါ်စေသည်။

ထို့အပြင် တံတားဟောင်းသည် တစ်လမ်းမောင်းဖြစ်သဖြင့် ယာဉ်ကြောပိတ်ဆို့မှုများကိုလည်း မကြာခဏကြုံတွေ့ခဲ့ရသည်။ ယခုအခါတွင် နယ်စပ်ကုန်သွယ်ရေးများ ပိုမိုထွန်းကားလာပြီဖြစ်ရာ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်မည့် ယာဉ်တစ်စီးချင်းခံနိုင်ဝန် ၇၅ တန်ရှိ နှစ်လမ်းသွား သံပေါင်သံကူကွန်ကရစ်ကြမ်းခင်းအဖြစ် အဆင့်မြှင့်တင်၍ တည်ဆောက်ရခြင်းဖြစ်ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့(၄)တာဝန်ခံထံမှ သိရသည်။

၎င်းတနင်္သာရီတံတားသည် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးအတွက် အဓိကကျသော အာဆီယံလမ်းမကြီး (AH-112) ပေါ်တွင် တည်ဆောက်ထားသဖြင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ကုန်သွယ်စီးဆင်းမှု လျင်မြန်ချောမွေ့စေခြင်းနှင့် တနင်္သာရီ-မြိတ်-မော်လမြိုင်-ရန်ကုန်၊ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းနှင့် မြိတ်-တနင်္သာရီ-မောတောင်(နယ်စပ်)မြို့တို့သို့ နေ့ညအချိန်အခါမရွေး အလွယ်တကူသွားလာနိုင်သည့် တံတားကြီးတစ်စင်းအဖြစ် ဒေသခံပြည်သူများအပါအဝင် ခရီးသွားအများပြည်သူအားလုံးအတွက် အကျိုးကျေးဇူးများစေမည့် တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

ထိန်ဝင်း(ပြန်/ဆက်)

ပဲခူးမြစ်ကူး (သန်လျင်အမှတ်-၃) တံတား တည်ဆောက်နေမှု ၃၈ ရာခိုင်နှုန်းပြီးစီး

ရန်ကုန် မေ ၉

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်နှင့် သန်လျင်မြို့နယ်သို့ ဆက်သွယ်တည်ဆောက်နေသည့် ပဲခူးမြစ်ကူးတံတား (သန်လျင်အမှတ်-၃) တည်ဆောက်ရေးစီမံကိန်းမှာ ယခုအခါ ၃၈ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်လင်းထံမှသိရသည်။

အဆိုပါ ပဲခူးမြစ်ကူးတံတား (သန်လျင်အမှတ်-၃)တည်ဆောက်ရေးစီမံကိန်းအား လက်ရှိအသုံးပြုလျက်ရှိသည့် တံတားဟောင်း၏ ဘေး၌ ဂျပန်နိုင်ငံ၏ ODA ချေးငွေဖြင့် ၂၀၁၉ ခုနှစ် မေ ၅ ရက်မှစတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဂျပန်အင်ဂျင်နီယာများအပါအဝင် မြန်မာနိုင်ငံမှ အင်ဂျင်နီယာများက ပေါင်းစပ်တည်ဆောက်လျက်ရှိသည်။

တံတား၏ လုပ်ငန်းအပိုင်း (၁) နှင့် (၂) ဖြစ်သော ပင်မတံတားအရှည်မှာ ၂၆၇၅ မီတာဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၁၈ မီတာ ရှိကာ လေးလမ်းသွားတံတားဖြစ်၍ လုပ်ငန်းအပိုင်း(၃) ဖြစ်သည့် ကားလမ်းခုံးကျော်တံတားမှာ ၈၂၅ မီတာအရှည်ရှိပြီး ယာဉ်သွားလမ်းအကျယ် ၁၂ မီတာရှိကာ အသွားအပြန် နှစ်လမ်းသွားတံတားဖြစ်ကြောင်း၊ တံတား၏အုတ်မြစ်အမျိုးအစားမှာ ဘိုးပိုင်အုတ်မြစ်အမျိုးအစားနှင့် Steel Pipe Sheet Pile အမျိုးအစားဖြစ်ပြီး တံတားကြီး၏ ကိုယ်ထည်ပိုင်းမှာ RC Pier Column ဖြစ်ကာ တံတားအပေါ်ထည်ပိုင်းမှာ PC Box Girder၊ Steel Box Girder၊ Cable Stayed Bridge၊ Steel Plade Girder Bridge and PC Compo T Girder ဖြစ်ကြောင်းနှင့် သန်လျင်ဘက်ကမ်း၌ Embankment (လမ်းတာပေါင်)နှင့် Ramp Bridge ပါရှိ၍ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၇၀ ဖြစ်ကြောင်း သိရသည်။

တံတားတည်ဆောက်ရေး လုပ်ငန်းအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၏ ပူးပေါင်းကူညီစီမံခန့်ခွဲမှုဖြင့် လုပ်ငန်းများဆက်လက်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအပိုင်း (၁) ရှိ အောက်ခံမြေသားခံနိုင်ဝန်အား မြင့်မားရေးလုပ်ငန်းအတွက် အချင်း ၁ ဒသမ ၂ မီတာရှိသည့် Soil Cement Column ၈၉၉ လုံး ဆောင်ရွက်မှုမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး ဘိုးပိုင်တူးဖော်ခြင်းအနေဖြင့် အချင်း ၁ ဒသမ ၅ မီတာနှင့် အချင်းနှစ်မီတာ ၁၁၉ လုံးအတွက် ယခုအခါ အလုံး ၅၀ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ ပင်မတံတားလုပ်ငန်းတွင် Steel Pipe Sheet Pile ရိုက်ခြင်းလုပ်ငန်းအနေဖြင့် ၉၀ ဒသမ ၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ကာ တံတားအောက်ထည်လုပ်ငန်းအနေဖြင့် သန်လျင်ဘက်ကမ်းချဉ်းကပ်တံတားဆောင်ရွက်ရာတွင် တိုင်ခြောက်လုံး၌ တစ်လုံးဆောင်ရွက်ပြီးစီးကာ လမ်းတာပေါင်တည်ဆောက်ခြင်းလုပ်ငန်းမှာလည်း ၇၈ ဒသမ ၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ လုပ်ငန်းအပိုင်း-၁ တစ်ခုလုံး ပြီးစီးမှုမှာ ၃၃ ဒသမ ၄၄ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းလည်း သိရသည်။

လုပ်ငန်းအပိုင်း-၂ တွင် အချင်း ၁ ဒသမ ၂ မီတာရှိသော Soil Cement Column ၂၀၆၂ လုံး ဆောင်ရွက်နေမှုရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး Steel Pipe Sheet Pile ရိုက်ခြင်းလုပ်ငန်း ၃၀ ဒသမ ၇၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးကာ လမ်းတာပေါင်တည်ဆောက်ခြင်းလုပ်ငန်းမှာလည်း ၃၅ ဒသမ ၈၃ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ လုပ်ငန်းအပိုင်း-၂ တစ်ခုလုံးပြီးစီးမှုမှာ၂၄ ဒသမ ၈၆ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

သာကေတဘက်ခြမ်းရှိ ကားလမ်းခုံးကျော်တံတားတည်ဆောက်နေသည့်လုပ်ငန်းဖြစ်သော လုပ်ငန်းအပိုင်း-၃ တွင် အချင်း ၁ ဒသမ ၂ မီတာရှိသည့် Soil Cement Column ၁၀၉၄ လုံးနှင့် အချင်း ၁ ဒသမ ၅ မီတာရှိသည့် ဘိုးပိုင် ၉၇ လုံးမှာရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး Pier (တိုင်) နှင့် ကမ်းကပ်ခုံ ၁၇ လုံးအနက် ကိုးလုံးဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ လမ်းတာပေါင် တည်ဆောက်ခြင်းလုပ်ငန်းမှာလည်း ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သောကြောင့် လုပ်ငန်းအပိုင်း-၃ တစ်ခုလုံး ၅၄ ဒသမ ၆၁ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ပဲခူးမြစ်ကူးတံတား (သန်လျင်အမှတ်-၃) တည်ဆောက်ရန်အတွက် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်က ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဆောင်ရွက်ခဲ့ပြီး အကြို အင်ဂျင်နီယာလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခဲ့ကာ တည်ဆောက်ရေးလုပ်ငန်းများအား ဇွန် ၁ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ကြောင်းနှင့် ပဲခူးမြစ်ကူးတံတား(သန်လျင်အမှတ်-၃) တည်ဆောက်ရေးစီမံကိန်းအား ၂၀၂၂ ခုနှစ် မတ်လကုန်ပိုင်း၌ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးစေရန် အပြီးသတ်တည်ဆောက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပဲခူးမြစ်ကူးတံတား (သန်လျင်အမှတ်-၃) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်မှ သိရသည်။

သတင်း-ပွင့်သစ္စာ
ဓာတ်ပုံ-စိုးမြင့်အောင်

တောင်ဥက္ကလာပမြို့နယ် ငမိုးရိပ်ချောင်းတစ်လျှောက် ကမ်းထိန်းနံရံတည်ဆောက်မှု အခြေအနေကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၉

တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၅) ရပ်ကွက်ရှိ ငမိုးရိပ်ချောင်းတစ်လျှောက်၌ ကမ်းထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ ညနေ ၅ နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်နှင့် တာဝန်ရှိသူများ လုပ်ငန်းခွင်သို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါကမ်းထိန်းနံရံအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်လျက်ရှိပြီး ကျပ်သိန်းပေါင်း ၁၂၀၀၀ ကျော် ကုန်ကျမည်ဖြစ်သည်။ ယခုအခါတွင် တည်ဆောက်ရေးလုပ်ငန်းမှာ ၃၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်သည်။

ကမ်းထိန်းနံရံတည်ဆောက်ပြီးစီးပါက တောင်ဥက္ကလာပမြို့နယ် (၁၅) ရပ်ကွက်၌ နှစ်စဉ်ကြုံတွေ့နေရသော ရေကြီးရေလျှံမှုများကို လျှော့ချနိုင်မည်ဖြစ်သည့်အပြင် ပြည်သူများအနေဖြင့် ငမိုးရိပ်ချောင်းတစ်လျှောက်တွင် လမ်းလျှောက်ခြင်း၊ အပန်းဖြေခြင်းနှင့် လေ့ကျင့်ခန်းပြုလုပ်ခြင်းများလည်း လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

နေထက်အောင်

ကျွန်းလှတွင် သဘာဝမြေဆွေးပုံပြုလုပ်နည်း လက်တွေ့သရုပ်ပြ

ကျွန်းလှ မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကြာတကန်ကျေးရွာတွင် မေ ၇ ရက်က သဘာဝမြေဆွေးပုံပြုလုပ်နည်း လက်တွေ့ပြသသည်။

မိုးစပါးများစိုက်ပျိုးရာတွင် မြေသြဇာများ အကျိုးရှိစွာအသုံးချရေးအတွက် တောင်သူ စွန့်ပစ်ပစ္စည်းများဖြစ်သည့် နှမ်းရိုး၊ ကောက်ရိုးများဖြင့် သစ်ဆွေးမြေသြဇာပြုလုပ်နည်း လက်တွေ့ကွင်းဆင်းပြသခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောကြားသည်။

တောင်သူများ မိမိတို့လယ်ယာမြေမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများအား သဘာဝမြေဆွေးပြုလုပ်သုံးစွဲတတ်ရန်၊ ဓာတ်မြေသြဇာကို အမြဲတမ်းသုံးစွဲခြင်းဖြင့် မြေဆီလွှာပျက်စီးမှုကို ကာကွယ်ရန်၊ သဘာဝမြေသြဇာ၏ အကျိုးကျေးဇူးအကြောင်းကို ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်မြမြသွယ်က ရှင်းလင်းပြောကြားသည်။

အဆိုပါတောင်သူများ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ မလိုအပ်ဘဲပိုးသတ်ဆေးအသုံးမပြုရေး၊ သဘာဝမြေသြဇာသုံးစွဲရေး၊ GAP သီးနှံရရှိရေးနှင့် စိုက်ပျိုးရေးနည်းပညာပေးခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

ငှက်ပျောသီးဈေးကောင်းရ၍ ညောင်ဦးမြို့နယ် ငှက်ပျောစိုက်တောင်သူများ တွက်ခြေကိုက်

ညောင်ဦး မေ ၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ညောင်ဦး-ပခုက္ကူလမ်းတစ်လျှောက်ကျေးရွာများတွင် စိုက်ပျိုးထားသည့် ငှက်ပျောသီးများ ဈေးကောင်းရ၍ ငှက်ပျောစိုက်တောင်သူများ ဝင်ငွေကောင်းကာ တွက်ခြေကိုက်လျက်ရှိကြောင်း ငှက်ပျောစိုက်တောင်သူများထံမှ သိရသည်။

"စစိုက်တာကနေ ကိုးလလောက်ဆိုရင် ခုတ်လို့ရပါတယ်။ ထွက်နှုန်းကတော့ ငှက်ပျောအတက်အကြီးအသေးပေါ်မူတည်ပြီး ကွာတာပေါ့။ ငှက်ပျောတစ်ခိုင် သားတစ်ခိုင်ဆိုသလိုပဲ ကျွန်တော်တို့ဆီတော့ ကိုးလလောက်မှာခုတ်တာဖြစ်တော့ အသီးလှပြီး စားသုံးသူတွေအတော်ကြိုက်ကြပါတယ်။ ပခုက္ကူနဲ့ ညောင်ဦးမြို့တွေက ပွဲစားတွေ လာရောက်ဝယ်ယူကြတာပါ၊ ခြံပေါက်ဈေးကိုက ငှက်ပျောတစ်ဖီးမှာ အလုံးအကြီးအသေးပေါ်မူတည်ပြီး ကျပ် ၈၀၀ ကနေ ကျပ် ၁၂၀၀ နဲ့ ရောင်းချရတဲ့အတွက် ဒီရာသီမှာတော့ ငှက်ပျောစိုက်တောင်သူတွေအနေနဲ့ တွက်ခြေကိုက်တယ်လို့ ပြောလို့ရပါတယ်" ဟု သစ်ထောင့်ကျေးရွာမှ ငှက်ပျောစိုက်တောင်သူ ဦးတင်ဌေးက ရှင်းပြသည်။

မြစ်ရေတင်စီမံကိန်းမှရေဖြင့်စိုက်ပျိုးသည့် တောင်သူများအနေဖြင့် ငှက်ပျောပင်များကို ရက် ၂၀ လျှင်တစ်ကြိမ်နှုန်း ရေပေးဝေရကြောင်း၊ ကိုယ်ပိုင်အဝီစိတွင်းရေဖြင့် စိုက်ပျိုးသူများကမူ ၁၀ ရက်ခြားတစ်ခါ ရေစိုရုံပက်ဖျန်းပေးကြကြောင်း၊ ပျမ်းမျှနှုန်းအားဖြင့် ရင်းနှီးငွေမှာ တစ်ဧကလျှင် ကျပ် ၁၀ သိန်းမှ ၁၅ သိန်းခန့်သာရှိသည့်အတွက် တစ်ဧကလျှင် ကျပ် ၃၂ သိန်းဝန်းကျင်ခန့် ပြန်လည်ရရှိသည်ဖြစ်ရာ ငှက်ပျောစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သူကောင်းတည်ရွာမှ ငှက်ပျောစိုက်တောင်သူ ကိုမြင့်သိန်းက ပြောကြားသည်။

ဖေလိနိး(ပုဂံ)

မိုးညှင်းခရိုင်အတွင်း ဆောင်းသီးနှံပဲပုပ် ဧက ၁၆၀၀၀ ကျော်စိုက်ပျိုး

မိုးညှင်း မေ ၉

ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်းရှိ ယခုနှစ်ဆောင်းရာသီ ပဲပုပ်စိုက်ကာလအတွင်း ဧကပေါင်း ၁၆၅၇၃ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုများအနေဖြင့် မိုးညှင်းမြို့နယ်တွင် စိုက်ဧက ၇၀၀၀၊ ဟိုပင်မြို့တွင် ဧက ၃၅၇၀၊ မိုးကောင်းမြို့နယ်တွင်၁၂၀၁ ဧက၊ ဖားကန့်မြို့နယ်တွင် ဧက ၄၅၀၀ နှင့် ကာမိုင်းမြို့တွင် ၃၀၂ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနအရာရှိ ဦးမြင့်သောင်းက " ဒီမှာက ပဲပုပ်ကို မိုးစပါးရိတ်သိမ်းပြီး သီးထပ်အဖြစ်စိုက်ပျိုးကြတာများတယ်။ ပဲပုပ်ကိုစိုက်ပျိုးခဲ့တာက ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှ စတင်စိုက်ပျိုးခဲ့ကြပါတယ်။ ၂၀၀၇ ခုနှစ်မှာ ပိုမိုစိုက်ပျိုးခဲ့ကြတယ်။ စိုက်ပျိုးတဲ့ပဲပုပ်တွေကတော့ ရေဆင်း(၆)၊ ရေဆင်း(၁၁)နဲ့ ရေဆင်း(၁၅)တွေကို အဓိကထားစိုက်ပျိုးလာကြတယ်။ အခုနောက်ပိုင်း ရေဆင်း(၁၅)ကို ပိုမိုစိုက်ပျိုးလာကြတယ်"ဟု ပြောကြားသည်။

မြန်မာတစ်နိုင်ငံလုံးရှိ ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှု၏ လေးရာခိုင်နှုန်းကို ကချင်ပြည်နယ်အတွင်း စိုက်ပျိုးထုတ်လုပ်ပြီး မိုးညှင်းမြို့နယ်အနေဖြင့် ကချင်ပြည်နယ် ပဲပုပ်စိုက်ပျိုးမှု၏ ၉၀ရာခိုင်နှုန်းကျော်ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း ဦးမြင့်သောင်းက ဆက်လက်ပြောကြားသည်။

မိုးညှင်းမြို့နယ်အတွင်း စိုက်ပျိုးထွက်ရှိသည့် ပဲပုပ်များကို ဒေသတွင်း ရိုးရာအစားအစာများဖြစ်သည့် ပဲငပိ၊ ပဲပုပ်ခြောက်၊ ဆီတိုဟူး စသည့်အစားအစာများ ထုတ်လုပ်ရာတွင် အသုံးပြုကြသလို အမျိုးအစားနှင့် အရွယ်အစားအလိုက် ပြည်ပနိုင်ငံများသို့ရောင်းချရန် ပွဲရုံများသို့ ပို့ဆောင်ရောင်းချမှုများရှိပြီး ယခုနှစ် ပဲပုပ်ဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် လက်ရှိပေါက်ဈေး ကျပ် ၁၅၀၀၀ ကျော်ရှိကြောင်း ပဲပုပ်စိုက်ပျိုးသူတောင်သူများထံမှ သိရသည်။

ကျော်ကျော်
(မိုးညှင်း)

ညောင်လေးပင်မြို့နယ်တွင် နွေစပါးများ အောင်မြင်ဖြစ်ထွန်း

ညောင်လေးပင် မေ ၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနက စမ်းချောင်းကျေးရွာတွင် နွေစပါးကိုကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးထားရာ ဖြစ်ထွန်းအောင်မြင်ပြီး နောက်နှစ်ပတ်ကြာလျှင် ရိတ်သိမ်းရမည်ဖြစ်ကြောင်း လယ်ရှင်ဦးဟံမောင်က ပြောကြားသည်။

ညောင်လေးပင်မြို့နယ်၌ ပထမဆုံးအကြိမ် လယ်ငါးဧကပေါ်တွင် ကောက်စိုက်စက်အသုံးပြု၍ စမ်းသပ်စိုက်ပျိုးထားခြင်းဖြစ်ပြီး ပုံမှန်စိုက်ပျိုးမှုထက် အထွက်နှုန်းပိုကြောင်း၊ တစ်ဧကလျှင် စပါးတင်း ၁၀၀ကျော်ထွက်ရှိမည်ဖြစ်ကြောင်း၊ တောင်သူများအတွက် ပိုမိုအကျိုးဖြစ်ထွန်းသောကြောင့် ကောက်စိုက်စက်ဖြင့်စိုက်ပျိုးကြစေချင်ကြောင်း လယ်ရှင်ဦးဟံမောင်က သုံးသပ်ပြောကြားသည်။

ကောက်စိုက်စက်ကိုအသုံးပြုစိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် မျိုးစေ့ ရှစ်ပြည်မှ ၁၀ ပြည်ခန့်သာကုန်ကျသဖြင့် မျိုးစေ့ကုန်ကျမှုနည်းပါးခြင်း၊ လုပ်အားခသက်သာခြင်း၊ ပျိုးထောင်ဧရိယာအနည်းငယ်သာလိုအပ်ခြင်း၊ လေဝင်လေထွက်ကောင်းပြီး ကောက်ကွက်ဝင်ဆံ့မှုတိကျမှန်ကန်ခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းစေခြင်း စသည့်ကောင်းကျိုးများရရှိကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရားကိုင်ထန်းက ပြောကြားသည်။

အဆိုပါနွေစပါးစိုက်ပျိုးမှုကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာကလည်း ပူးပေါင်းဆောင်ရွက်ပေးထားပြီးညောင်လေးပင်မြို့နယ်အတွင်းရှိကောက်စိုက်စက်ဖြင့်စိုက်ပျိုးလိုသူ တောင်သူများအနေဖြင့် စက်မှုလယ်ယာဦးစီးဌာနမှ တစ်ဧကလျှင် ကျပ် ၂၅၀၀၀ ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သက်လွင် (ညောင်လေးပင်)**

ပင်လည်ဘူးမြို့နယ်တွင် လျှော်ဖြူစိုက်ပျိုးသူများ အောင်မြင်ဖြစ်ထွန်း

ပင်လည်ဘူး မေ ၉

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်တွင် နှစ်ရှည်ပင် လျှော်ဖြူပင်များကို စီးပွားဖြစ်စိုက်ပျိုးထားရှိကြရာ လျှော်ဖြူပင်များ အောင်မြင်ဖြစ်ထွန်း၍ လျှော်ဖြူအစေးများ စတင်ထုတ်ယူနေကြပြီး လျှော်ဖြူအစေးများကို ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း လျှော်ဖြူစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

နှစ်ရှည်ပင်ဖြစ်သော လျှော်ဖြူပင်များကို ၂၀၁၆ ခုနှစ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ စိုက်ဧက ၃၀ တွင် အပင် ၆၀၀၀ စိုက်ပျိုးထားကြောင်း၊ အစေးကို ၂၀၁၉ ခုနှစ် ဇူလိုင်လကစ၍ အပင် ၇၀၀ ခန့် စထုတ်ခဲ့ကြောင်း၊ ယခုနှစ်တွင် အပင် ၃၀၀၀ ခန့် ထုတ်ယူမည်ဖြစ်ကြောင်း၊ တစ်နေ့လျှင် လျှော်ဖြူအစေး အချိန် ၁၀ ထွက်ရှိကြောင်း၊ အစေးထွက်ရှိမှုအနေဖြင့် အဖြူရေခဲသားနှင့် ကြာဆံသား နှစ်မျိုးထွက်ရှိကြောင်း၊ လျှော်ဖြူအစေးများအား ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချရန် စီစဉ်ဆောင်ရွက်ထားသော်လည်း လက်ရှိလျှော်ဖြူအစေးမှာ အခြောက်ခံရေခဲသား တစ်ပိဿာကို ကျပ် ၂၀၀၀၀ သာ အဝယ်ရှိကြောင်း၊ လျှော်ဖြူဈေးကွက်ကိုလည်း ဈေးကောင်းရရန် မျှော်လင့်နေကြောင်း မြေလင်ကျေးရွာမှ လျှော်ဖြူစိုက်တောင်သူ ဦးညိုစိမ့်က ပြောကြားသည်။

နှစ်ရှည်လျှော်ဖြူပင်များကို စိုက်ပျိုးခြင်းဖြင့် နေ့စဉ်ပုံမှန်ဝင်ငွေများလည်း ရရှိ၍ သဘာဝပတ်ဝန်းကျင်လည်း စိမ်းလန်းစိုပြည်ပြီး အရိပ်များလည်းရရှိကာ သစ်တောသစ်ပင်ပြုန်းတီးမှုကိုလည်း ကာကွယ်မှုရှိကြောင်း၊ ပင်လည်ဘူးမြို့နယ်တွင် စိုက်ခင်း စိုက်ကွက်ရှိသူများအနေဖြင့် နှစ်ရှည်ပင် လျှော်ဖြူပင်များကို စိုက်ပျိုးထားသင့်ကြောင်း၊ လျှော်ဖြူစိုက်ပျိုးခြင်းဖြင့် လျှော်ဖြူအစေးများမှာ ဆေးအဖြစ်လည်းအသုံးဝင်သလို မိသားစုနေ့စဉ်ပုံမှန်ဝင်ငွေများလည်းရရှိကြောင်း သိရသည်။ **မျိုးလွင်(ပင်လည်ဘူး)**

ပြောင်းစိုက်ခင်းမှ ဝင်ငွေရရှိပြီး မိသားစုစားဝတ်နေရေး အဆင်ပြေ

စေတုတ္တရာ မေ ၉

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ခြင်ပြစ်ကိုင်းကျေးရွာတွင် ပြောင်းစိုက်ခင်းမှ ဝင်ငွေရရှိပြီး မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

စေတုတ္တရာမြို့နယ် ခြင်ပြစ်ကိုင်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ပြောင်းစိုက်ပျိုးမှုကို တစ်ဧကလျှင် ပြောင်းမျိုးစေ့နှစ်ပြည် ပထမဆုံး စမ်းသပ်စိုက်ပျိုးခြင်းဖြစ်ပြီး တပေါင်းလဆန်းပိုင်းက စတင်စိုက်ပျိုးခဲ့ရာ နှစ်လကျော်ကာလတွင် ပြောင်းဖူးများ ဈေးကွက်၌ ရောင်းချနေရပြီဖြစ်ကြောင်း ခြင်ပြစ်ကိုင်းကျေးရွာမှ ပြောင်းစိုက်တောင်သူ ဦးအောင်နိုင်စိုးထံမှ သိရသည်။

ခင်သန်းလှိုင်
(ပြန်/ဆက်)

လက်စတာစီးတီးနောက်ခံလူ ဘင်ချီဝဲလ်ကို ခေါ်ယူရန် ချယ်လ်ဆီးအသင်း ဆွေးနွေး

နောက်တန်းကစားသမား ဘင်ချီဝဲလ်ဟာ လက်စတာစီးတီးအသင်းကနေ ထွက်ခွာဖို့ ဆန္ဒရှိနေတယ်လို့ ပြောကြားလာတဲ့အတွက် ချယ်လ်ဆီးအသင်းက ဘင်ချီဝဲလ်ကို ခေါ်ယူရေး ဆွေးနွေးမှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။

ချယ်လ်ဆီးအသင်းအနေနဲ့ ဘယ်နောက်ခံကစားသမား ဘင်ချီဝဲလ်ကို နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ စာချုပ်ချုပ်ဆိုခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ နွေရာသီဈေးကွက်အတွင်းမှာ အသင်းရဲ့ နောက်တန်းခံစစ်ကြောင်းကို အင်အားဖြည့်တင်းဖို့ စီစဉ်နေတာဖြစ်ပြီး လက်ရှိ နောက်တန်းကစားသမားတစ်ဦးဖြစ်တဲ့ အီမာဆင်ဟာလည်း လာမယ့်အပြောင်းအရွှေ့ဈေးကွက်အတွင်း အသင်းပြောင်းရွှေ့ကစားဖို့ ရှိနေတာဖြစ်ပါတယ်။

မားကို့စ်အလွန်ဆိုကလည်း ချယ်လ်ဆီးအသင်းကနေ ထွက်ခွာဖို့ရှိနေတာကြောင့် ချယ်လ်ဆီးအသင်းက ဘင်ချီဝဲလ်ကို ခေါ်ယူဖို့ အဓိကပစ်မှတ်ထားနေတာလည်းဖြစ်ပါတယ်။ လက်ရှိမှာ နောက်တန်းကစားသမား ဘင်ချီဝဲလ်ကို ခေါ်ယူဖို့အတွက် မန်စီးတီးအသင်း၊ အက်သလက်တီကိုမက်ဒရစ်အသင်း၊ ပီအက်စ်ဂျီအသင်း စတဲ့ အသင်းတွေကလည်း စောင့်ကြည့်မှုတွေ ပြုလုပ်လျက်ရှိပြီး ဥရောပထိပ်တန်းအသင်းတွေထဲမှာတော့ ဘင်ချီဝဲလ်ကို ခေါ်ယူနိုင်မယ့်အသင်းအဖြစ် ချယ်လ်ဆီးအသင်းက ထိပ်ဆုံးက ရေပန်းစားနေတာဖြစ်ပါတယ်။

လက်စတာစီးတီးအသင်းအနေနဲ့ ဘင်ချီဝဲလ်ရဲ့ ပြောင်းရွှေ့ကြေးကို အမြင့်ဆုံးဈေးနှုန်းသတ်မှတ်ထားပြီး လက်စတာစီးတီးအသင်းကနေ မန်ယူအသင်းကို ပြောင်းရွှေ့သွားတဲ့ မာကွီယာရဲ့ ပြောင်းရွှေ့ကြေး(ပေါင်သန်း ၈၀) အတိုင်း လိုချင်နေတာဖြစ်ပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဘင်ချီဝဲလ်ဟာ အခုနှစ်ဘောလုံးရာသီမှာ ဘရန်ဒန်ရော့ဂျာရဲ့ လက်စတာစီးတီးအသင်းအတွက် ပရီမီယာလိဂ်ပွဲစဉ် ၂၃ ပွဲပါဝင်ကစားပေးထားပြီး နှစ်ဂိုးသွင်းယူပေးထားကာ နှစ်ဂိုးဖန်တီးပေးထားနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ လက်စတာစီးတီးအသင်းက ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့် ၃ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ နောက်တန်းခံစစ်ကြောင်းကို အားဖြည့်ဖို့အတွက် ဘင်ချီဝဲလ်အပြင် မိုနာကိုအသင်းမှ ပြင်သစ်ဘယ်နောက်ခံကစားသမား ဘယ်လိုတိုရေးကိုလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတာ ဖြစ်ပါတယ်။

မန်ယူအသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ဗန်ဒီဘိခ်ကို အေဂျက်အသင်းကနေ ထွက်ခွာခွင့်ပြုမည်ဟုဆို

မန်ယူအသင်းရဲ့ ဂိုးသမားဟောင်းနဲ့ အေဂျက်အသင်းရဲ့ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဗန်ဒါဆားဟာ မန်ယူအသင်းက ခေါ်ယူဖို့ပစ်မှတ်ထားနေတဲ့ အေဂျက်အသင်းကွင်းလယ်ကစားသမား ဗန်ဒီဘိခ်ကို အသင်းကနေ ထွက်ခွာခွင့်ပြုသွားဖို့ရှိတယ်လို့ ပြောကြားခဲ့ပါတယ်။

အေဂျက်အသင်းအနေနဲ့ ကွင်းလယ်ကစားသမား ဗန်ဒီဘိခ်ကို နွေရာသီအပြောင်းအရွှေ့ကာလအတွင်း အသင်းကနေထွက်ခွာခွင့်ပြုမှာဖြစ်ပေမယ့် ဈေးပေါပေါနဲ့ ရောင်းချမှာမဟုတ်ဘူးလို့ ဗန်ဒါဆားက ပြောခဲ့ပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဗန်ဒီဘိခ်ဟာ အခုနှစ်ဘောလုံးရာသီမှာ နယ်သာလန်ကလပ် အေဂျက်အသင်းအတွက် ၃၇ ပွဲမှာ ၁၀ ဂိုး သွင်းယူပေးထားပြီး ၁၁ ဂိုး ဖန်တီးပေးထားနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် ကွင်းလယ်တိုက်စစ်အတွက် အားထားရတဲ့ ဗန်ဒီဘိခ်ကို မန်ယူအသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတာလည်း ဖြစ်ပါတယ်။

လက်ရှိမှာ ဗန်ဒီဘိခ်ကို ခေါ်ယူဖို့ မန်ယူအသင်းအပြင် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းတို့ကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။ အေဂျက်အသင်းဟာ အခုနှစ်ဘောလုံးရာသီအစပိုင်းက ကွင်းလယ်ကစားသမား ဒီယက်ချ်ကို ပြောင်းရွှေ့ကြေး ပေါင် ၃၆ သန်းနဲ့ ချယ်လ်ဆီးအသင်းဆီ ပြောင်းရွှေ့ကစားခွင့်ပေးခဲ့ပြီး အိုနာနား၊ တာဂလီယာဖီကိုနဲ့ ဗန်ဒီဘိခ်တို့ကို အသင်းမှာ ဆက်ရှိရေးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

စပါးအသင်းက ဘာစီလိုနာကြယ်ပွင့် ရာကီတစ်ကို ခေါ်ယူရန်စိတ်ဝင်စားနေ

ပရီမီယာလိဂ်ကလပ် စပါးအသင်းဟာ ဘာစီလိုနာအသင်းရဲ့ ကြယ်ပွင့်ကစားသမား ရာကီတစ်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

ရာကီတစ်ကို ဆီဗီလာအသင်းက ခေါ်ယူမယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်ခဲ့ပေမယ့် ဆီဗီလာအသင်းအနေနဲ့ ရာကီတစ်ကို ခေါ်ယူမှာမဟုတ်ဘူးလို့ အတိအလင်း ပြောကြားလာပြီးချိန်မှာတော့ စပါးအသင်းနည်းပြ မော်ရင်ဟိုက ခေါ်ယူဖို့ ပစ်မှတ်ထားလာခဲ့တာ ဖြစ်ပါတယ်။

ရာကီတစ်ဟာ လက်ရှိမှာ ဘာစီလိုနာအသင်းနဲ့ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကလည်း နောက်ဆုံး ၁၂ လအတွင်းကို ရောက်ရှိနေပြီဖြစ်ပြီး ဘာစီလိုနာအသင်းကလည်း နွေရာသီဈေးကွက်အတွင်း ရာကီတစ်ကို ရောင်းချဖို့ စီစဉ်နေတာဖြစ်ပါတယ်။

အသက် ၃၂ နှစ်အရွယ်ရှိ ရာကီတစ်ကို ၂၀၁၄ ခုနှစ်က ဆီဗီလာအသင်းဆီကနေ ပြောင်းရွှေ့ကြေးပေါင် ၁၅ ဒသမ ၈ သန်းနဲ့ ဘာစီလိုနာအသင်းက ခေါ်ယူခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် ဆီဗီလာအသင်း အားကစားဒါရိုက်တာ မွန်ချီက ရာကီတစ်ကို အသင်းဆီတစ်ကျော့ပြန်ခေါ်ယူမှာမဟုတ်ဘူးလို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

အနုပညာ

အိုင်ယူရဲ့ တေးသီချင်းသစ်မှာ ဆော်လီကိုရည်ရွယ်ရေးသားခြင်းဖြစ်

ဆော်လီ(ဝဲ)နှင့် အိုင်ယူ(ယာ)

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ အိုင်ယူဟာ လတ်တလောမှာ တေးသီချင်းသစ်တစ်ပုဒ်ကို တေးဗီဒီယိုနဲ့အတူ ထုတ်လွှင့်ခဲ့ပါတယ်။ အဆိုပါ တေးသီချင်းကို အိုင်ယူကိုယ်တိုင်ရေးသားထားတာဖြစ်ပြီး ပရိသတ်တွေကတော့ အဆိုပါ တေးသီချင်းဟာ ကွယ်လွန်သွားပြီဖြစ်တဲ့ တေးသံရှင် ဆော်လီကို ရည်ရွယ်ရေးသားထားတာဖြစ်ကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြတယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အိုင်ယူရဲ့ တေးသီချင်းသစ် Eight ကို မေ ၆ ရက်က စတင်ထုတ်လွှင့်ခဲ့တာပါ။ အဆိုပါ တေးသီချင်းမှာ အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရှူဂါလည်း ပါဝင်သီဆိုထားပါတယ်။ လတ်တလောမှာတော့ အဆိုပါ တေးသီချင်းဟာ ဒေသတွင်း တေးဂီတဇယားတွေနဲ့ ကမ္ဘာတစ်ဝန်းက iTunes တေးဂီတဇယားတွေကို ဦးဆောင်နေပါတယ်။

ယင်းတေးဗီဒီယိုမှာ မိန်းကလေးတစ်ဦးအကြောင်းကို ပုံဖော်ထားပါတယ်။ အသက် ၂၈ နှစ်ပြည့်ခဲ့တဲ့ မိန်းကလေးတစ်ဦးရဲ့ ခံစားချက်တွေကို ပုံဖော်ထားပြီး ဗီဒီယိုမှာပါဝင်တဲ့ အချို့သောအခန်းတွေဟာ ဆော်လီရဲ့ ရုပ်ရှင် Real မှ ဇာတ်ဝင်ခန်းနဲ့ ဆင်တူကြောင်းလည်း ပရိသတ်တွေက ဆိုပါတယ်။

သရုပ်ဆောင်အဖြစ်လည်း အောင်မြင်

အိုင်ယူနဲ့ ဆော်လီတို့ဟာ ရင်းနှီးတဲ့သူငယ်ချင်းတွေ ဖြစ်ကြပါတယ်။ သူတို့နှစ်ဦးစလုံးဟာ တေးသံရှင်တွေအဖြစ်သာမက သရုပ်ဆောင်အဖြစ်လည်း အောင်မြင်သူတွေပါ။ ဆော်လီဟာ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း ရုတ်တရက် ကွယ်လွန်ခဲ့ပြီး ဒေသတွင်းမီဒီယာအချို့က ဆော်လီဟာ ကိုယ့်ကိုယ်ကိုယ် သေကြောင်း ကြံစည်ခဲ့တာဖြစ်တယ်လို့ ရေးသားဖော်ပြကြပါတယ်။

စာအုပ်ဖတ်ကြားမှုကနေ အန်ဒီဆာကစ် ပေါင် သုံးသိန်းနီးပါး ရန်ပုံငွေရရှိ

ဟောလိဝုဒ်ရဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ အန်ဒီဆာကစ်က The Hobbit စာအုပ်ကို အစမှအဆုံးတိုင် ဖတ်ကြားကာ လတ်တလော ဖြစ်ပွားလျက်ရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေမှာ ထိခိုက်ခံစားခဲ့ရသူတွေအတွက် ရန်ပုံငွေ ကောက်ခံခဲ့ပါတယ်။ သူ့ရဲ့ ဖတ်ကြားမှုဟာ အစမှအဆုံးတိုင် ၁၁ နာရီခန့်ကြာမြင့်ခဲ့ပြီး ရန်ပုံငွေ ဗြိတိန်ပေါင် ၂၈၀၀၀၀ ကျော် ရရှိခဲ့တယ်လို့ စကိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသံနဲ့ သရုပ်ဆောင်

The Hobbit စာအုပ်မှာပါဝင်တဲ့ အခန်းတွေအားလုံး အန်ဒီဆာကစ်က တစ်ယောက်တည်း ဖတ်ကြားခဲ့ပြီး ယင်းစာအုပ်မှာ ပါဝင်တဲ့ ဇာတ်ကောင်တွေအားလုံးနဲ့ လိုက်ဖက်အောင်လည်း အန်ဒီဆာကစ် တစ်ဦးတည်းက အသံနဲ့ သရုပ်ဆောင်ဖတ်ကြားခဲ့တာလည်း ဖြစ်ပါတယ်။

The Hobbit နဲ့ Lord of the Rings ရုပ်ရှင်တွေမှာ အဓိကဇာတ်ကောင် ဂေါလမ်အဖြစ် ပါဝင်ခဲ့တဲ့ အန်ဒီဆာကစ်က အဆိုပါ အစီအစဉ်ကို ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေကြောင့် အသွားအလာကန့်သတ်ထားတဲ့ ကာလအတွင်း ထိခိုက်ခံစားရသူတွေအတွက် လှူဒါန်းမှုတွေပြုလုပ်ဖို့ ရန်ပုံငွေရရှိဖို့လည်း ရည်ရွယ်လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ယခုလို ကောက်ခံရရှိလာတဲ့ ငွေတွေကို လူသားများအကြား မညီမျှမှုတွေ လျှော့ချနိုင်ဖို့ရာ ကလေးငယ်တွေ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေ၊ မိသားစု စတင်တည်ထောင်သူတွေကို ထောက်ပံ့ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။

အေးပြည့် - စုစည်းသည်

၂၀၂၀ ပြည့်နှစ်ရဲ့ အခန့်ညားဆုံးသော အမျိုးသားအဖြစ် ရွေးချယ်ခံခဲ့ရတဲ့ ဗွီ

ကေပေ့ါပ်ကြယ်ပွင့် ဗွီဟာ တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ သူဟာ ယခုနှစ်အတွက် အခန့်ညားဆုံးသော အမျိုးသားအဖြစ် မဲအများဆုံး ရရှိခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လူသိများတဲ့ ယူကျူမီဒီယာ Top10World က ဗွီကို ၂၀၂၀ ပြည့်နှစ်အတွက် အခန့်ညားဆုံးသော အမျိုးသားအဖြစ် ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းကျော်ကြားတဲ့ အနုပညာရှင်တွေအနက် အခန့်ညားဆုံးသော အမျိုးသား ဆယ်ဦးကို ရွေးချယ်ကာ ၎င်းတို့အနက် ဗွီဟာ အခန့်ညားဆုံးဖြစ်ကြောင်း ပရိသတ်တွေက ရွေးချယ်ခဲ့ကြတာ ဖြစ်ပါတယ်။

ယခုနှစ်ရဲ့ အခန့်ညားဆုံးသော အမျိုးသားစာရင်းမှာ တေးသံရှင် ဇေမာလိခ်က နံပါတ်နှစ်နေရာမှာ ရပ်တည်နေပြီး မင်းသား ရောဘတ်ပတ်တီဆန်ကတော့ နံပါတ်သုံးနေရာမှာ ရပ်တည်နေကြောင်းလည်း သိရပါတယ်။

အမျိုးသမီးကလပ်နှင့် ဖူဆယ်ကလပ်အသင်းများမှ နည်းပြနှင့်ကစားသမားများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရောဝတီဖောင်ဒေးရှင်းက ထောက်ပံ့

ရန်ကုန် မေ ၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရောဝတီဖောင်ဒေးရှင်းသည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည့်ကာလအတွင်း အမျိုးသမီးဘောလုံးကလပ်အသင်းများနှင့် ဖူဆယ်ကလပ်အသင်းများမှ နည်းပြနှင့် ကစားသမားများအတွက် ဆန်နှင့် အစားအသောက်များ လှူဒါန်းခြင်းကို ယမန်နေ့က မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၏အကြံပေး ဦးဘန်နီတင်အောင်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဒေါက်တာရဲမွန်ထွဋ်တို့က ကူညီထောက်ပံ့ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၏အကြံပေး ဦးဘန်နီတင်အောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ အလုပ်အမှုဆောင်များဖြစ်သည့် ဒေါက်တာရဲမွန်ထွဋ် (ဖူဆယ်ကော်မတီ)၊ ဦးတင်မြင့်အောင် (နည်းပြကော်မတီ)၊ ဒေါ်မြတ်မြတ်ဦး (အမျိုးသမီးဘောလုံးကော်မတီ) နှင့် တာဝန်ရှိသူများက အမျိုးသမီးဘောလုံးအသင်းများ၊ ဖူဆယ်ကလပ်အသင်းများမှ တာဝန်ရှိသူများထံ ဆန်၊ ဆီနှင့် ငါးသေတ္တာများ လှူဒါန်းကြသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရောဝတီဖောင်ဒေးရှင်းသည် ဖူဆယ်ကလပ်အသင်းများမှ နည်းပြနှင့် ကစားသမား ၂၈၀၊ အမျိုးသမီးကလပ်အသင်းများမှ နည်းပြနှင့် ကစားသမား ၂၂၅ ဦးတို့အတွက် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရောဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသရေးလုပ်ငန်းများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ တာဝန်ပေးမှုအတိုင်း ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ပမှ ပြန်လည်ရောက်ရှိလာသည့် စောင့်ကြည့်ခံရသူ ၁၄၀ ကျော်ကို ဝေဇယန္တာလမ်းပေါ်ရှိ အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်)နှင့် သုဝဏ္ဏဘောလုံးကွင်းအတွင်းရှိ လက်ရွေးစင်ကစားသမားများ နားနေဆောင်တို့တွင် ထားရှိပေးထားသည့်အပြင် နေ့စဉ်စားသောက်မှုအတွက်ပါ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးတွင် ဆောင်ရွက်နေသည့် ဆရာဝန်နှင့် သူနာပြု ၈၀ ကိုလည်း ရောဝတီဘဏ် သင်တန်းကျောင်းတွင်ထားရှိကာ နေထိုင်စားသောက်ရေးအပြင် ဆေးရုံများသို့ သွားလာရေးအတွက်ပါ ကြိုပို့ကားများ စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တည်ထောင်ထားသည့် ရောဝတီဖောင်ဒေးရှင်းသည် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ကုသရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိသလို လိုအပ်သည့်နေရာများသို့လည်း လှူဒါန်းမှုများ ပြုလုပ်လျက်ရှိသည်။

သတင်း-ဖိုးသော်ဇင်

ဓာတ်ပုံ-ကိုသော်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၉

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

မေ ၁၅၊ ၁၆ ရက်တွင် ယှဉ်ပြိုင်ရမည့် Chinese 8 Ball ပြိုင်ပွဲတွင် မြန်မာနိုင်ငံအလံပါသည့် အင်္ကျီကို ဘုန်းမြင့်ကျော် ဝတ်ဆင်ကစားခွင့်ရမည်

ရန်ကုန် မေ ၉

Chinese 8 Ball ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်နေသည့် မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော် (ခ) မောင်မောင် (ခ) အားတီသည် မေ ၁၅၊ ၁၆ ရက်တွင် ယှဉ်ပြိုင်ရမည့်ပွဲစဉ်များတွင် မြန်မာနိုင်ငံအလံပါသည့် အင်္ကျီကို ဝတ်ဆင်ကစားခွင့်ရမည်ဖြစ်သည်။

ဘုန်းမြင့်ကျော်သည် ယင်းပြိုင်ပွဲတွင် ရလဒ်ကောင်းရရှိနေသည့်အပြင် မြန်မာပရိသတ် အများအပြား အားပေးနေသောကြောင့် ပြိုင်ပွဲကျင်းပရေးက ပြန်လည်ဂုဏ်ပြုသည့်အနေဖြင့် ပြိုင်ပွဲကစားသည့် အင်္ကျီတွင် မြန်မာနိုင်ငံအလံ တပ်ဆင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ Chinese 8 Ball ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကစားသမားများသည် ပြိုင်ပွဲကျင်းပရေးက သတ်မှတ်ပေးသည့် အင်္ကျီဖြင့်သာ ကစားရခြင်းဖြစ်ပြီး ဘုန်းမြင့်ကျော်အတွက် မြန်မာနိုင်ငံအလံပါသည့် အင်္ကျီကို မေ ၁၅ ရက်ပွဲအမီ ပြီးစီးရန် ဆောင်ရွက်နေခြင်း ဖြစ်သည်။ ပြိုင်ပွဲကျင်းပရေး အနေဖြင့် အင်္ကျီတွင် စပွန်ဆာများကိုသာ ထည့်သွင်းဖော်ပြခဲ့သော်လည်း ဘုန်းမြင့်ကျော်ကို မြန်မာနိုင်ငံမှ ပရိသတ်အားပေးမှု များပြားခြင်းကြောင့် အင်္ကျီတွင် နိုင်ငံအလံ တပ်ဆင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

"ပြိုင်ပွဲကျင်းပရေးက အခုလို ဂုဏ်ပြုပြီး အင်္ကျီမှာ ဖော်ပြခွင့်ပြုတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ မေ ၁၅ ရက်ပွဲအမီ အင်္ကျီမှာ တပ်ဆင်ကစားနိုင်အောင် သူတို့ လုပ်ဆောင်နေပါတယ်။ ကျွန်တော်လည်း နောက်ပွဲတွေမှာ ရလဒ်ကောင်း ရရှိအောင် ကြိုးစားသွားမှာပါ" ဟု ဘုန်းမြင့်ကျော်က ဆက်သွယ်မေးမြန်းမှုအား ပြန်လည်ဖြေကြားသည်။

Chinese 8 Ball ပြိုင်ပွဲကို ဧပြီ ၁၈ ရက်တွင် စတင်ကျင်းပခဲ့ပြီး ဘုန်းမြင့်ကျော်သည် လေးပွဲကစား၊ လေးပွဲနိုင် ရမှတ် ၂၄၅၀၀ ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ဘုန်းမြင့်ကျော်သည် မေ ၁၅၊ ၁၆၊ ၃၁ ရက်တွင် လက်ကျန်သုံးပွဲ ထပ်မံကစားရမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်

ဓာတ်ပုံ-Ko Ar Ti Facebook

- ကလေးများအတွက် နေ့စဉ်လိုအပ်သော ဗီတာမင်နှင့်သတ္တု အာဟာရဓာတ်များ ပြည့်မီစွာရရှိစေရန် အစာကျွေးခြင်း နှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပွဲများကို အုံ့မခန်း အာဟာရအဖွဲ့သည် Aung Yeiktha Co.,Ltd ၏ ပံ့ပိုးမှု ဖြင့် ၂၀၁၂ ခုနှစ်မှာ စတင်ကာ ပြုလုပ်ခဲ့ပါသည်။
- ကလေးမျက်နှာ ပုံကလေးပါသော Sprinkles အမှတ်တံဆိပ် အဏုအာဟာရမှုန့်ကလေးများကို ရင်သွေးငယ်များ နေ့စဉ်စားသုံးသည့် ထမင်း၊ ဟင်းတို့ နှင့်အတူ နယ်ဖပ် ကျွေးမွေးခြင်းအားဖြင့် ရင်သွေးငယ်များ သွေးအားကောင်းကာ ကိုယ်ခံစွမ်းအားပြည့်ပြီး ကျန်းမာခြင်း၊ ဖျားနာမှု မရှိသဖြင့် ကျောင်းပျက်ရက်နည်းခြင်း၊ ဉာဏ်ရည်ထက်မြက်ခြင်း၊ ကျောင်းစာထူးချွန်ခြင်း စသည့်အကျိုးများ ခံစားနိုင်ပုံကို အသိပညာပေး ဟောပြောပွဲများမှာ ထည့်သွင်းပြောကြားခဲ့ပါသည်။
- ယခုအခါ ကလေးများသာမက လူကြီးများလည်း သွေးအားကောင်းပြီး ကိုယ်ခံစွမ်းအားပြည့်ဝလာစေရန် သုံးစွဲလာသဖြင့် အနယ်နယ်အရပ်ရပ် ဆိုင်များတွင် လုံလောက်စွာ ဝယ်ယူနိုင်ရန် Sprinkles အမှတ်တံဆိပ် အဏုအာဟာရမှုန့်များ ကိုထပ်မံမှာယူထားပါသည်။
- ၂၀၂၀ ခုနှစ် မေလကုန် တွင်ရောက်ရှိ လာမည်ဖြစ်ရာ မေလကုန် မှစတင်၍ မိဘပြည်သူများ ဆက်လက် သုံးစွဲနိုင်တော့မည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
- အောက်ပါ ဖုန်းများသို့ ဆက်သွယ် မှာယူနိုင်သည့် အပြင်၊ အာဟာရမှုန့်နှင့်ပတ်သက်သည့်သိကောင်းစရာများကိုလည်း အချိန်မရွေးဆက်သွယ် မေးမြန်းနိုင်ပါသည်။
- ဖုန်း - ၀၁ ၆၆၆ ၅၃၂ / ၀၉- ၄၂၀ ၀၃၄ ၇၃၂ / ၀၉- ၇၃၂ ၁၄၄ ၈၆ / ၀၉-၈၇၇ ၂၃၃ ၄၅၆
- sprinklesmyanmar@gmail.com
- http://www.facebook.com/sprinkles.myanmar

MICRO-NUTRIENT SPRINKLES

ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများလွှင့်ခြင်း မပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ရွှေမန်းတောင် အမှတ်တံဆိပ်
အစာကြေဆေး
TMR000063 (0721)
Digestive Tablet
တဆဝက(စာနယ်ဇင်း) ၁၀၅/၁၀၁၇
ဖြန့်ချိရေး - အမှတ်(၁၀၂)၊(၃၀)လမ်းအောက်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၃၇၆၀၀၈၊ ၅၄၃၃၀၄၊ ၂၅၃၀၀၃၄၊ ၀၉-၈၅၃၀၄၃၃

အားလုံးကျန်းမာရေး ဒေါ်ကြွယ်ဆေးဆေး
ဒေါ်ရွှေမြယ် အမှတ်တံဆိပ် **အူမြင်း ဆေးဆေး**
ဗေဟာယနီးမူးဝေ၊ အိပ်မပျော်၊ စားမဝင်၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဗောဝမ်းရောင်၊ ခေါင်းရှုတ်ယွက်၊ ချိုင်းရှုန်း၊ ဓိယေပ်ပြုဆင်းခြင်းနှင့် သွေးဆုံးရောဂါများကို သုံးစွဲနိုင်ပါသည်။
တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - TMR001516(1019)
ဖြန့်ချိရေး - အမှတ်(၁၀၂)၊(၃၀)လမ်းအောက်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၃၇၆၀၀၈၊ ၅၄၃၃၀၄၊ ၂၅၃၀၀၃၄၊ ၀၉-၈၅၃၀၄၃၃

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ အပူစွမ်းအင်သုံးစက်ရုံများဌာန လက်အောက်ရှိ သာကေတစက်ရုံနှင့် သီလဝါဓာတ်အားပေးစက်ရုံများအတွက် ဒီဇယ်ဆီ ဂါလန်(၁၄၀၀၀၀၀) (တစ်ဆယ့်လေးသိန်းဂါလန်)ကို Tender No.99/EPGE/2019-2020(မြန်မာကျပ်ငွေ)ဖြင့် သက်ဆိုင်ရာစက်ရုံ ဆီသိုလှောင်ကန်(Tank)များ အတွင်းသို့အရောက် ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။
၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်	- ၁၁-၅-၂၀၂၀ ရက်
တင်ဒါပိတ်မည့်ရက်	- ၈-၆-၂၀၂၀ ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၀:၀၀ နာရီ

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ကိုအောင်ဟိန်း[၁၂/လမန(နိုင်)၁၂၅၉၂၃](ဘ) ဦးကျော်မြင့်နှင့် မစိမ့်ကြည်သူ[၁၂/ဥကတ(နိုင်)၁၈၄၄၁၀]၊ (ဘ) ဦးကြည်ဆွေ တို့သည် လွန်ခဲ့သော(၈)နှစ်ခန့်ကစပြီး အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြပြီးနောက် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၅-၅-၂၀၂၀ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းစာချုပ် ချုပ်ဆို၍ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ပါသည်။
သို့ပါ၍ ကိုအောင်ဟိန်းနှင့် မစိမ့်ကြည်သူ တို့သည် တစ်ဦးနှင့်တစ်ဦး လင်ခန်း၊ မယားခန်း ပြတ်စဲကာ လူမှုရေး၊ စီးပွားရေး အပါအဝင် အခြားကိစ္စရပ်များတွင် လုံးဝသက်ဆိုင် ပတ်သက်ခြင်းမရှိကြတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်ကြီး (စဉ်-၇၂၀၇)	**ဦးထွန်းထွန်းသာ(စဉ်-၉၉၀၅)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**

တိုက်(စီ/၁၁)၊ အခန်း(၉၀၆)၊ (၉-လွှာ)၊ မင်းဓမ္မဥယျာဉ်အိမ်ရာ၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၉၂၅၃၃၀၃၈၊ ၀၉-၄၀၁၈၈၂၀၀၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၄၊ မြေကွက်အမှတ်-၆၀၄၊ အလျားxအနံ ပေ(၄၀x၆၀)ရှိ ဦးလှမောင်(EI-၀၅၆၃၉၇)အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်တေဇ[၁၀/မလမ(နိုင်)၁၈၄၅၄၂]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက် အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၃)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ မြေကွက် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးမြတ်ထွေး(LL.B)	**ဒေါ်သက်သက်ခိုင်(LL.B)**
(စဉ်-၈၉၉၃)	**(စဉ်-၁၃၃၆၁)**

တရားလွှတ်တော်ရှေ့နေများ
အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၂၁၀၈၇၃၈၆၊ ၀၉-၂၅၀၆၅၇၈၁၄

သီးထပ်ရင် စပါးဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် သီးထပ်ရင်အရံမျိုးစပါး တင်း(၃၀၀၀၀)အား မြောင်းမြမြို့နယ်၊ ကွယ်လွယ် သိုလှောင်ရုံအရောက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို စိုက်ပျိုးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့တွင် ၂၄-၄-၂၀၂၀ရက်မှ ၂၅-၅-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၅-၅-၂၀၂၀ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ တင်ဒါပေးသွင်းရန် ဖြစ်ပါသည်။ အသေးစိတ် သိရှိလိုပါက ဖုန်း-၀၄၂-၂၄၅၁၈ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

အိမ်တိုင်ရာရောက် ကျန်းမာရေးပြုစုစောင့်ရှောက်မှု

CSC Co.,Ltd မှ အိမ်(သို့)ဆေးရုံတွင် ပြုစုစောင့်ရှောက်ရန် လိုအပ်သော ကလေး၊ သက်ကြီးရွယ်အိုနှင့် နာမကျန်းဖြစ်သူများအတွက် အချိန်တို (သို့) အချိန်ရှည် သူနာပြုအကူဝန်ဆောင်မှု ပေးလျက်ရှိပါသည်။ လက်ရှိဖြစ်ပွားနေသော Coronavirus ရောဂါအတွက်လည်း ကြိုတင်ကာကွယ်မှုနည်းလမ်းများ လုပ်ဆောင်လျက်ရှိပြီး CSC ဝန်ထမ်းများ၏ ကျန်းမာရေးအခြေအနေကိုလည်း Company မှ အမြဲစစ်ဆေးမှုများပြုလုပ်၍ ဝန်ထမ်းများအတွက် Mask, Gloves၊ လက်သန့်ရှင်းရေးအတွက် ပိုးသတ်ဆေးဘူးများလည်း စီစဉ်ပေးထားသဖြင့် Customer များမှ ယုံကြည်စိတ်ချစွာဖြင့် Care Service အား အသုံးပြုနိုင်ပါသည်။ ထို့အပြင် ဆေးရုံ Duty, အိမ် Duty ဟူ၍ ဝန်ထမ်းများအား အုပ်စုခွဲ၍ သူနာပြုအကူ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

Care Support Clover Co.,Ltd
Ph-09-790635964, 09-250234108, 09-974104771, 01-524577
အမှတ်(၂၈)၊ သုခမြိုင်(၁)လမ်း၊ လှိုင်မြို့နယ်

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၉ လမ်း၊ အမှတ်(၉၈) (ပထမထပ်)၊ အကျယ်အဝန်း ပေ(၁၅x၅၀)ရှိ (ထပ်ခိုးပါ)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင်ဖြစ်သူ ဒေါ်မြမြ(ကွယ်လွန်)၏ သားသမီးများဖြစ်ကြသော (၁) ဦးဆန်းအောင်[၁၁/သတန(နိုင်)၀၁၆၆၂၂]၊ (၂) ဒေါ်နီနီမာ[၁၂/လသန(နိုင်)၀၀၅၂၈၉]တို့က ၎င်းတို့(၂)ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်သော တိုက်ခန်းဖြစ်ကြောင်း အဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ၎င်းတို့ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမိုးကျော်ဦး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၈၈)
အမှတ်(၅၅)၊ အခန်း(၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၄၉၆၃၆

[illegible]

စဉ်	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	အကြောင်းအရာ
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	V Class [illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

[illegible]

စဉ်	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	အကြောင်းအရာ
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	Ngwe Yee Phyo (Myanmar) Co.,Ltd	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

ရောင်း/ငှား (အမြန်)

မရမ်းကုန်း၊ ဗဟန်း၊ ရန်ကင်း၊ တောင်ဥက္ကလာပ၊ မ/ဒဂုံ၊ တ/ဒဂုံ။
ဖုန်း-၀၉-၄၀၄၀၄၀၂၆၉

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂/ပေါင်းလောင်း-၂ မြေကွက်အမှတ် (၁၆၇၈)၊ ဧရိယာ(၀.၀၅၅)ဧကရှိဦးကျော်ဇံယျ အမည်ပေါက်မြေကွက်အား ဒေါ်ခင်စန်းအေး(ဘ)ဦးမောင်မောင်[၉/ပမန(နိုင်)၀၂၀၃၃၄]မှ ပျဉ်းမနားမြို့၊ မြို့မြေတိုင်းချဲ့ရေးကော်မတီ၏ ဝိုင်းကွက်တန်ဖိုးငွေရပြေစာ၊ အရောင်းအဝယ် စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်ဦးနှစ်ဘက်သဘောတူကတိဝန်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံပြုချက် (မူရင်း)များတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့် ဒီကရီများခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သီးသန့်လေဖမ့် အပူငြိမ်း၍ ရှုပ်ထွေးမှုလျော့နည်းသော
ဆီးချိုသွေးတိုးမျက်စိရောဂါကာကွယ်ပေးတဲ့ ဆေးစွမ်းထက်မြက် စိန်ဘာယက်
အကြောပြေသောက်ဆေး

မှယင်းကြီး မှယင်းလေး

ထုံကျဉ်ကိုက်ခဲလျှင် လိမ်း မူးမေ့လျှင် ရှူ
ကောင်းသတင်းမွှေးကြော် ဆင်ဖြူတော်
အကြောပြေ အက်ကြော လိမ်းဆေး

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရှမ်းပြည်နယ်၊ လောင်ကြီးခရိုင်၊ ကလေးမြို့၊ အမှတ် - ၄ သိမ်တော်ကျောင်းကျေးရွာအုပ်စုအမှတ်(၁၃) မြေပိုင်ကွက်အမှတ် -၁၊ မြေကွက်အမှတ် -၉၁၊ ဧရိယာ(၀.၂၄၄)ဧကအကျယ်အဝန်းရှိ နှစ်(၃၀)ငှား မြေကွက်ဟုခေါ်တွင်သည့် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ ကိုတရားဝင်အမည်ပေါက်ပိုင်ဆိုင်ခွင့်ရှိသည်ဟုဝန်ခံပြောဆိုသူ ဦးသန်းနိုင် (၁၂/အဂန(နိုင်) ၀၂၇၈၆၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဝယ်စရန်ငွေ ပေးချေခဲ့ပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်နိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

တရားလွှတ်တော်ရှေ့နေများ
လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအောင်နိုင်ဦး (စဉ်-၄၂၅၂)
LL.B

ဦးမျိုးညွန့် (စဉ်-၅၈၅၂)
LL.B,D.B.L

ဒေါ်အေးသူဇာ (စဉ်-၁၂၈၅၉)
LL.B,D.B.L,D.I.L

ဒေါ်ရီရီသောက် (စဉ်-၁၈၇၅၅)
LL.B

ဒေါ်ကြည်ပြာစမ်း (စဉ်-၁၆၁၃၆၃)
LL.B,D.L-101-WIPO

အမှတ်(၁)၊ ပင်ရှုရည်လမ်း၊ (ILBC ကျောင်းအနီး)၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၂၅၀ ၃၇၃၇၇၁၈၊ ၀၉ ၄၄၃၀ ၆၅၆၅၆၊ ၀၉ ၄၄၃၀ ၂၉၆၉၆
E.mail : saikhungnoung1995@gmail.com

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အောင်သပြေ(၅)လမ်း(ရှေ့)၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၄၆၉)၊ ဒေါ်ကျင်သိန်း အမည်ပေါက် ဂရန်မြေ၊ မြေအကျယ်အဝန်း ပေ(၄၀x၆၀)အနက်မှ မြေအကျယ်အဝန်း ပေ(၁၀x၆၀)ရှိ အိမ်အမှတ် (၄၂/ခ)ဟုခေါ်တွင်သော အိမ်ခြံမြေနှင့်တကွ ယင်းအိမ်တွင် တပ်ဆင်ထားသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အစပ်ဆက်စာချုပ်များဖြင့် အိမ်ခြံမြေ ရောင်းသူ ဒေါ်ကြည်ဝင်း[၁၂/သကတ(နိုင်)၀၉၈၉၁၃]၏ ခင်ပွန်းဖြစ်သူ ဦးစိန်ဝင်း[၁၂/သကတ(နိုင်)၀၉၅၁၈၆]က ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အိမ်ခြံမြေရောင်းသူ၏ ခင်ပွန်းဖြစ်သူ ဦးစိန်ဝင်းမှာ ကွယ်လွန်သွားပြီဖြစ်၍ ဇနီးဖြစ်သူ ဒေါ်ကြည်ဝင်းသည် မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ အဆိုပါအိမ်ခြံမြေကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်လာကာ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်မျိုးမင်း[၁၂/ဒပန(နိုင်)၀၅၂၆၄၄]နှင့် ဒေါ်အိအိဖြိုး[၁၂/သကတ(နိုင်)၁၈၈၀၁၈]တို့က အထက်ပါ အိမ်ခြံမြေကို ဝယ်ယူရန် ဒေါ်ကြည်ဝင်းထံသို့ ရောင်းချငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေ ပေးချေခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားဖြင့် မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်မျိုးမင်းနှင့် ဒေါ်အိအိဖြိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ရည်မွန်အောင် (စဉ်-၅၀၆၁၂) အထက်တန်းရှေ့နေ
ဒေါ်သန်းသန်းစိန် (စဉ်-၇၈၀၀) တရားလွှတ်တော်ရှေ့နေများ
ဒေါ်ဟေမာန်ဦး (စဉ်-၁၄၃၄၀)

ရုံးခန်း-အမှတ်(၈၃)၊ အခန်း-၁၁(ဒုထပ်)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၀၂၇၃၄၀၅၇၊ ၀၉-၇၈၀၀၃၄၃၅၄

"နှုန်းထွေးသော ဝန်ဆောင်မှုနှင့်အတူ"
"ယုန်မိသားစု ကုမ္ပဏီလီမိတက်"
ဈေးနှုန်းအထူးတန် ကွန်ဒိုအရောင်း (သီးသန့်)

1.Time City ၊ကမရ	(1300Sqft)	ရေကူးကန်ရှု မြင်ကွင်း	4100L
2.The Central ၊ရကသ	(1286Sqft)	M1,S1,ပြင်ဆင်ပြီး	3600L
3.Timeမင်းရဲကျော်စွာ၊အလုံ	(2135Sqft)	River View	3590L
4.ရွှေဟံသာကွန်ဒို၊လှိုင်	(2100Sqft)	M1,S2,ပြင်ဆင်ပြီး	3500L
5.Hill Top Vista ၊အလုံ	(1220Sqft)	M2,S1,ပြင်ဆင်ပြီး	3500L
6.Twin Centro ၊စမ်းချောင်း	(1755Sqft)	M2,S1,ပြင်ဆင်ပြီး	2950L
7.ရွှေဗမာ့ဒိုင်ကွန်ဒို၊အလုံ	(2100Sqft)	River View	2890L
8.လမင်းLuxury Condo၊လှိုင်	(2200Sqft)	M3,S1,Pk,Lift	2600L
9.The Gems Garden၊လှိုင်	(900Sqft)	M1,S1,AC3	1800L
10.ရွှေမိုးကောင်းကွန်ဒို၊ရကသ	(1570Sqft)	လမ်းမကြီးအလှည့်	1750L
11.ရွှေပုန်းညက်ရိပ်မွန်၊ကမရ	(1250Sqft)	အလွှာနိမ့်အသင့်နေ	1500L
12.ရွှေဂုံတိုင်တာဝါ၊ဗဟ	(1350Sqft)	M2,S1,ပြင်ဆင်ပြီး	1490L
13.Star City Condo၊သန်လျင်	(905Sqft)	M1,S1	1100L

☎- 09799991090,09799991095,09775560071
Hill Top Vistaနှင့် The Central Condoမှဝယ်ယူလိုသော(Customers)များရှိပါသဖြင့်ယုံကြည်စိတ်ချစွာအပ်နှံနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

ဒေါ်ကေသီအောင်[၁၂/လသယ(နိုင်)၀၅၄၇၇၂]နှင့် သမီးများဖြစ်ကြသော မလဝန်းဧကရီနှင့် မမိုးလတ်မဒီတို့၏ လူမှုကွန်ရက်ပေါ်တွင် ရေးသားတင်ပြနေမှုများအား မှန်ကန်ခြင်းမရှိသဖြင့် ဥပဒေအရ ဆောင်ရွက်ထားကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်စိန်[၁၂/ဗတထ(နိုင်)၀၂၅၆၅၉]၊ အမှတ်(၃၃/၃၅)၊ ဘိုကလေးဈေးလမ်း(အောက်)၊ အမှတ်(၇)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ် နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်။

ဒေါ်ကေသီအောင်နှင့် သမီးများဖြစ်သူ မလဝန်းဧကရီနှင့် မမိုးလတ်မဒီတို့သည် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မြင့်မြင့်စိန်နှင့် မိသားစုတို့အား လူမှုကွန်ရက်(facebook)မှ တစ်ဆင့် ရေးသားပြောဆိုနေသော အကြောင်းအရာများသည် မှန်ကန်မှုမရှိဘဲ ဂုဏ်သိက္ခာ ထိခိုက်အောင် မမှန်မကန်ရေးသားဖော်ပြနေကြောင်း ကြည့်ရှုရသူများအနေနှင့် ထင်ယောင် ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မိခင်နှင့် သမီးတို့က နေ့စဉ်ရက်ဆက် ပြုလုပ်နေ ကြောင်း ကျွန်ုပ်တို့အား ညွှန်ကြားလာပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ မိသားစုမှာ ဂုဏ်သိက္ခာထိခိုက်ခြင်း၊ ကြည့်ရှုသူများက ထင်ယောင်ထင်မှားဖြစ်ကာ စုံစမ်းဆက်သွယ်မေးမြန်းခြင်းအားဖြင့် အရှက်ရစေမှုဖြစ်စေ သဖြင့် ဒေါ်ကေသီအောင်နှင့်သမီးများသည် လူမှုကွန်ရက်ကို အသုံးပြု၍ ဒေါ်မြင့်မြင့်စိန်၏ မိသားစုအပေါ် မမှန်မကန်စွပ်စွဲနေခြင်းအား မည်သို့မျှ သည်းခံနိုင်မှုမရှိတော့သည့်အတွက် မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသည့် လူမှုကွန်ရက်အသုံးပြု၍ နစ်နာအောင်ဆောင်ရွက် သူများအပေါ် ပြဋ္ဌာန်းထားသည့် ဆက်သွယ်ရေးဥပဒေအရ သက်ဆိုင်ရာသို့ အမှုဖွင့် တိုင်ကြားထားပြီး ဖြစ်ပါကြောင်းနှင့် နောက်နောင် ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် နှင့် တစ်ဆင့်ကူးယူဖော်ပြမှုများ မပြုလုပ်ကြရန် သတိပေးတားမြစ်ပါသည်။ လိုက်နာခြင်း မရှိပါက ဆောင်ရွက်သူများအပေါ် ထပ်မံ၍ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်နီတာလွင် (စဉ်-၁၂၀၁၇) တရားလွှတ်တော်ရှေ့နေ
ဒေါ်ခင်စန္ဒာဝင်း (စဉ်-၄၆၈၄၃) အထက်တန်းရှေ့နေများ
ဒေါ်အေးချမ်းမိုး (စဉ်-၅၁၁၆၀)

အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၇၄၀၆

မိခင်အမည်မှန်

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ သရက်နှစ်ခွကျေးရွာ၊ အထက(ခွဲ)သရက်နှစ်ခွ တတိယတန်းမှ မခိုင်ဇင်မိုး၏မိခင် ဒေါ်ဝေဇင်မိုး၏ အမည်မှန်မှာ ဒေါ်ငွေဇင်ဦး[၆/သရခ(နိုင်)၀၈၉၈၃၀] ဖြစ်ပါကြောင်း။ ဒေါ်ငွေဇင်ဦး

မိဘအမည်မှန်

"ဂေါ်ရန်ဂျီကျွန်းကို သွားတဲ့လမ်းနဲ့ ဒီလမ်းပေါ်မှာရှိတဲ့ ချောင်းဂတံတားကို တည်ဆောက်နေပါတယ်။ လမ်းနဲ့တံတားပြီးစီးရင် ပုသိမ်-ဂေါ်ရန်ဂျီကို ရာသီမရွေးသွားလာနိုင်တော့မှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ပြောသည်။

ရန်ကုန်မှ ပုသိမ်သို့ သွားလာရာတွင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရန် ရန်ကုန် - ပုသိမ်လမ်း ၂၃ မိုင် ငါးဖာလုံကို အကျယ်ပေ ၃၀ ရှိ ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၆၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်၍ ၂၀၂၀ ပြည့်နှစ် မေလကုန်တွင် ပြီးစီးရန် လျာထားသည်။ ထို့ပြင် ကျေးလက်ဒေသများတွင် လမ်း ၁၅၀/၂ မိုင်၊ တံတား ၃၅ စင်းနှင့် ရေပြွန် ၄၅ စင်း တို့ကို တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

"ကမ္ဘာ့ဘဏ်အကူအညီနဲ့ ပုသိမ်နဲ့ ဟင်္သာတခရိုင်တို့မှာ ရှေ့ပြေးစီမံကိန်းအနေနဲ့ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ မြေသားလမ်း၊ ကျောက်ချောလမ်း၊ တံတားနဲ့ ရေပြွန်တွေကို ဆောင်ရွက်လျက်ရှိပါတယ်။ လူထုဗဟိုပြုစီမံကိန်းအနေနဲ့ လုပ်ငန်းပေါင်း ၁၀၈၆ ခုကို ငွေကျပ် သန်း ၁၀၄၅၀ ဒသမ ၄၂ သန်း အကုန်အကျခံဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်" ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ဆိုသည်။

လျှပ်စစ်ကဏ္ဍအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း NEP Phase (1) အစီအစဉ်ဖြင့် ကျေးရွာပေါင်း ၆၅၃ ရွာအနက် ၂၃၆ ရွာကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး NEP Phase (2) အစီအစဉ်ဖြင့် ကျေးရွာပေါင်း ၈၉၂ ရွာ ဓာတ်အားရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ထရန်စဖော်မာ ၁၇၁ လုံး၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၂၉ ဒသမ ၇၆ မိုင်နှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၀၆ ဒသမ ၂၂မိုင် တို့ကို တိုးတက်တည်ဆောက်နိုင်ခဲ့သည်။ ချောင်းသာမြို့တွင် ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံနှင့် ၆၆ ကေဗွီဓာတ်အားလိုင်း ၁၂ ဒသမ ၃၆ မိုင် တည်ဆောက်ခဲ့ပြီး ချောင်းသာနှင့် ရွှေသောင်ယံမြို့တို့ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ခရိုင်ခြောက်ခရိုင်တွင် မိုဘိုင်းစခန်းပေါင်း ၃၆၇ ခု တည်ဆောက်ပေးနိုင်ခဲ့ပြီး အော်တိုကြိုးဖုန်းစနစ် အဆင့်မြှင့်တင့်ခြင်းလုပ်ငန်းအနေဖြင့် မြို့နယ် (၁၀) မြို့နယ်ရှိ အော်တိုအိတ်ချိန်း (၁၂) ခုကို MSAN အိတ်ချိန်းသို့ အဆင့်မြှင့်တင်နိုင်ခဲ့ပြီး မြန်နှုန်းမြင့် အင်တာနက်စနစ် အသုံးပြုနိုင်စေရန်အတွက် Fiber to the Home(FTTH) စနစ် တပ်ဆင်ရန် ဆောင်ရွက်လျက်ရှိသည်။

အထူးကဏ္ဍ [ဃ] သို့ »»»

ဟင်္သာတမြို့နယ် မြို့ကွင်းကျေးရွာအုပ်စုတွင် ဧက (၁၀၀) စက်မှုလယ်ယာ စနစ်ကျ လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ထရန်စဖော်မာ ၁၇၁ လုံး၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၂၉ ဒသမ ၇၆ မိုင်နှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၀၆ ဒသမ ၂၂ မိုင်တို့ကို တိုးတက်တည်ဆောက်နိုင်ခဲ့။

ချောင်းသာမြို့တွင် ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံနှင့် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၂ ဒသမ ၃၆ မိုင် တည်ဆောက်ခဲ့ပြီး ချောင်းသာနှင့် ရွှေသောင်ယံမြို့တို့ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ။

»»» အထူးကဏ္ဍ [၈] မှ

စည်ပင်သာယာရေးကဏ္ဍအနေဖြင့် ပုသိမ်မြို့ ရေပေးဝေရေးစီမံကိန်းကို ဂျပန်နှစ်ရှည်ချေးငွေ(JICA ODA Loan)မှ ငွေကျပ် ၁၇ ဒသမ ၁၄၂ ဘီလီယံဖြင့် ဆောင်ရွက်လျက်ရှိပြီး ကျန်ပြည်နယ်များတွင် နိုင်ငံတကာချေးငွေ (Loan) များ၊ အလှူရှင်(Donate)များ၊ ထောက်ပံ့ကြေး (Grants)များဖြင့် ရေပေးဝေရေးစီမံကိန်းများကို နှစ်အလိုက် စီမံဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေမှ ငွေကျပ်သန်း ၃၉၃၀ ဒသမ ၁၉ ဖြင့် မြို့နယ်နှင့်မြို့ စည်ပင်သာယာရေးအဖွဲ့ ၃၃ ဖွဲ့အတွက် မြေတူးစက် ၂၅ စီး၊ ရေပုပ်စုပ်ယာဉ် ၂၄ စီး၊ အမှိုက်ကန်တင်ယာဉ်သုံးစီး၊ အမှိုက်သိမ်းယာဉ် (တစ်ပါ) ၃၆ စီးနှင့် သုံးဘီးဆိုင်ကယ် ၅၆ စီး စုစုပေါင်း ၁၄၄ စီးကို ခွဲဝေထောက်ပံ့နိုင်ခဲ့သည်။

ထို့ပြင် တိုင်းဒေသကြီးတွင်းရှိ ပြည်သူများအတွက် မြို့နယ်နှင့် မြို့များ၌ e- Government စနစ်ဖြင့် ဆောင်ရွက်သော e- Municipal Applications များဖြင့် ပစ္စည်းခွန်များ ကောက်ခံခြင်းနှင့် လုပ်ငန်းလိုင်စင်စနစ်ကို အွန်လိုင်းမှ ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်နိုင်ရန် စတင်ဆောင်ရွက်နေပြီဖြစ်သည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကျေးလက်ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေတွင်း၊ ရေကန်နှင့် အခြားလုပ်ငန်းအရေအတွက် စုစုပေါင်း ၇၇၀ ကို ငွေကျပ်သန်းပေါင်း ၆၀၄၈ သန်း အကုန်အကျခံကာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ကျောင်းကုန်းမြို့နယ် ကောက်ကြီးကျေးရွာတွင် လျှပ်စစ်မြစ်ရေတင်တစ်ခု တည်ဆောက်ခဲ့၍ နွေသီးနှံများကို စတင်ရေပေးဝေလျက်ရှိပြီး ဓနုဖြူမြို့နယ် တမြာကျေးရွာတွင် လျှပ်စစ်မြစ်ရေတင်တစ်ခု တည်ဆောက်လျက်ရှိသည်။

ငွေဆောင်နှင့် ချောင်းသာကဲ့သို့ လှပသာယာသည့် ပင်လယ်ကမ်းခြေများ ပိုင်ဆိုင်ထားပြီး ပြည်တွင်း ပြည်ပ ခရီးသွားများ နှစ်စဉ်တိုးတက်လျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးတွင် ဒေသဆိုင်ရာ ခရီးသွားကော်မတီအနေဖြင့် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဒေသတွင်းခရီးစဉ်သစ်များကို ရှာဖွေဖော်ထုတ်လျက်ရှိသည်။

သမိုင်းကြောင်းအရ ထင်ရှားသည့် အိမ်မဲမြို့နယ်ရှိ ဘုရင့်နောင်ဖောင်ဖျက်သည့်နေရာ၊ ဘိုကလေးမြို့နယ် မိန်းမလှကျွန်းရှိ မိကျောင်းမွေးမြူရေးစခန်း၊ ရွှေသောင်ယံကမ်းခြေနှင့် ဂေါ်ရန်ဂျီကျွန်းဒေသများတွင် ခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများ ပါဝင်သောအဖွဲ့ဖြင့် မြေပြင်ကွင်းဆင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်း ပြည်ပခရီးသွားများဖြင့် စည်ကားနေသည့် ချောင်းသာကမ်းခြေကို တွေ့ရစဉ်။

"ခရီးသွားလုပ်ငန်းအနေနဲ့ ဧရာဝတီတိုင်းဒေသကြီးကို ခရီးသွားဧည့်သည် လာရောက်လည်ပတ်မှုက နှစ်စဉ်တိုးတက်လျက်ရှိပါတယ်။ ဝင်ငွေရရှိမှုက ယခင်နှစ်ကထက် ၃၀ ရာခိုင်နှုန်း တိုးတက်လာပါတယ်" ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးသည် သဘာဝဘေးဒဏ်ကြုံတွေ့နိုင်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်ရာ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးကို လျာထားအိမ်ထောင်စု ၇၉၀၀ အတွက် ရည်ရွယ်၍ သိုလှောင်ထိန်းသိမ်းထားပြီး သဘာဝဘေး ကြိုတင်ကာကွယ်ရေးအနေဖြင့် အရန် ဆန်အိတ်ပေါင်း ၂၁၀၀၀ ကျော် စုဆောင်းခြင်း၊ လူမှုရေးယာဉ်အစုအဖွဲ့နှင့် ရေယာဉ်စာရင်းများ ကောက်ယူထားခြင်းတို့ကို ဆောင်ရွက်ထားသည်။ စတုတ္ထ (၁) နှစ်တာကာလအတွင်း သဘာဝဘေးသင့် ပြည်သူများအတွက် ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်း၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေ ငွေကျပ် သိန်းပေါင်း ၆၀၄၉ ကျော်ကို ထောက်ပံ့ပေးနိုင်ခဲ့သည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးအတွက် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ရန်ပုံငွေမှ ငွေကျပ် သိန်း ၆၅၀ ဖြင့် ထိခိုက်ပျက်စီးမှုရှိနိုင်သည့် မြို့နယ် ၂၅ မြို့နယ်ရှိ ကျေးရွာရပ်ကွက် ၂၂၄ ရွာရှိ ကြံ့ခိုင်မှုအားနည်းသည့် နေအိမ် အလုံး ၂၅၀၀ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အဖွဲ့ ၅၀ ဖြင့် ၂၀၂၀ ပြည့်နှစ်ဧပြီလအတွင်း အပြီးဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

မီးဘေးအန္တရာယ် စောင့်ကြည့်ကွပ်ကဲနိုင်ရေးအတွက် ပုသိမ်မြို့ရှိ Swen Hotel တွင် e–Watching System ဖြင့် စောင့်ကြည့်လျက်ရှိပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် နယ်မြေမီးသတ်စခန်းများတွင် IP Camera GPS Tracking Device System အလုံး ၄၀ ကို တပ်ဆင်ပေးနိုင်ခဲ့သည်။

သဘာဝဘေးအန္တရာယ် ကျရောက်ပါက ခိုလှုံရန်အတွက် အဆောက်အအုံတစ်လုံးတွင် လူဦးရေ ၅၀၀ ခန့် ခိုလှုံနိုင်မည်ဖြစ်သည့် Shelter ၁၈ လုံး တည်ဆောက်ပေးခဲ့ပြီး ထပ်မံ၍ Shelter ၃၉ လုံးကို ဆက်လက်ဆောက်လုပ်နေပြီဖြစ်သည်။

ပညာရေးကဏ္ဍအနေဖြင့် တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းပေါင်း ၅၂၉ ကျောင်း အဆင့်တိုးမြှင့်ခြင်း၊ ကျောင်းဆောင် ၃၈၂ ဆောင် အသစ်ဆောက်လုပ်ခြင်း၊ တက္ကသိုလ်ဝင်စာစစ်ဌာနကိုးခု ထပ်မံတိုးချဲ့ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

ကျောင်းပြင်ပ မူလတန်းပညာရေး(NFPE)ကို မြို့နယ် ၁၄ မြို့နယ်တွင် အခြေစိုက်စခန်း ၇၆ ခု ဖွင့်လှစ်၍ ဆရာ ဆရာမ ၁၃၃ ဦးမှ ကျောင်းသားဦးရေ ၁၀၈၂ ဦးကို သင်ကြားပို့ချလျက်ရှိသည်။ ကျောင်းပြင်ပအလယ်တန်းပညာရေး(NFME)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဟင်္သာတမြို့နယ်တွင် ကျောင်းသား ၄၀ ကို ဆရာ ဆရာမ ငါးဦးဖြင့် သင်ကြားပို့ချနိုင်ခဲ့သည်။

ကျန်းမာရေးကဏ္ဍအနေဖြင့် တိုက်နယ်ဆေးရုံနှစ်ရုံ၊ ဝန်ထမ်းအိမ်ရာ ၂၁ လုံး၊ ကျေးလက်ကျန်းမာရေးဌာန ၁၈ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၁ ခု ထပ်မံတိုးမြှင့်တည်ဆောက်ပေးနိုင်ခဲ့သည်။ ဆင်းရဲနွမ်းပါးပြည်သူများကို ပံ့ပိုးကူညီရန် ရည်ရွယ်၍ ကျန်းမာရေးအထောက်အကူပြုကော်မတီများ မြို့နယ် ၂၆ မြို့နယ်တွင် ဖွဲ့စည်းထားရှိပြီး မြို့နယ်တစ်မြို့နယ်လျှင် ရုံးအဖွဲ့မှူးတစ်ဦး၊ တစ်လလျှင် ထောက်ပံ့ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ၂၆ ဦး ခန့်အပ်ထားသည်။ အလုပ်ရုံဆွေးနွေးပွဲ (၂) ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ဌာနဆိုင်ရာများနှင့် စေတနာရှင် အလှူရှင်များ၏ တစ်လုံးတစ်ခဲတည်း ထည့်ဝင်ငွေနှင့် လစဉ်ထည့်ဝင်ငွေတို့မှာ ငွေကျပ် ၁၈၆ ဒသမ၂၇ သန်းရှိပြီး လူနာ ၂၇၀၇ ဦးကို ငွေကျပ် ၇၆ ဒသမ ၃၇ သန်း လှူဒါန်းထောက်ပံ့နိုင်ခဲ့ပြီဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကာကွယ်ဆေးသိုလှောင်ခန်းအသစ်ကို တည်ဆောက်နိုင်ခဲ့ပြီး တစ်နှစ်အောက်ကလေး တစ်သိန်းကျော်အတွက် လုံလောက်သော ကာကွယ်ဆေးများ သိုလှောင်ထားရှိပြီးဖြစ်သည်။ တီဘီရောဂါ တိုက်ဖျက်ရေးအတွက် ရွေ့လျားဓာတ်မှန်ရိုက်စက်ယာဉ်ကို အသုံးပြု၍ ရောဂါရှာဖွေကုသပေးလျက်ရှိသည်။ ထို့ပြင် လတ်တလော ဖြစ်ပေါ်နေသည့် ကမ္ဘာ့ကပ်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကို ပြည်သူများ လိုက်နာဆောင်ရွက်ရမယ့် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ အစည်းအဝေးတွေပြုလုပ်ပြီး ပြည်သူတွေ ရောဂါနဲ့ပတ်သက်ပြီး ကုသကာကွယ်နိုင်ဖို့ လိုအပ်တဲ့ပစ္စည်းတွေကို ကြိုတင်ဝယ်ယူနိုင်ဖို့ တိုင်းဒေသကြီးအစိုးရအနေနဲ့ ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ရန်ပုံငွေတစ်ရပ်ကို ထူထောင်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ရောဂါကင်းဝေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်

"လောလောဆယ်ကမ္ဘာမှာ ကိုဗစ်–၁၉ ကပ်ရောဂါကို ပြည်သူများ လိုက်နာဆောင်ရွက်ရမယ့် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ အစည်းအဝေးတွေ ပြုလုပ်ပြီး ပြည်သူတွေ ရောဂါနဲ့ပတ်သက်ပြီး ကုသကာကွယ်နိုင်ဖို့ လိုအပ်တဲ့ပစ္စည်းတွေကို ကြိုတင်ဝယ်ယူနိုင်ဖို့ တိုင်းဒေသကြီးအစိုးရအနေနဲ့ ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ရန်ပုံငွေတစ်ရပ်ကို ထူထောင်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ရောဂါကင်းဝေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ပြောသည်။

မြို့နယ်ပေါင်း ၂၆ မြို့နယ်၊ မြို့ပေါင်း ၁၉ မြို့နှင့် ရပ်ကွက်ကျေးရွာ အုပ်စုပေါင်း ၁၁၈၆၀ တို့ဖြင့် ဖွဲ့စည်းထားသည့် လူဦးရေ ၆၃ သိန်းကျော်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ယူခဲ့ချိန်မှစ၍ စတုတ္ထ(၁)နှစ်တာကာလအထိ ဖွံ့ဖြိုးမှုစီမံကိန်းများကို တိုင်းဒေသကြီးအတွင်း အရှိန်အဟုန်ဖြင့် ဘက်စုံထောင့်စုံမှ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ နောင်လာမည့်အနာဂတ်ကာလတွင် ဖော်ဆောင်မည့် စီမံကိန်းများကြောင့် ဒေသတွင်း လူမှု၊ စီးပွား၊ ဘဝ ဖွံ့ဖြိုးတိုးတက်လာမှု၏အသီးအပွင့်များကို မဝေးတော့သည့်ကာလတွင် မြို့ပြနှင့် ကျေးလက် ခြားနားမှုမရှိဘဲ ဒေသခံပြည်သူများ အတူတကွ ခံစားရရှိမည်မှာ အမှန်ပင်ဖြစ်သည်။ ။

ခရီးသွားများကို စွဲဆောင်နေသည့် ဂေါ်ရန်ဂျီကျွန်းအလှကို တွေ့ရစဉ်။

မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးဂဏ္ဍ

မေ ၁၀၊ ၂၀၂၀
(တနင်္ဂနွေနေ့)

ဝတ္ထုတို

■ နေဇင်(မန္တလေး)

အခန်း(၁)

“ဟဲ့ ကောင်မလေး၊ ညည်းက မိုးလင်းပြီဆိုတာနဲ့ ဖုန်းပဲ အလုပ်လုပ်နေတာ။ မိဘကို ကူဖို့လည်း စိတ်ကူးမရှိဘူး။ အဝတ်လျှော်ဖို့လည်း အားမကိုးရ ။ ထမင်းချက်ကူဖို့လည်း အားကိုးမရ။ ဘယ်နေရာမှကို သုံးမရဘူး။”

ဒေါ်ထားထားခင် လက်ဖြင့်လည်း သူ့သမီး ငြိမ်းအေး၏ ကျောပြင်ကို ရိုက်လိုက်သည်။

“အမေတို့က သမီးချည်းပဲပြောနေတာ။ သူ့သားသမီးတွေကျမပြောဘူး။ ဘာလုပ်လုပ် ဒီကောင်မကြီးပဲ မကောင်းမြင်နေကြတာ။”

“အီး…ဟီး…ဟီး…”

ငိုသံကြီးနှင့်အော်ကြီးဟစ်ကျယ် ငြိမ်းအေးမှ ပြန်ခံပြောလိုက်ခြင်းဖြစ်သည်။ တစ်ခါတစ်ရံလည်း ဒေါ်ထားထားခင်ရဲ့ စိတ်မှာ သူ့သမီးကို သနားမိပြန်သည်။

မနက်လင်းသည်နှင့် ဒေါ်ထားထားခင်တို့အိမ်က ဒီအသံတွေကြားနေကျဖြစ်သည့်အတွက် အနီးပတ်ဝန်းကျင်က အိမ်နီးနားချင်းတွေပင် အကျင့်သားရနေပြီဖြစ်သည်။ ဒေါ်ထားထားခင်က မုဆိုးမ ကလေးလေးယောက်၏ အမေဖြစ်သည်။ သူတို့အိမ်တွင် ဒေါ်ပိုက်တင်ဆိုသည့် အသက်ကိုးဆယ်ကျော် အဘွားတစ်ယောက်လည်း ရှိသည်။ သူတို့အိမ်မှာ ရှိသမျှလူအားလုံးနီးပါး ဒေါ်ထားထားခင်အပေါ် မှီခိုရပ်တည်နေခြင်းဖြစ်သည်။ သမီးအကြီးဆုံး ငြိမ်းအေးကလည်း အရွယ်သာရောက်တာ ကူဖော်လောင်ဖက်မရ။ သူ့ကိုယ်သူ အနိုင်နိုင်ဖြစ်သော စိတ်ဝေဒနာသည်တစ်ဦးဖြစ်သည်။ စိတ်ဝေဒနာသည်ဆိုပေမယ့် သူသိချင်တာကျ သူများထက်ပိုသိသည်။ အရင်က ဒေါ်ထားထားခင်က သူ့ကိုပုံနှိပ်တိုက်တစ်ခုမှာ စက္ကူရွေးနေ့စားအလုပ်ကလေးလုပ်ခိုင်းသည်။ ရှင်းရသည့် ပြဿနာတွေများလာတော့ သူ့ကိုအိမ်မှာပဲ ကူလုပ်စေပြီး အပြင်အလုပ်ကို မလုပ်ခိုင်းတော့။ ဒါပေမယ့် အိမ်မှာလည်း ငြိမ်းအေးတစ်ယောက် မိုးလင်းကနေ မိုးချုပ်သည်ထိ ဖုန်းတစ်လုံးနှင့်သာ အချိန်ကုန်နေတော့သည်။ တစ်ခါတစ်ရံတော့လည်း သူတို့လမ်းကြားထဲက ကလေးများနှင့် စိန်ပြေးလိုက်တမ်းကစားနည်းကို ကြီးမကြီးကစားနည်း၊ ကြိုးခုန်ကစားနည်းနှင့် အခြားသော ကစားနည်းများတွင် ငြိမ်းအေးတစ်ယောက်ဝင်ဆော့နေတတ်သည်။ ထိုအချိန်တွင်တော့ ငြိမ်းအေးသည် ကလေးငယ်တစ်ယောက်ပမာဖြစ်သည်။

အခန်း(၂)

ငြိမ်းအေး၏ အောက်က သိန်းထိုက်ဖြစ်သည်။ သိန်းထိုက်က ဆယ်တန်းအောင်ပြီးသားဖြစ်သည်။ သူက တက္ကသိုလ်ကို အဝေးသင်တက်ရင်း နေ့ဘက်မှာကုန်ထမ်းပြီး ညဘက်မှာ စာသင်သည်။ ကုမ္ပဏီအလုပ်တွေက သက်သာသည်ဆိုသော်လည်း ဘွဲ့တစ်ခုခုရထားမှ ခေါ်တာများသည်။ ကုမ္ပဏီမှာ ရရာနေရာ ဝင်လုပ်မယ်ဆိုတော့လည်း ဝင်ငွေမကောင်းသောကြောင့် ကုန်ထမ်းသည့်အလုပ်ကို ဝင်လုပ်ခဲ့သည်။ သိန်းထိုက်၏အောက်က ရှစ်တန်းကျောင်းသား သုတနှင့် လေးတန်းကျောင်းသူ စံပယ်ဆိုသည့် မောင်နှမနှစ်ယောက်ရှိသည်။

သူတို့ကို စာကြိုးစားရန်သာ သိန်းထိုက်က ပြောနိုင်သည်။ စာကိုတော့ မပြပေးနိုင်ပါ။ သိန်းထိုက်တစ်ယောက် အိမ်မှာမရှိတာများသည်။ မနက်မိုးလင်းပြီဆိုလျှင် သူ့အမေနှင့် အစ်မတို့၏ စစ်ပွဲကို နားဆင်ပြီးတာနဲ့ အလုပ်သွားရသည်။ ညဘက်မှာလည်း ကျူရှင်သင်ပြီးမှ ပြန်လာတတ်သောကြောင့် ညမိုးချုပ်မှ အိမ်ပြန်ရောက်သည်။ တစ်ခါတစ်ရံ ကုန်ထမ်းတာ OT ဆင်းရရင် သူသင်တဲ့ကျူရှင်က ဖောင်တာကို ဖုန်းဆက်ပြီး အစားထိုးအချိန်ပေးပါမည့်အကြောင်း ပြောရပြန်သည်။

သိန်းထိုက်အလုပ်က ရသမျှလုပ်ခငွေကို သူ့မိခင် ဒေါ်ထားထားခင်ထံအပ်ပေမယ့် အိမ်ရဲ့ စားအိုးကလည်းကြီး၊ ဒေါ်ပိုက်တင်၏ နာတာရှည် ဆီးချိုရောဂါကိုလည်း ကုနေရသည်ဖြစ်၍ သိန်းထိုက်ပေးသောငွေမှာ မလောက်ပါ။ ထို့ကြောင့် ဒေါ်ထားထားခင်လည်း သူများအိမ်မှာ အဝတ်သွားလျှော်၊ တစ်ခါတစ်ရံ မြေကားလိုက် စသောအလုပ်များကို အမျိုးမျိုးလုပ်ရသည်။ တော်သေးသည်က သူတို့မှာ အိမ်ပိုင်ဝိုင်းပိုင်လေးနှင့်ဖြစ်ခြင်း ဖြစ်သည်။

တရိပ်ရိပ်တက်နေသော ကုန်ဈေးနှုန်း၊ ပင်ပင်ပန်းပန်း လုပ်သမျှဖြင့် မလောက်ငနိုင်သော အခြေခံအလုပ်သမားတို့၏ လုပ်ခလစာတို့သည် ပြောင်းပြန်အချိုးကျလျက်ရှိသည်။

သိန်းထိုက်တစ်ယောက် အလုပ်တွေနှင့် ပိနေသောကြောင့် အိမ်မှာရှိမနေသည်ကသာ များသည်။ ဒါကိုပင် သူက အကောင်းလို့ တွေးမိနေသည်။ အဘယ့်ကြောင့်ဆိုသော် သူအလုပ်နားတဲ့ ဥပုသ်ရက်တွေဆို အိမ်က အမေနှင့် သူ့အစ်မတို့၏ စကားနိုင်စစ်ပွဲကို တစ်နေကုန်ကြားနေရခြင်းကြောင့် ဖြစ်သည်။ တကယ်တော့ သူအလုပ်နားမှ ကြားရခြင်းမဟုတ်ပါ။ ဒေါ်ထားထားခင်နှင့် သူ့သမီးအကြီးဆုံး ငြိမ်းအေး၏ စကားစစ်ပွဲမှာ နေ့စဉ်ရက်ဆက်ဖြစ်သည်။ ဒေါ်ထားထားခင်က တစ်ယောက်ထဲကို ပြောသည်မဟုတ်။ ရှိသမျှသားသမီးတွေအကုန် ပတ်ပြောလေ့ရှိသည်။

အခန်း(၃)

“အမေ လပြည့်နေကျ ဟိုဘက်လမ်းကြားက ဒေါ်သောင်းတို့အိမ်က ဘုရားဖူးရယ်၊ တိရစ္ဆာန် ဥယျာဉ်ရယ်သွားမှာတဲ့ သမီးလိုက်ချင်တယ်။ ဒေါ်သောင်းကလည်း ခေါ်တယ်။ သူတို့အိမ်ကကားနဲ့ သွားမှာမို့ ကားခမပေးနဲ့တဲ့။ သုံးဖို့မုန့်ဖိုးနဲ့ထမင်းချိုင့်ပဲယူခဲ့တဲ့ အမေ…”

“ညည်းပိုက်ဆံရှိ လိုက်သွားပေါ့အေ။ ငါကတော့ မပေးနိုင်ဘူး။ ပေးစရာပိုက်ဆံလည်း မရှိဘူး။”

“ရတယ် မပေးနဲ့၊ သမီးစုထားတဲ့ပိုက်ဆံ ရှိတယ်။”

ဒါပေမယ့် ဒေါ်ထားထားခင် မနေသာပါ။ လပြည့်နေ့ရောက်တော့ လက်ထဲ ငွေမရှိပေမယ့် အိမ်နီးနားချင်း ဒေါ်အေးသန်းဆီမှ ချေးပြီး ငွေငါးထောင် မုန့်ဖိုးပေးလိုက်သည်။ အိမ်ရဲ့ အခြေအနေကို ငြိမ်းအေးတစ်ယောက် မတွေးတတ်။ မုန့်ဖိုးရတော့ သူ့မျက်နှာလေးရွှင်လန်းပြီး ထွက်ခွာသွားသည်။

အခန်း(၄)

“ထိုင်ပါဆို ငုတ်တုတ် ငုတ်တုတ်။ ထပါဆို မတ်တတ် မတ်တတ် ဆင်ကြီးဆင်ကြီး ဝူး…ဝူး။ ကျားကြီး ကျားကြီး ဟဲ…ဟဲ ။ မြွေကြီး မြွေကြီး ရှူး…ရှူး။ ဇာခြင်ထောင်လေး ဘယ်လောက်လောက်သေး ဟောဒီလောက်လောက်သေး။ ဇာခြင်ထောင်ကြီး ဘယ်လောက်လောက်ကြီး ဟောဒီလောက်လောက်ကြီး။ ငါ့ရောင်းစမ်းပါ အမေကဆူရင် ငါ့ဆီပြေးခဲ့ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ။ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ။”

ဒေါ်ထားထားခင်းတို့ အိမ်ရှေ့တွင် ကလေးတစ်သိုက် တစ်ယောက်လက်ကို တစ်ယောက်တွဲပြီး အဝိုင်းပုံစံလုပ်ကာ အထက်က ကဗျာလေးရွတ်ပြီး ကစားနေကြသည်။ ထိုအထဲတွင် ငြိမ်းအေးတစ်ယောက် အပါအဝင်ဖြစ်သည်။ တစ်ခါတစ်လေ ဒေါ်ထားထားခင်က အပူအပင်ဘာမှမရှိသည့် သူ့သမီးငြိမ်းအေးကိုကြည့်ပြီး သူ့ရင်ထဲက အပူတွေနှင့်လည်း ချိန်ထိုးကြည့်နေမိပြန်သည်။

အခန်း(၅)

အခုတစ်လော ဒေါ်ပိုက်တင်၏ ကျန်းမာရေးက ဖောက်နေသည်ဖြစ်၍ ဒေါ်ထားထားခင် ငွေလိုနေသည်။ သူတို့မှာ စုထားသည့် ငွေမရှိတော့ အိမ်နီးနားချင်း ဒေါ်အေးသန်းဆီကပဲ ချေးလိုက်ရသည်။ ကလေးငယ်နှစ်ယောက်ကလည်း စာမေးပွဲနီးပြီဖြစ်သည်။ ကလေးတွေ ကျူရှင်လခလည်း ပူရပြန်သည်။ မိသားစုဝင်ငွေ စီမံ ခန့်ခွဲမှုမှာ ဒေါ်ထားထားခင်တစ်ယောက် ကမောက်ကမ ဖြစ်ရလေတော့သည်။

သူ့သားသိန်းထိုက်ပေးသည့် ငွေကလည်း တစ်မိသားစုလုံး၏ စားဝတ်နေရေး၊ လူမှုရေး၊ ကျန်းမာရေးများတွင် ဘက်စုံသုံးရသောကြောင့်ပါ။ ဒေါ်ထားထားခင် အလုပ်လုပ်နေတဲ့ မြေကားကလည်း နားထားရသည်။ အဝတ်လျှော်နေကျ ဒေါ်သောင်းမေတို့အိမ်ကလည်း ရွာပြန်သွားသောကြောင့် ဒေါ်ထားထားခင် ပိုက်ဆံပြတ်နေခြင်းလည်းဖြစ်သည်။ သို့ပေမယ့် ဒေါ်ထားထားခင်က သူ့သားရှေ့တွင်တော့ မလောက်ကြောင်း မပြောရှာပေ။ နောက်ပြီး သိန်းထိုက်က အခုဆို ကုန်ထမ်းလို့ရသည့်ငွေပဲ ဒေါ်ထားထားခင်ထံ အပ်တော့သည်။ ကျူရှင်လခကို မအပ်တော့ပေ။

ဘာကြောင့်မအပ်သည်ကိုတော့ ဒေါ်ထားထားခင် မမေးခဲ့ပါ။

ည၏ လေပြည်သည် တိတ်ဆိတ်နက်ရှိုင်းသော ပတ်ဝန်းကျင်ကို အန်တုကာ ဖြတ်သန်းလာလေသည်။ လသာညကလေးဖြစ်၍ ဒေါ်ထားထားခင်နှင့် သိန်းထိုက် အိမ်ရှေ့တွင် ထိုင်နေကြသည်။

“အမေ သား…အမေ့ကို ပြောစရာရှိလို့”

“ဘာပြောမလို့လဲ သားရဲ့၊ ပြောလေ”

“သား…အခု ကျူရှင်လခတွေ အမေ့ကို မအပ်တာကလေ။”

သိန်းထိုက် စကားကိုဆက်မပြောဘဲ တွေဝေစွာ စဉ်းစားမိနေသည်။

“ဘာဖြစ်လဲ ဆက်ပြောလေ ငါ့သား”ဟု ဒေါ်ထားထားခင် ကပြောလိုက်မှ

“သား …နောက်နှစ် ဝါကျွတ်ရင် မိန်းမယူတော့မလို့ပါ အမေ”

“အေးလေ။ ငါ့သားလည်း အရွယ်ရောက်ပြီးကိုး။ အမေကတော့မရှိရှိတာလေးနဲ့ မင်္ဂလာဆောင်ပေးရုံပေါ့ သားရယ်။”ဟု အားမပါသောလေးနက်မှုဖြင့် ပြောလိုက်သည်။

“ကဲသား အိပ်တော့၊ မနက်အလုပ်သွားရဦးမယ်မဟုတ်လား။”

ဒေါ်ထားထားခင်အဖို့ ထိုညတွင်အိပ်မပျော်ခဲ့ပါ။ အဘွားဒေါ်ပိုက်တင်၏ ကျန်းမာရေး၊ သမီးကြီး ငြိမ်းအေးအတွက် နောင်ရေး၊ သားကြီး၏ မင်္ဂလာကိစ္စ၊ သားငယ်နှင့် သမီးငယ်တို့၏ ပညာရေး စသည်စသည်ဖြင့် များစွာသော အတွေးတွေကြောင့် သူ့ကိုယ်သူတောင် မေ့နေလေသည်။ ဒေါ်ထားထားခင်ရဲ့ အတွေးများစွာက သူ့နှလုံးသားဆီမှ အသွေးအကြောနှင့် သူ့တစ်ကိုယ်လုံးကို ပြန့်လျက်…..။

အေးချမ်းကြပါစေ။

မျိုးဆက်သစ်ရင်ပြင်
လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ရင်ပြင် သို့ ပေးပို့ပြီးစာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

စာတည်းအဖွဲ့

ထွန်ရေးပြင်ကြ မိုးကာလ

❍ နွေကိုကျော်လို့ မိုးရောက်လျှင်
လယ်သမားကြီး အသင့်ပြင်
မြန်ပြည်တစ်ခွင် ဝပြောဖို့
ထွန်ယက်ကာပင် စိုက်ပျိုးလို့။

❍ မိုးတိမ်ညို့ညို့ ရွာသွန်းလာ
ဖားအော်သံက တစာစာ
ထိုအခါ ပျိုမေများ
လယ်ထဲဆင်း၍ ပျိုးနုတ်သွား။

❍ ပါးကွက်ကြားနဲ့ ထဘီတို
တေးသီချင်းတွေ ဟစ်အော်ဆို
ချိုဘိုတူ နွားပြာတစ်ရှဉ်း
လယ်ဖွက်ထဲမှာ ထွန်ရေးခင်း။

❍ လယ်ရှင်ချင်းချင်း ထွန်ရေးပြိုင်
အထွက်တိုးဖို့ အပြိုင်ဆိုင်
တို့နိုင်ငံတွင် ဆန်ရေစပါး
ပေါ်ကြွယ်ဝလို့ လှန်ကြီးဖွား။

အောင်ထိုက် (ရေစကြို)

မေတ္တာမီးအိမ်ရှင်

■ ကိုဗစ်နိုင်တီး ကိုရိုနာ
ကမ္ဘာ့ကပ်ရောဂါ။
မြန်ဆန်စွာလေ ကူးစက်တော့
ဒုက္ခရောက်တာပေါ့။

■ ကျော့ကျော့မော့မော့ မနေသာ
ဆေးဘက်ဝန်ထမ်းပါ။
သေရမှာတောင် ထည့်မတွက်
စိတ်ဓာတ် ခိုင်မာလျက်။

■ လူနာအသက် မသေအောင်
သူတို့ကြိုးပမ်းဆောင်။
လောကလူ့ဘောင် ကောင်းစားရေး
ဘဝမြှုပ်နှံပေး။

■ လေးလေးစားစား ခေါ်ဆိုချင်
မေတ္တာမီးအိမ်ရှင်။
ဖြူဖြူစင်စင် မြတ်စိတ်ထား
ဂုဏ်ပြုကြစို့လား။

သာမန်လူ

ဆောင်းပါး

စာကြည့်တိုက်ယဉ်ကျေးမှု ကျောင်းစာကြည့်တိုက်မှ အစပြု

■ မော်ဝန်းသီဟ

စာကြည့်တိုက်ဟူသည် ပုံနှိပ်စာအုပ်များ၊ လက်ရေးစာမူများကို ရဟန်းရှင်လူပြည်သူအပေါင်းတို့ ဖတ်ရှုလေ့လာနိုင်ရန် စုဆောင်းထားရှိသော နေရာဌာနတစ်ခုဖြစ်သည်။

ရွှေငွေ အစရှိသော အဖိုးတန်ရတနာများကို ဘဏ်တိုက်များတွင် စုဆောင်းထားရှိနိုင်သကဲ့သို့ လူသားတို့၏ ယဉ်ကျေးမှုဆိုင်ရာ ပညာရပ်နယ်ပယ်အသီးသီးတို့ကိုလည်း စာကြည့်တိုက်များ၌ စုဆောင်းထားရှိနိုင်ကြပါသည်။ ထို့ကြောင့်စာကြည့်တိုက်များကိုပညာဘဏ်တိုက်များဟုပင် ခေါ်ဆိုထိုက်ပါသည်။

ယဉ်ကျေး၍ တိုးတက်ဖွံ့ဖြိုးသော ကမ္ဘာ့နိုင်ငံများတွင် စာကြည့်တိုက်များကို တွေ့ရှိရပါသည်။ သမိုင်းအထောက်အထားများအရ စာကြည့်တိုက်များသည် ရှေးနှစ်ပေါင်းများစွာကပင် တည်ရှိခဲ့ကြသည်။ ကမ္ဘာ့သုတေသနအဖွဲ့များ၏ ဘေဘီလုံမြို့ဟောင်း ရှာဖွေတူးဖော်မှုတွင် ဘီစီ ၂၅၀၀ ခန့်က တည်ဆောက်ခဲ့သည်ဟု ယူဆရသည့် စာကြည့်တိုက်ဟောင်းတစ်ခုကို တူးဖော်တွေ့ရှိခဲ့ကြသည်။

ထိုသို့သော ကမ္ဘာ့နိုင်ငံအနှံ့အပြားရှိ ရှေးဟောင်းစာကြည့်တိုက်များတွင် ရှေးခေတ်အီဂျစ်ဘုရင်မင်းမြတ်များ တည်ဆောက်ခဲ့သည့် အီဂျစ်နိုင်ငံ အလက်ဇန္ဒြားပြည်နယ်မှ စာကြည့်တိုက်သည် အကြီးဆုံးနှင့် အထင်ရှားဆုံးဖြစ်သည်။

ကမ္ဘာ့နိုင်ငံများနည်းတူ ကျွန်တော်တို့၏ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင်လည်း စာကြည့်တိုက်များသည် ရှေးမြန်မာမင်းများလက်ထက်တော်ကပင် ထွန်းကားပေါ်ပေါက်ခဲ့သည်။

သုဝဏ္ဏဘုမ္မိ သထုံပြည်၌ မနူဟာမင်းသည် ပိဋကသုံးပုံကို ရွှေစာရံဘုရား မဟာရံတံတိုင်းအတွင်း ပိဋကတ္တယစေတီဟုသမုတ်ကာ ပိဋကတ်တော်များကို အများသူငါ ဖတ်ရှုလေ့လာနိုင်ရန် ဥမင်လိုဏ်ခေါင်းထားရှိကာ ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ပုဂံတွင်လည်း အနော်ရထာစာကြည့်တိုက်ဟု ခေါ်ဆိုနိုင်သည့် ဘုံငါးဆင့်ပါရှိသော ပိဋကတ်အုတ်တိုက်တစ်ခု ပေါ်ပေါက်လာခဲ့သည်ကိုလည်း သိရှိမှတ်သားရသည်။

နယ်ချဲ့ဗြိတိသျှတို့ မြန်မာနိုင်ငံအပေါ် အုပ်စိုးခဲ့သည့် ကိုလိုနီခေတ်၌ မြန်မာနိုင်ငံသို့ အနောက်တိုင်းစံစနစ်ဖြင့် ကူးစက်ရောက်ရှိလာသော ယဉ်ကျေးမှုများတွင် စာကြည့်တိုက်ယဉ်ကျေးမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကိုလိုနီခေတ်၏ ပထမဆုံးသော စာကြည့်တိုက်ယဉ်ကျေးမှု စတင်ခဲ့သော နေရာသည် ရန်ကုန်မြို့၌ အောက်မြန်မာနိုင်ငံမင်းကြီး ဆာချားဗားနတ် တည်ဆောက်ခဲ့သည့် ပြည်သူ့စာကြည့်တိုက်ဟု ခေါ်ဆိုသော ဗားနတ်ပိဋကတ်တိုက်ဖြစ်သည်။

ရှေးခေတ်မြန်မာနိုင်ငံတွင် ကလေးသူငယ်များအား အခြေခံပညာသင်ကြားပေးရာ ဌာနများဖြစ်သော ဘုန်းတော်ကြီးကျောင်း အားလုံးနီးပါး၌ စာတိုက်စုများထားရှိခဲ့ကြသည်။ ပေစာများ၊ ပုရပိုက်စာများနှင့် စာအုပ်များကို စာတိုက်စုဟုခေါ်သော ဇာတ်စုံသေတ္တာများတွင် ထည့်သွင်းထားရှိခဲ့ကြသည်။ ထိုစာတိုက်စုအတွင်းမှ ပေ၊ ပုရပိုက်များနှင့် စာအုပ်စာတမ်းများကို ဘုန်းတော်ကြီးများ၏ ခွင့်ပြုချက်ဖြင့် ထုတ်ယူဖတ်ရှုနိုင်ခဲ့ကြသည်။ ထိုဘုန်းတော်ကြီးကျောင်းများ၏ စာတိုက်စု ဇာတ်စုံသေတ္တာများမှ တစ်ဆင့် ကျောင်းစာကြည့်တိုက်များ ပေါ်ပေါက်လာသည်ဟု ဆိုနိုင်ပါသည်။

စာကြည့်တိုက်တစ်ခုသည် ကျောင်းအဆောက်အအုံအတွင်း၌ တည်ရှိနေပါသော်လည်း ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ထိရောက်ကောင်းမွန် အကျိုးရှိအောင် စီမံဆောင်ရွက်နိုင်မှသာလျှင် ထိုစာကြည့်တိုက်ကို ကျောင်းစာကြည့်တိုက်ဟု ခေါ်ဆိုထိုက်ပါသည်။

ကျောင်းစာကြည့်တိုက်များသည် စာအုပ်စာတမ်းများ သိုလှောင်သိမ်းဆည်းရာ နေရာတစ်ခုအနေဖြင့် မဟုတ်ဘဲ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူတို့အတွက် ပညာဆည်းပူးလေ့လာရာ ကျောင်းပညာဘဏ်တိုက်တစ်ခု ဖြစ်နေရပေမည်။

စာသင်ကျောင်းကောင်း တစ်ကျောင်းသည် ကျောင်းအဆောက်အအုံ၊ ကျောင်းခြံစည်းရိုး၊ ပရိဘောဂအသုံးအဆောင်များ၊ သောက်သုံးရေ၊ အားကစားကွင်း၊ ယင်လုံအိမ်သာ၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ၊ ကျောင်းဥယျာဉ်နှင့် ကျောင်းစာကြည့်တိုက်ဟူသည့် ရုပ်ပိုင်းဆိုင်ရာအင်္ဂါရပ် (၉) ရပ်နှင့် ပြည့်စုံရပေမည်။ ထို့ကြောင့် ကျောင်းစာကြည့်တိုက်သည် စာသင်ကျောင်းကောင်းတစ်ကျောင်း၏ ပြယုဂ်လည်းဖြစ်သည်။

ပညာရေးတွင် သင်ယူခြင်းသည် အရေးကြီးပြီး ကျောင်းသား ကျောင်းသူ လူငယ်တို့၏ ဘဝတစ်လျှောက်လုံးတွင် သင်ယူနိုင်ရန် စာအုပ်စာပေများသည်လည်း အဓိကအခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်နေပါသည်။ ထိုသို့သော စာအုပ်စာပေများတည်ရှိရာ ကျောင်းစာကြည့်တိုက်များသည် ကျောင်းသား ကျောင်းသူများကို ဦးနှောက်ဖွံ့ဖြိုးတိုးတက်ကာ စဉ်းစားတွေးခေါ်နိုင်စွမ်းရှိစွာ သင်ယူနိုင်ရေးတွင် အထောက်အကူဖြစ်စေပါသည်။ ထို့ကြောင့် ကျောင်းစာကြည့်တိုက်များသည် ပညာရေးကဏ္ဍတွင် အရေးပါအရာရောက်သော နယ်ပယ်တစ်ခုအဖြစ် ပါဝင်လျက်ရှိလာပြီဖြစ်သည်။

ယခင်ပညာရေးစနစ်သည် ကျောင်းသင်ခန်းစာများကိုသာ အဓိကထားခဲ့ကြသည့်အတွက် ကျောင်းသား ကျောင်းသူများသာမက ဆရာ ဆရာမများကိုယ်တိုင်ကပင် စာကြည့်တိုက်များနှင့် အနေဝေးခဲ့ကြသည်။

ယခုပြောင်းလဲကျင့်သုံးလျက်ရှိသော ပညာရေးစနစ်သစ်သည် ကျောင်းသင်ခန်းစာများအပေါ်၌ အခြေပြုခြင်းမျိုး မဟုတ်ဘဲ ကျောင်းသား ကျောင်းသူများ၏ လူနေမှုပတ်ဝန်းကျင်အခြေခံများအပေါ်တွင်သာ အခြေပြု သင်ကြားသင်ယူရမည်ဖြစ်သည်။ ကျောင်းစာကြည့်တိုက်တွင် ယင်းအခြေခံအသိပညာဗဟုသုတများကို ရရှိစေနိုင်သော စာအုပ်၊ စာစောင်များကို ထားရှိစေခြင်းဖြင့် ကျောင်းသား ကျောင်းသူများ ကျောင်းစာကြည့်တိုက်သို့ သွားရောက်ကာ ရှာဖွေဖတ်ရှုတတ်သည့် စာကြည့်တိုက်ယဉ်ကျေးမှုကို ရရှိစေသည်။

လူငယ်လူရွယ်များ စာကြည့်တိုက်သို့ သွားရောက်တတ်သည့် အလေ့အထရှိလာစေရန် ကျောင်းသား ကျောင်းသူ ကလေးသူငယ်အရွယ်ကပင် ကျောင်းစာကြည့်တိုက်မှစတင်ကာ မွေးမြူဖန်တီးပေးသင့်သည်။

ကျောင်းစာကြည့်တိုက်များသည် ပညာရှာဖွေလိုသူ ကျောင်းသား ကျောင်းသူတို့ကိုယ်တိုင် အသိပညာရရန်နှင့် ဦးနှောက်ဖွံ့ဖြိုးရေးအတွက် လက်လှမ်းမီရလောက်အောင် လွယ်ကူမှုရှိသည့် ပညာရှာမှီးရာအရပ်ဖြစ်ကာ လွတ်လပ်စွာ ရှာမှီးနိုင်သည့် တက္ကသိုလ်လည်းဖြစ်ပါသည်။

ကျောင်းသား ကျောင်းသူများ ကျောင်းစာကြည့်တိုက်ကို ပိုမိုအသုံးချလာစေရန်၊ ကျောင်းစာကြည့်တိုက်ကို ကျောင်းသား ကျောင်းသူများသည် အကောင်းဆုံးမိတ်ဆွေအဖြစ် တန်ဖိုးထားသိရှိလာစေရန်နှင့် ကျောင်းစာကြည့်တိုက်၏ စာပေဆိုင်ရာ စုဆောင်းမှု အစဉ်တိုးတက်စေရန်အတွက်လည်း ကျောင်းစာကြည့်တိုက်၏ လိုအပ်ချက်များကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနေရမည်ဖြစ်သည်။

ကျောင်းစာကြည့်တိုက်များကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးခြင်းဖြင့် ကျောင်းစာကြည့်တိုက်ကို ကျောင်းသား ကျောင်းသူများ ပိုမိုအသုံးပြုလာပြီး ကျောင်းသား ကျောင်းသူတို့၏ စာဖတ်ရှိန်သည်လည်း ပိုမိုမြင့်မားလာစေမည်ဖြစ်သည်။

ကျောင်းစာကြည့်တိုက်များမှ စာအုပ်စာပေများကို ဖတ်ရှုကြရသဖြင့် စာပေဗဟုသုတကြွယ်ဝကာ စဉ်းစားတွေးခေါ် ချင့်ချိန်နိုင်သော နိုင်ငံ့အားမာန် ကျောင်းသားလူငယ်များ ပေါ်ထွန်းလာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် နိုင်ငံတော်အတွက် ပညာရည်ပြည့်ဝပြီး ထူးချွန်ထက်မြက်သော လူသားစွမ်းအားအရင်းအမြစ်များအဖြစ် နိုင်ငံ့တာဝန်အား ပခုံးပြောင်း ထမ်းဆောင်ကြမည့် လူငယ်မောင်မယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် အနာဂတ်နိုင်ငံတော်အား လှပစေနိုင်သော စာကြည့်တိုက်ယဉ်ကျေးမှုကို ကျောင်းစာကြည့်တိုက်မှ အစပြုတည်ထောင်သင့်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

မိုးဦးရာသီ

✻ မိုးဦးရာသီ ရောက်လာပြီ
ဖားပုရစ်တို့ သံဝေစည်။

✻ တက်ညီလက်ညီ ဝိုင်းဖွဲ့ထား
လယ်ကွင်းထဲကို သွားစို့လား။

✻ စိုက်ပျိုးစပါး မိုးခါလယ်
ကောက်စိုက်ကြလို့ တူပျော်ကွယ်။

✻ စနောက်ကြမယ် ပေါင်းဖော်ရင်း
ချစ်တဲ့ယောက်မ သူငယ်ချင်း။

✻ ကန်သင်းနံဘေး ညီညီညာ
လယ်ပတူကန်စွန်း ပုစွန်စာ။

✻ ခူးဆွတ်ကြကာ ရိုးတစ်လျှောက်
ဝသန်ရာသီ ဖြိုးမောက်မောက်။

✻ တစ်ပေါက်နှစ်ပေါက် မိုးစက်တွေ
အသံပေးလို့ ရောက်လာပေ။

✻ ရွာပါလေပေါ့ ကိုရွှေမိုး
သီးနှံလှိုင်ကာ အထွက်တိုး။

အောင်ကျော်မြင့်

သစ်ပင်စိုက်ကြမယ်

❂ တို့ပတ်ဝန်းကျင် လှဖို့ရယ်
သစ်ပင်စိုက်ကြမယ်။
နှင်းဆီစံပယ် ပန်းပင်များ
အလှစိုက်ပျိုးထား။

❂ အိမ်အရှေ့နား လေကာပင်
မိုးဒဏ်လေဒဏ်နှင်။
သီးပင်စားပင် မမေ့နဲ့
စိုက်ပျိုးကြစို့ကွဲ့။

❂ အသုံးဝင်မယ့် အပင်တွေ
အကျိုးပြုဖို့လေ။
စိမ်းလန်းစိုပြည် သာယာဖို့
သစ်ပင်စိုက်ပါစို့။

ဝင်းကျော်ထွေး(ပညာရေး)

ဝတ္ထုတို

အမရာပြည့်ပြည့်သူ

(၁)

ရင်မေတစ်ယောက် ခုန်ပေါက်ပြီးပြေးလာနေလိုက်တာ ခြေထောက်က မြေကြီးနဲ့ မထိတော့သလို။ တစ်ကိုယ်လုံးလည်း ပျော်ရွှင်ခြင်းအတိနဲ့ လွတ်လပ်ပေါ့ပါးလို့။

"အမေရေ…အမေ…အမေရေ..အမေ"

အမေ့ကို တကြော်ကြော်ခေါ်ပြီး လှုပ်လီလှုပ်လဲ့ ဝါးကြမ်းခင်းထားတဲ့ အိမ်လေးပေါ်ကို ပြေးတက်လိုက်တယ်။

"အမေရေ..အမေ သမီး ..သမီး.."

"ဟဲ့ အိမ်လည်းပြိုကျဦးမယ်၊ ဘယ်လိုဖြစ်လာတာလဲ..အလန့်တကြားနဲ့"

"သမီး သမီး ဆယ်တန်းစာမေးပွဲအောင်တယ် အမေရဲ့…ဂုဏ်ထူးနှစ်ဘာသာနဲ့"

"အဲဒီတော့ ဘာဖြစ်တုန်းအေ… ဒါများ အလန့်တကြား…သွား.. ထမင်းအိုး မတည်ရသေးဘူး၊ ထမင်းအိုးသွားတည်…ကျုပ်ဈေးထွက်ရဦးမယ်"

ဟင်..အမေဟာ ရင်မေ စာမေးပွဲအောင်တယ်ဆိုတာကို ဝမ်းမသာနိုင်ပါလား။ မပျော်ပေးပါလား။ ဘာကြောင့်လဲ၊ ဘာဖြစ်လို့လဲ။ တကယ်ဆိုရင် အမေဟာ ရင်မေရဲ့ အမေအရင်းတစ်ယောက်ပါ။ အမေအရင်းက သူကိုယ်တိုင်မွေးထားတဲ့ သမီးဖြစ်သူ စာမေးပွဲအောင်တာကို ဘယ်လိုမှ မခံစားရဘူးဆိုတာ ဘယ်လိုနှလုံးသားပိုင်ရှင်မျိုးမို့လို့လဲ။ ရင်မေဟာ ကျူရှင်မယူ၊ ဘော်ဒါဆောင်မနေ၊ ဝိုင်းမတက်၊ ဂိုက်ဆရာမခေါ်ဘဲနဲ့ ဖယောင်းတိုင်မီးနဲ့ စာကျက်ရင်း ဆယ်တန်းကို ဂုဏ်ထူးနှစ်ဘာသာပါခဲ့ပြီး နှစ်ချင်းပေါက်အောင်ခဲ့တာ။ ဒါကို အမေဟာ နည်းနည်းလေးမှ အသိအမှတ်မပြုပါလား။ ထမင်းအိုးတည်ဖို့ ဆန်ဆေးရင်း မျက်ရည်တို့က တလိမ့်လိမ့်ကျလာတယ်။ မိမိမှာတော့ ငါးရောင်းနေတဲ့အမေ ပျော်ပါစေဆိုတဲ့စိတ်နဲ့ အရူးကြီးလို ပြေးလာလိုက်ရတာ။ ပတ်ဝန်းကျင်ကိုတောင်မေ့တယ်။ ရင်မေ ကြည့်ဖူးတဲ့ 'အမေ့နို့ဖိုး' ရုပ်ရှင်ကားထဲမှာဆိုရင် မင်းမော်ကွန်း ဆယ်တန်းအောင်တာကို သူ့အမေ အကြော်သည်(ထွန်းအိန္ဒြာဗိုလ်)က ပျော်လွန်းလို့ဆိုပြီး ကွေးအောင်ကနေတာ။ သြော်…ဘဝက ရုပ်ရှင်နဲ့ တယ်ကွာလှတာကိုး။

"ဟိုကောင်မ… ထမင်းအိုးတည်ပြီးရင် လေးလမ်းထဲက မိမြတ့်ဆီမှာ ကျုပ်ပိုက်ဆံတစ်သောင်းခွဲသွားယူပေး…ဒီနေ့ပေးမယ်ပြောထားလို့ ကျုပ်က ညည်းကို ယူခိုင်းလိုက်မယ်လို့ ပြောထားပြီးသား"

မျက်ရည်များကို လက်ဖမိုးနဲ့ ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်ရင်း ထဘီကိုပြင်ဝတ်ကာ ထွက်လာခဲ့လိုက်တော့တယ်။ ခေါင်းတောင်မဖြီးဖြစ်တော့။ အရင်ဆိုရင် အပြင်သွားတိုင်း မှန်ရှေ့သွားပြီး ခေါင်းလေးတော့ ဖြီးလိုက်ရမှ။ ကြည့်ပါဦး ရင်မေစာမေးပွဲအောင်တယ်ကြားတော့ လမ်းထဲက ဘာမဆိုင်၊ ညာမဆိုင်လူတွေကတောင် ပြုံးပျော်လို့၊ ဝမ်းသာအယ်လဲမျက်နှာတွေနဲ့ ချီးမွမ်းထောပနာပြုကြရတာနဲ့။ အမေတစ်ယောက်ပဲ.. ကိုယ့်သမီးအရင်းတစ်ယောက် စာမေးပွဲအောင်တာကို မတုန်မလှုပ် ဘယ်လိုမှမခံစားရတာ။

(၂)

"ဒေါ်ဒေါ် ..အမေက သမီးရဲ့အမေအရင်းတော့ ဟုတ်ပါတယ်နော်"

မနေနိုင်တဲ့အဆုံး အမေ့ညီမကို ရင်မေ သွားမေးဖြစ်တယ်။

"ဟဲ့.. ဘာတွေလာမေးနေတာတုန်း.. ညည်းတို့မောင်နှမနှစ်ယောက်ကို အစ်မကြီးက ဘယ်လို ခက်ခက်ခဲခဲမွေးခဲ့ရတယ်ဆိုတာ ကျုပ် အသိဆုံး။ သူ့မှာ ညည်းတို့အဖေ ဆုံးပါးသွားပြီးတဲ့နောက် ငါးဒိုင်တွေဆီကနေ ငါးတွေကောက်ပြီး ဈေးထဲမှာ ငါးစိမ်းသည် လုံးလုံးလုပ်ခဲ့ရတာ ညည်းတစ်သက်။ သေစာရှင်စာတောင် လုံးစေ့ပတ်စေ့ မဖတ်တတ်တဲ့ အစ်မကြီးက ညည်းကိုတော့ ဆယ်တန်းအောင်အောင် ထားပေးခဲ့တာပဲ မဟုတ်ဘူးလား။ စာမတတ် ပေမတတ်ပေမယ့် သူ့ကလေးနှစ်ယောက်ကိုတော့ ငတ်မှာအရမ်းစိုးတာ။ မုဆိုးမဘဝနဲ့ ငါးစိမ်းသည်ဘဝကို ကျေကျေနပ်နပ်ခံယူထားခဲ့ရတဲ့ သူ့ဘဝမှာ ညည်းတို့ကို ချစ်လှပါချည်ရဲ့ဆိုပြီး ပွတ်သီးပွတ်သပ်တော့ ဘယ်လုပ်နေနိုင်မလဲအေ… စဉ်းစားပေါ့"

ဒေါ်ဒေါ်ပြောတော့လည်း ဟုတ်တာပါပဲလေ။ ရင်မေနဲ့ နှစ်နှစ်သာကွာတဲ့ မောင်လေးနဲ့ ရင်မေ့ကိုတော့ ကျောင်းထားပေးခဲ့ရှာပါတယ်။ ရင်မေက စာကြိုးစားသင်ခဲ့ပေမယ့် မောင်လေးကတော့ ယောက်ျားလေးပီပီ ကျောင်းဆက်မတက်ချင်တော့လို့ ကျောင်းထွက်ခဲ့တယ်။ အမေနဲ့ ဈေးထဲမှာ ဝိုင်းကူပေးတယ်။ ဒီတော့ အမေဟာ မောင်လေးနဲ့ ရင်မေ့ကို ယှဉ်လိုက်ရင် မောင်လေးအပေါ်ကိုပိုပြီး မေတ္တာပိုတယ်။ သနားတဲ့စိတ်လည်း ပါမှာပေါ့။ ရင်မေ့ကိုသာ 'ဟဲ့ကောင်မ၊ ဟိုကောင်မ' ခေါ်ပေမယ့် မောင်လေးကိုကျတော့ ကလေးလေးဆိုပြီး အသနားပိုခဲ့တယ်။ ဟင်းဆိုရင်လည်း ရင်မေ စားချင်တာ၊ မစားချင်တာကို မသိဘူး။ မောင်လေး စားချင်တာ၊မစားချင်တာကိုတော့ အမြဲသတိရတတ်တယ်။ မောင်လေးက ကလေးမို့လို့ အကောင်းပဲကြိုက်တတ်တာကို ရင်မေ သိပါတယ်။ ဒါပေမယ့် သားသမီးချင်းအတူတူ ပုစွန်ထုပ်ဟင်းကို မောင်လေးအတွက် ဖွက်ပေးထားပြီး ရင်မေ့ကိုတော့ ရှိတာနဲ့စားသွားလို့ ပြောခဲ့တဲ့ အကြိမ်အရေအတွက်က များလာခဲ့တော့ ရင်မေလည်း ခံစားခဲ့ရတာပေါ့လေ။

(၃)

"အေး… ငါဂျပန်စာသင်တန်းတက်ပြီး ဂျပန်ကို အလုပ်သွားလုပ်မယ်။ ငါ ပိုက်ဆံကို စောစောစီးစီးရှာတော့မယ်။ ပိုက်ဆံမရှာနိုင်တဲ့ လူတစ်ယောက်ဟာ ဘယ်လောက်မျက်နှာငယ်ရတယ်ဆိုတာကိုလည်း ငါသိပြီ မောင်လေး"

ဆယ်တန်းအောင်ပြီးတော့ ဘာလုပ်မလဲလို့ မေးလာတဲ့ မောင်လေးကို ရင်မေ အရှင်းဆုံးပဲ ပြောလိုက်မိတယ်။

"မမ..နင်ပြောသလို လွယ်မယ်များထင်နေလား။ နင် နိုင်ငံခြားကို အလုပ်ထွက်လုပ်ချင်တယ်ဆိုရင်တောင် ကုန်ကျစရိတ်ကရှိသေးတယ်နော်။ နင် အမေနဲ့ ကင်းလို့မရပါဘူးဟာ"

အမေမရှိတဲ့အချိန်မှာ မောင်နှမနှစ်ယောက် အခုလို တိုင်ပင်ဖြစ်ကြတယ်လေ။ မောင်လေးကလည်း ဈေးထဲမှာ ကျင်လည်လုပ်ကိုင်နေခဲ့ရသူဆိုတော့ ရင့်ကျက်သင့်သလောက်တော့ ရင့်ကျက်နေခဲ့ရှာပါပြီ။ အတန်းပညာသာ မတတ်ပေမယ့် ပိုက်ဆံကို သမ္မာအာဇီဝကျကျ ရှာနိုင်ခဲ့ပြီ။

" ဒါဆို အမေ့လုပ်စာကို အခန့်သားထိုင်စားပြီး ကျောင်းဆက်တက်ရမှာလား"

"သားသမီးနဲ့ မိဘချင်း နင် ဒီလိုတော့ မပြောပါနဲ့ မမရယ်"

ရင်မေ အခုဆယ်တန်းကို ဂုဏ်ထူးနှစ်ဘာသာ အမှတ်လေးရာကျော်နဲ့အောင်ခဲ့တယ်။ ဒါပေမယ့် ဘာဆက်လုပ်လို့ လုပ်ရမလဲဆိုတာကို အသေအချာမသိသေး။ မိဘကို ဝန်ထပ်ပေးပြီး တက္ကသိုလ်ဆိုတဲ့ ကျောင်းကိုပဲဆက်တက်ရမည်လား။ ဒီလို ပြြူးပြူးစူစူ ဆောင့်ဆောင့်အောင့်အောင့်နဲ့ပဲ ဘွဲ့တစ်ခုရအောင် ယူရမည်လား။ အဲဒီကျောင်းတွေတက်ပြီးသွားရင် ရုပ်ရှင်ထဲကလို မပူမပင် မကြောင့်မကြနဲ့ လစာမနည်းမနောရတဲ့သူ ဖြစ်သွားမှာတဲ့လား။ မသေချာ။

"ပိုက်ဆံရှာချင်သပဆိုရင်လည်း ကျုပ်နဲ့ ဈေးထဲမှာ လိုက်ရှာလို့ရနေပြီးသားပါအေ။ ညည်းကျောင်းတက်ချင်သပဆိုလို့ ကျုပ်မှာ မနည်းကုန်းရုန်းပြီး ပံ့ပိုးပေးနေရတာ"

ရင်မေ့ အမေဟာ အဲဒီလိုပါဆို။ ရုပ်ရှင်တွေထဲကလို ငါ့သမီး အလုပ်လုပ်စရာမလိုသေးဘူး။ သမီးတက်ချင်တဲ့တက္ကသိုလ်ကို အမေ အရောက်ပို့ပေးမယ်တွေ ဘာတွေမရှိဘူး။ ဒါက အမေ့ရဲ့ ရင်မေ့အပေါ်ထားတဲ့ မူပိုင်ပုံစံပဲ။

မောင်လေးနဲ့ ရင်မေပြောနေကြတဲ့ အချိန် အမေရောက်လာပြီး အားလုံးကိုကြားသွားခဲ့တယ်။ အမေ့ရဲ့ ပြောစကားကို ကြားရတော့ ရင်မေ အိပ်ရာထဲမှာ ခေါင်းအုံးပေါ် မျက်နှာအပ်ပြီး အံကြိတ်ငိုကြွေးခဲ့ရတယ်။ သြော်… အမေ အမေ၊ ဒီသမီးက ဘယ်လိုပဲ အကောင်းဆုံးနေပြနေပြ အမေ့အတွက်တော့ အကောင်းဆုံး မဖြစ်ပါလားနော်။

(၄)

ဂျပန်စာသင်တန်းသွားတက်မယ်ဆိုပြီး ရင်မေ့မှာရှိတဲ့ အသစ်လွင်ဆုံး အစိမ်းရောင် ဝမ်းဆက်လေးကို ထုတ်ဝတ်ကာ သပ်သပ်ရပ်ရပ်လေးထွက်လာခဲ့လိုက်တယ်။ အမေကတော့ (ရင်မေတောင်းထားလို့) ရင်မေ့အတွက် အသုံးစရိတ်ကို ဆန်အိုးပေါ်တင်ပေးထားတယ်။

"အမေ သမီးသွားပြီနော်။ ပိုက်ဆံယူသွားပြီ"

မီးဖိုချောင်ထဲမှာရှိနေတဲ့ အမေကြားအောင် လှမ်းအော်နှုတ်ဆက်လိုက်ပေမယ့် အမေ့ဆီက တုံ့ပြန်သံမကြားရပေ။ ကားစီးဖို့ မှတ်တိုင်မှာ ကားစောင့်နေတုန်း ဆူညံဆူညံ အုံးအုံးကျွတ်ကျွတ်အသံတွေကြောင့် ရင်မေ အမှတ်တမဲ့ ကြည့်မိလိုက်တယ်။ လမ်းဖြတ်ကူးနေတဲ့ ကောင်မလေးတစ်ယောက်ကို ကုန်တင်ကားကြီးက အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်တာတဲ့။

"သနားပါတယ်၊ ကောင်မလေးက အစိမ်းရောင် ဝမ်းဆက်လေးနဲ့ ဘေးလွယ်အိတ်လေးလွယ်လို့ ကားလမ်းကို အလျင်စလိုဖြတ်ကူးတာ။ နေရာတင်ပွဲချင်းပြီး သွေးကိုရဲနေတာပဲ"

ဘေးနားက ဦးလေးကြီးတစ်ယောက်ရဲ့ စကားကြောင့် ရင်မေလည်း စပ်စပ်စုစုနဲ့ လူအုပ်ကြားထဲ ရောယောင်ပြီး သွားကြည့်မိတယ်။

"အမလေး ….ဖယ်ကြပါ….ဖယ်ပေးကြပါ။ အဲဒါ ကျုပ်သမီးလေးပါ။ အစိမ်းရောင် ဝမ်းဆက်လေးဝတ်ပြီး သင်တန်းတက်ဖို့ ထွက်သွားတာ။ ကျုပ်သမီးလေး ကျုပ်သမီးလေး"

လှုပ်ခတ်တုန်ရီနေတဲ့ အသံတစ်ခုနဲ့အတူ ဆံပင်တွေလည်း ဖွာလန်ကြဲပြီး ဖြန်းဆိုရောက်လာတဲ့အမေ။ အင်္ကျီကြယ်သီးတွေလည်းပြုတ်၊ ထဘီကလည်း ကျွတ်တော့မလို လျော့တိလျော့ရဲ။ သွေးရူးသွေးတန်းနဲ့ လူအုပ်ကြားထဲကို အတင်းတိုးဝှေ့ပြီး ဝင်နေတယ်။

"မစိန်အေး..မစိန်အေး သတိထားလေ အဲဒါ ခင်ဗျားသမီး မဟုတ်ပါဘူးဗျ သေချာကြည့်ပါ မစိန်အေးရဲ့"

"ဟင်.."

ဘေးနားက လူတစ်ယောက်က ဝင်ပြောတော့မှ အမေဟာ သွေးရူးသွေးတန်းနဲ့ ကမူးရှူးထိုးဖြစ်နေရာကနေ ရပ်သွားတယ်။ တစ်ချက်တွေခနဲ စိုက်ကြည့်ပြီး လူအုပ်ကြားထဲကနေ ခြေလှမ်းကျဲကြီးတွေနဲ့ ထွက်ခွာသွားတယ်။ အစိမ်းရောင်ဝမ်းဆက်နဲ့ ကောင်မလေးတစ်ယောက် ကားတိုက်ခံရတယ်လို့ နားစွန်နားဖျားကြားခဲ့တဲ့ အမေဟာ သူ့သမီးပဲဆိုပြီး အရူးမီးဝိုင်း ပြေးထွက်လာခဲ့တာ။ တကယ့်အရူးမကြီးတစ်ယောက်လို။ သမီးဖြစ်သူကို မချစ်တတ်တဲ့အမေ၊ သမီးဖြစ်သူကို ဂရုမစိုက်ဘူးလို့ထင်ရတဲ့ အမေဟာ အပြင်သွားခါနီး သူ့သမီး ဘာအရောင်ဝတ်သွားတယ်ဆိုတာကိုတော့ အသေအချာ သိနေခဲ့တာပဲ။ အဲဒါနဲ့ သူ့သမီးတော့ ကားတိုက်ခံရပါပြီဆိုပြီး ဒရောသောပါး ပြေးချလာခဲ့တာ ကြည့်ပါဦး။ ဆံပင်တွေလည်း ဖွာလန်ကျဲ၊ အင်္ကျီကြယ်သီးတွေလည်း ပြုတ်ပြီး ရင်ဘတ်က ဟပြဲ။ ထဘီမနိုင် ဘာမနိုင်နဲ့ အာဂအမေ။ တတ်လည်းတတ်နိုင်တဲ့ အမေ။ သမီးလေးရဲ့..သားလေးရဲ့ ဆိုပြီး သားသမီးအနားမှာ မချွဲနွဲ့တတ်တဲ့အမေ။ မိုးလင်းလို့ မျက်စိနှစ်လုံးပွင့်တာနဲ့ ဘယ်ဒိုင်က ဘယ်ငါးကို ဘယ်ဈေးနဲ့ ဘယ်လောက်ယူရမလဲ ဆိုတာကိုသာ အာရုံရှိတဲ့အမေ။ ကိုယ်တိုင် အတန်းပညာမတတ်ခဲ့တဲ့အတွက် သားသမီး ပညာရေးအကြောင်းကိုလည်း ဘာမှမသိတဲ့ အမေ။ ဒီနေ့ဒီအချိန်ထိ သား၊သမီးနဲ့ စကားပြောရင် ကြမ်းကြမ်းတမ်းတမ်း၊ တုတ်ထိုးအိုးပေါက်ပြောတတ်တဲ့အမေ။ ဒီလို အမေဟာ သင်တန်းသွားတက်မယ်ဆိုပြီး အိမ်ကနေထွက်လာတဲ့ သမီးဖြစ်သူရဲ့ အင်္ကျီအရောင်ကိုတော့ သိနေခဲ့တာပဲ။ ဒီသမီး ဘယ်နေ့မှာ ဘာဝတ်တယ်ဆိုတာကို သိနေခဲ့ပြီး သမီးအတွက် အခုလို စိုးရိမ်တကြီး အရူးမကြီးတစ်ယောက်လို ပြေးချလာခဲ့တာပဲ။ သြော်…အမေ့ရဲ့ ဒီနေ့လို ဖြစ်ရပ်မျိုးဟာ ဇာတ်လမ်းတွေထဲမှာတောင် ရှိရဲ့လားလေ။ ရင်မေတစ်ယောက်တည်း အတွေးတွေနဲ့အတူ တစ်ဆက်တည်းမှာလည်း ရှေ့လျှောက်အမေ့အပေါ်ကို ဘယ်လိုမျိုး အကောင်းဆုံးဆက်ဆံပေးသင့်တယ်ဆိုတာကို နားလည်သိရှိသွားခဲ့ပြီလေ။ ။

မေတ္တာသည်သာ

မာန်မာနကင်း အလှဖြာ
ဤလောကကြီး ချမ်းမြေ့ရာ။
မေတ္တာသည်သာ အေးမြခြင်း
ဖြူစွာထားမယ် ပင်ကိုစိတ်ရင်း။
မတည်ငြိမ်ခြင်း လောကဓံ
ရှစ်ပါးအစုံ တွေ့ရမှန်။
သည်းခံမေတ္တာ အစပျိုး
အမုန်းလွင့်ပြယ် အလှတိုး။
သူတစ်ပါးကောင်းကျိုး လိုလားပါ
နေ့နေ့ညည ပီတိဖြာ။
ဖေးမမေတ္တာ ပေးဝေငှ
စိတ်ဝမ်းကြည်သာ ရည်တူစွ။
မသွေမတိမ်း အဓိဋ္ဌာန်ရည်
ဘဝငြိမ်းချမ်း လက်တွဲညီ။
မေတ္တာသည်သာ သင်းပျံ့မွှေး
လူနတ်ဖြဟ္မာ ချစ်တဲ့ဆေး။ ။

ကျော်စိုးရှိန်

ဆောင်းပါး

ပြုပြင်ပြောင်းလဲမှုနှင့် ဆန်းစစ်ဝေဖန်ခြင်း

■ မိုးခတ်(ဒေးဒရဲ)

လူတစ်ဦးနှင့်တစ်ဦးသည် မွေးဖွားရာမိသားစု၊ ကြီးပြင်းရာ ပတ်ဝန်းကျင်၊ ကျင်လည်ရာ လူ့အဖွဲ့အစည်းတို့ တူညီနိုင်ကြမည် မဟုတ်ပေ။ ထို့အတူ အတွေးအမြင်၊ အပြောအဆို၊ အပြုအမူတို့သည်လည်း တစ်ဦးနှင့်တစ်ဦး တူညီကြမည် မဟုတ်ပေ။ အကြောင်းအရာတစ်ရပ်အပေါ်တွင် ရှုမြင်ရာ၌ မိမိတို့ရှင်သန်ရာ ပတ်ဝန်းကျင်မှပေးလိုက်သော ရှုထောင့်အသီးသီးမှ ရှုမြင်ကြပေမည်။ ထို့ကြောင့် အကြောင်းအရာတစ်ရပ်အပေါ်၌ ရှုမြင်သော ရှုထောင့်ချင်းလည်း တစ်ဦးနှင့်တစ်ဦး တူညီကြမည်မဟုတ်ပေ။

ယနေ့ခေတ်တွင် ဆက်သွယ်ရေးနည်းပညာတိုးတက်လာမှုကြောင့် ဟိုမှသည်မှ သတင်းအချက်အလက်၊ အကြောင်းအရာ အမျိုးမျိုးတို့သည် တစ်နေရာမှတစ်နေရာသို့ အချိန်အနည်းငယ်အတွင်း ပျံ့နှံ့ရောက်ရှိနေသည်။ ထို့အတူ အမြင်မတူ၊ ရှုထောင့်မတူသူများ၏ တိုက်ခိုက်မှုများ၊ ရန့်ရင်းသောစကားလုံးများသုံး၍ ငြင်းခုံနေမှုများကိုလည်း ဖောဖောသီသီ တွေ့မြင်လာရသည်။ ထိုသို့ တိုက်ခိုက်ငြင်းခုံနေမှုများသည် ပြဿနာတစ်ရပ်ကို ဖြေရှင်းရာမရောက်သကဲ့သို့ ကောင်းသောအကျိုးသက်ရောက်မှုလည်း ရှိနိုင်မည်မဟုတ်ပေ။ သို့သော် ပြဿနာတစ်ရပ်ကို ဖြေရှင်းရာတွင် (သို့မဟုတ်) အဖြေရှာရာတွင် ဆန်းစစ်ဝေဖန်ခြင်းသည် အလွန်အရေးပါလေသည်။ ဆန်းစစ်ဝေဖန်ခြင်း၌ ဖြေရှင်းခြင်း၊ အဖြေရှာခြင်းဟူသော သဘောများပါဝင်ပေသည်။ ထို့ကြောင့် ဆန်းစစ်ဝေဖန်ခြင်းသည် အပြုသဘောဆောင်သည်။

ဤနေရာတွင် ၂၁ ရာစု ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှု (၅)မျိုးကို ဖော်ပြပေးချင်ပါသည်။ ပညာရေးလောကတွင် soft skills-5C's ဟူ၍လည်း ခေါ်ဝေါ်ပါသည်။ ၎င်းတို့မှာ -

(၁) လေးနက်စွာဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking & Problem Solving)
(၂) ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဦးဆောင်မှု (Collaboration & Leadership)
(၃) ဆက်သွယ်ပြောဆိုခြင်း (Communication)
(၄) တီထွင်ဖန်တီးခြင်းနှင့် ဆန်းသစ်တီထွင်ခြင်း (Creativity & Innovation)
(၅) နိုင်ငံသားကောင်းဖြစ်ခြင်း (Citizenship) တို့ ဖြစ်ကြသည်။

အထက်ဖော်ပြပါ အချက်များ၌ လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း (Critical Thinking & Problem Solving)ဟူသောအချက်ကို နံပါတ်(၁)နေရာ၌ ဦးစွာဖော်ပြထားသည်။ လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းဟူ၍ တွဲထားသည်။ ၂၁ ရာစုတွင် အရာရာသည် အရှိန်အဟုန်နှင့် တိုးတက်ပြောင်းလဲလာသကဲ့သို့ ကမ္ဘာကြီးတွင်လည်း ရင်ဆိုင်ဖြေရှင်းရမည့် ပြဿနာ အများအပြားဖြစ်လာသည်။ ပညာရေး၊ စီးပွားရေးစသည့် ကဏ္ဍအသီးသီးတွင် စိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ အဟောင်းအတိုင်း သွားနေ၍မရ။ ခေတ်နှင့်လျော်ညီအောင် ပြုပြင်ပြောင်းလဲပေးနေရသည်။

ဥပမာအားဖြင့် ကျွန်တော်တို့နိုင်ငံ၏ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲနေမှုကို ပြချင်ပါသည်။ ယခင် အကြောင်းအရာအခြေပြုသင်ရိုး (Content based curriculum) မှသည် ယခု တတ်ကျွမ်းမှုအခြေပြုသင်ရိုး (Competency based curriculum)ကို ဦးတည်ပြောင်းလဲနေသည်။ ဆရာဗဟိုပြုသင်ကြားနည်းမှသည် ကလေးဗဟိုပြုသင်ကြားနည်း ထိုမှသည် ဘဝဗဟိုပြုပညာရေးအထိ ခေတ်နှင့်လျော်ညီစွာ လိုက်ပါပြောင်းလဲပေးရပေမည်။ အခြားကဏ္ဍများ၌လည်း ထိုကဲ့သို့ပင် ပြုပြင်ပြောင်းလဲနေကြရပါသည်။

ထိုသို့ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၌ စိန်ခေါ်နေသော ပြဿနာများကို ဖြေရှင်းရန် ဆန်းစစ်ဝေဖန်ခြင်းမှာ အရေးကြီးလာပေသည်။ ဆန်းစစ်ဝေဖန်ခြင်းသည် မတူညီသော အရာများကို တူညီအောင်ညှိပေးခြင်း မဟုတ်။ မတူညီသော အရာများကိုပေါင်းစည်း၍ အဖြေရှာခြင်းဖြစ်သည်။ တစ်နှင့်နှစ်၏ တန်ဖိုးကို တူညီအောင် ညှိပေးခြင်းမျိုး မဟုတ်ဘဲ တစ်နှင့်နှစ်ကိုပေါင်း၍ သုံးဟူသောအဖြေတစ်ခု ထုတ်ပေးခြင်းဖြစ်သည်ဟု ကျွန်တော် မြင်မိပါသည်။ ထို့ကြောင့် ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်းဟူ၍ တွဲလျက် ဖော်ပြထားခြင်းဖြစ်ပေသည်။

ဆန်းစစ်ဝေဖန်ခြင်းကို မြတ်ဗုဒ္ဓကိုယ်တော်တိုင်ကပင် နှစ်သက်ခွင့်ပြုတော်မူပါသည်။ ကိုယ်တော်တိုင် ဟောကြားထားသော တရားတော်များကိုပင် အရမ်းယုံ၊ အကန်းယုံ မပြုကြဘဲ ဝေဖန်ဆန်းစစ်ရန် ခွင့်ပြုတော်မူလေသည်။ တရားဂုဏ်တော်(၆)ပါးတွင် "ဧဟိပဿိကော"

(လာပါ၊ ရှုပါ၊ ဆန်းစစ်ပါ) ဟူသော ဂုဏ်တော်ကို ထည့်သွင်းဟောကြားတော်မူခဲ့သည်။

မြတ်ဗုဒ္ဓသည် အယူဝါဒနှင့်ပတ်သက်၍လည်း မိမိအယူဝါဒသည်သာလျှင် ကောင်းသည်၊ မှန်သည်၊ မွန်မြတ်သည်ဟူ၍ ဟောကြားတော်မမူခဲ့။ မည်သည့်အယူဝါဒကိုမဆို ဆန်းစစ်ဝေဖန်ပြီးမှ ကျင့်သုံးရန် သင့်၊ မသင့် ဆုံးဖြတ်ရန် ဟောကြားတော်မူခဲ့သည်။ ကာလာမသုတ်၌လည်း ဝိဘဇ္ဇ(ဆန်းစစ်ဝေဖန်ခြင်း) တရားတော်များကို ဟောကြားထားလေသည်။ မြတ်ဗုဒ္ဓဟောကြားခဲ့သော ဝိဘဇ္ဇတရားတော်များမှာ -

-အို... အချင်းကာလာမအနွယ်တို့ သင်တို့သည် အယူဝါဒတစ်ခုကို တစ်ဆင့်ကြားဖြင့်လည်း အမှန်လို့ မယူကြနဲ့၊

-ရှေးအစဉ်အလာ စကားဖြစ်ရုံနဲ့လည်း အမှန်လို့ မယူနဲ့၊

-ဤသို့ ဖြစ်ဖူးသတဲ့ ဆိုသဖြင့်လည်း အမှန်လို့ မယူကြနဲ့၊

-ကျမ်းဂန်နှင့် ညီညွတ်သည်ဆိုရုံဖြင့်လည်း အမှန်လို့ မယူကြနဲ့၊

-နည်းမှီယူခြင်းမျိုးဖြင့်လည်း အမှန်လို့မယူကြနဲ့၊

-အကြောင်းအခြင်းအရာကို ရှာကြံထောက်ပြ ညီညွတ်သည်ဆိုရုံဖြင့်လည်း အမှန်လို့မယူကြနဲ့၊

-လက်ခံထိုက်သော ပုဂ္ဂိုလ်၏ စကားဖြစ်ရုံဖြင့်လည်း အမှန်လို့ မယူကြနဲ့၊

-မိမိတို့လေးစားအပ်သော ဆရာ၏ စကားဖြစ်ရုံဖြင့်လည်း အမှန်လို့မယူကြနဲ့၊

-သင်တို့သည် မိမိတို့ကိုယ်တိုင် ဤတရားတို့သည် အကုသိုလ်တရားတို့တည်း၊ ဤတရားတို့သည် အပြစ်ရှိသော တရားတို့တည်း၊ ဤတရားတို့သည်ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့တည်း၊ ဤတရားတို့နှင့် ပြည့်စုံလျှင်၊ ဤတရားတို့ကို ဆောက်တည်လျှင် အကျိုးမဲ့ခြင်း၊ ဆင်းရဲခြင်းငှါ ဖြစ်ကုန်၏ဟု သိကြသောအခါ ထိုတရားတို့ကို ပယ်ကြကုန်လော့။

-ဤတရားတို့သည် ကုသိုလ်တရားတို့တည်း၊ ဤတရားတို့သည် အပြစ်မရှိသော တရားတို့တည်း၊ ဤတရားတို့သည် ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့တည်း၊ ဤတရားတို့နှင့် ပြည့်စုံလျှင် ဤတရားတို့ကို ဆောက်တည်လျှင် အကျိုးရှိခြင်း၊ ချမ်းသာခြင်းငှါဖြစ်ကုန်၏ဟု သိကြသောအခါ ဆောက်တည်ကျင့်သုံးကြကုန်လော့... ဟု ဟောကြားတော်မူခဲ့ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ် တည်ဆောက်ရာ၌ ဆန်းစစ်ဝေဖန်ခြင်းသည် အရေးကြီးပေသည်။ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များ၌ ကြုံတွေ့ရသော ပြဿနာများကို ရင်ဆိုင်ဖြေရှင်းရာတွင် တိုက်ခိုက်ငြင်းခုံနေ၍ မရ။ ဆန်းစစ်ဝေဖန်ခြင်းဖြင့်သာ ပြဿနာများကို ဖြေရှင်းနိုင်ပါသည်။ ထို့ကြောင့် ဆန်းစစ်ဝေဖန်ခြင်းသည် မည်သည့်နိုင်ငံတွင်မဆို မည်သည့်ခေတ်၌မဆို ဆက်လက်အသုံးဝင်နေမည့် သဘောတရားတစ်ခုဖြစ်ပါကြောင်း.....။

နွေးထွေးကူညီ ကြက်ခြေနီ

(တြိချိုးတွဲ)

❖ ပြည်သူတွေ ကျန်းမာဖို့
လှမ်းလာလို့ ကူညီ
တို့ကြက်ခြေနီ။
အဖြူအမည်း မခွဲပြီ
ကြည်ဖြူစွာ ပြုစုသွား။
စိတ်ထားတွေ တကယ်လှတဲ့
အာဂလူသား။

❖ ကြက်ခြေနီ အသင်းများ
လှုပ်ရှားလို့ ရှန်းကန်
အမြဲအဖြည့်ခံ။
ဒုက္ခတွေ့တဲ့ ပြည်သူ့ထံ
အလျှင်အမြန် ကယ်ဆယ်ရေး။
စိတ်ခန္ဓာ တကယ်နှစ်
ခံစစ်လိုပြေး။

❖ ဒိုင်းသဖွယ် ကာကွယ်ပေးတဲ့
နွေးထွေးတဲ့ မေတ္တာရှင်
ကြက်ခြေနီပင်။
ကိုယ်ကျိုးစွန့် သူတို့အသွင်
လူ့ပြည်တစ်ခွင် စံပြဖြစ်။
ဂုဏ်ယူစရာ လုပ်ရပ်ပိုင်းမို့
လူတိုင်းကချစ်။

ခင်ခင်မူ(ရေကျော်)

ရင်ထဲကပြုံးပါ

■ ပြည့်ဖော်လင်း
{ကွမ်းခြံကုန်း}

အပြုံးဆိုတာ လူတိုင်းတွင် ရှိသင့်တဲ့အရာဖြစ်ပါတယ်။

အပြုံးက ပြောတာလွယ်ပေမယ့် တကယ်ပြုံးရတာခက်ပါတယ်။ "မင်းကလည်းကွာ ပြုံးရတာ လွယ်ပ့ါ သွားလေးပေါ်အောင် ဒီလိုလေးပြုံးလိုက်ရင်ရတာပဲ" ဆိုတဲ့ ကျွန်တော့်သူငယ်ချင်းပြောခဲ့တာကို သတိရမိသေးတယ်။ သူပြုံးပြတော့ သူ့ပါးစပ်ကနေ ပြုံးတဲ့ပုံစံလေး ပေါ်လာပါတယ်။ ဒါပေမယ့် အပြုံးက အသက်မဝင်လို့ပဲထင်ပါတယ်။ တစ်ဖက်က ကြည့်နေတဲ့ ကျွန်တော် သူ့အပြုံးအတွက် ကျွန်တော့်ရင်ထဲမှာ ဘာတစ်ခုမှ မခံစားမိ။

တကယ့်ရင်ထဲက လာတဲ့အပြုံးဆိုတာ တစ်ယောက်အပြုံးကို တစ်ယောက်တွေ့သွားရင် ပြုံးပြသူရင်ထဲမှာကော အပြုံးပြခံရသူရင်ထဲမှာကော အမည်ဖော်လို့မရတဲ့ ခံစားချက်မျိုးတစ်ခုခု ခံစားမိကြပါတယ်။ ပီတိလို့ ဆိုရင်လည်း ရပါတယ်။

ရင်ထဲကမလာတဲ့အပြုံးဟာ ဘယ်လောက်ပြုံးပြပြုံးပြ ပြုံးပြသူနဲ့ အပြုံးပြခံရသူ ရင်ထဲမှာ ဘာတစ်စုံတစ်ခုမှမခံစားရပါ။

ဥပမာအနေနဲ့ပြောရရင် -

ကျွန်တော်က စားသောက်ဆိုင်တစ်ဆိုင်မှာ လုပ်ပါတယ်။ အဲဒီစားသောက်ဆိုင်က မြေနီကုန်း စမ်းချောင်းမြို့နယ်မှာ ရှိပါတယ်။ မြေနီကုန်း စမ်းချောင်းဆိုတာ သိတဲ့အတိုင်းပဲ မနက်မိုးလင်းလာပြီဆိုတာနဲ့ လူတွေ ကားတွေ ခြေချင်းလိမ်နေတဲ့မြို့နယ်ပါ။ ရန်ကုန်က မြို့နယ်တွေထဲမှာ လူအစည်ကားဆုံး စားသောက်ဆိုင်နဲ့ ဝယ်ချင်စရာ ပစ္စည်းအပေါဆုံးမြို့နယ်ဆိုလည်း ဟုတ်ပါတယ်။

နယ်ကလာပြီး အလုပ်လုပ်နေသူတွေ နည်းပေမယ့် အနုပညာအသိုင်းအဝိုင်း၊ ကုမ္ပဏီလုပ်ငန်းရှင် စတဲ့သူတွေ၊ နိုင်ငံခြားသားတွေအများဆုံးနေတဲ့ မြို့နယ်လည်း ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဆိုင်နားမှာ ကျွန်တော်တို့ဆိုင်လိုပဲ အခြားဆိုင်တွေကလည်း ပေါပါတယ်။ စားသောက်ဆိုင်ဆိုတာ အစားအသောက်ကောင်းရမှာ ဖြစ်သလို ပေါင်းသင်းဆက်ဆံရေး ဝန်ဆောင်မှုကောင်းဖို့လည်း လိုပါတယ်။

စားသုံးသူအနေနဲ့လည်း ဒီဆိုင်မကောင်း အခြားဆိုင်ပြောင်းရတာ လွယ်ကူတဲ့အတွက်၊ နောက်တစ်ခါ ကိုယ့်ဆိုင်မလာတော့ဘဲ နောက်တစ်ဆိုင် ပြောင်းသွားမှာ ကြောက်ရပါတယ်။

ဝန်ဆောင်မှုကောင်းတယ်ဆိုတာက အစားအသောက်မကောင်းရင်၊ ဒါမှမဟုတ် ဝန်ထမ်းအနေနဲ့ တစ်ခုခုမှားယွင်းသွားရင်တောင် အပြုံးကလေးနဲ့ သေသေချာချာရှင်းပြ၊ နားလည်အောင် ပြောပြရင် အဆင်ပြေတာမျိုးပါ။

ဝန်ဆောင်မှုကောင်းသူကလည်း တော်ရုံပြဿနာလောက်ကို ကြီးကြပ်သူ မန်နေဂျာတွေဆီ မရောက်ဘဲ သူတို့နဲ့တင် ပြီးနိုင်တာမျိုး ဖြစ်ပါတယ်။ တစ်ဆိုင်နဲ့တစ်ဆိုင် ဝန်ဆောင်မှုလည်း ပြိုင်ဆိုင်နေရပါတယ်။

ကျွန်တော်တို့ဆိုင်နား တစ်ဝိုက်မှာတော့ ဝန်ဆောင်မှုအကောင်းဆုံးလို့ စားသုံးသူတွေက တုံ့ပြန်မှုပေးလေ့ရှိပါတယ်။ အဲဒီလိုပြောရင် ကိုယ့်ဆိုင်မို့ ကိုယ်အမွှမ်းတင်တယ်ဆိုပြီး ထင်ကောင်းထင်နိုင်ပါတယ်။

အမွှမ်းတင်လွန်းတယ်လို့ပြောရင်လည်း ကျွန်တော်ခံရမှာပါပဲ။

တကယ်လည်း ကျွန်တော်တို့ဆိုင်က ဝန်ထမ်းတွေက ဝန်ဆောင်မှုကောင်းပါတယ်။

ဘာကြောင့်လည်းဆိုရင် သူတို့ဟာ စကားအပြောအဆိုသွက်လက်သလို ဖော်ဖော်ရွေရွေ ရှိကြပါတယ်။ ပြီးတော့ ကျွန်တော်တို့ဆိုင် ဝန်ထမ်းတွေက ကြီးကြပ်သူ မန်နေဂျာက သင်တန်းသိပ်မပေးပါဘဲ ပြောတတ် ဆိုတတ် ပြုံးတတ်လို့ပါပဲ။

တကယ်တော့ စားသောက်ဆိုင်တို့ ကိုယ်ပိုင်ဆေးရုံတို့ဆိုတာ ဝန်ဆောင်မှုကို အဓိကထားတဲ့ နေရာတွေပဲ ဖြစ်ပါတယ်။ ကျွန်တော့်အမျိုးသမီးလုပ်တဲ့ ဆေးရုံဆို အပြုံးကို လှလှပပပြုံးတတ်ဖို့၊ ကိုယ့်အပြုံးကိုမြင်ရတဲ့ တစ်ဖက်လူရဲ့ ရင်ထဲရောက်အောင် ပြုံးတတ်ဖို့ကို မော်ဒယ်များရဲ့ မိခင်ကြီးလို့ တင်စားကြတဲ့ မော်ဒယ်သရုပ်ဆောင် ဒေါ်တင်မိုးလွင်ကို ခေါ်ပြီးတောင် သင်တန်းပေးပါတယ်။

ကျွန်တော်တို့ဆိုင်က ဝန်ထမ်းတွေကတော့ သင်တန်းအတင်းအကျပ်မပေးရဘဲ တစ်ဖက်သားရင်ထဲရောက်အောင် ပြုံးနိုင်ကြပါတယ်။ ပြုံးပေးကြပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဆိုင်က လူတော်တော် ကျပါတယ်။ လာနေကျ စားသုံးသူတွေရှိသလို၊ ပထမဆုံး လာစားသောက်တဲ့ စားသုံးသူတွေလည်း ရှိပါတယ်။

အဲဒီလို ပထမဆုံးလာတဲ့ စားသုံးသူတွေကနေ လာနေကျ စားသုံးသူတွေဖြစ်အောင် ဝန်ဆောင်မှုရယ်၊ အစားအသောက်တွေနဲ့ တာဝန်ယူရသလို တော်တော်လည်း ဂရုစိုက်ရပါတယ်။ စားသုံးသူတွေများလာမှ ဆိုင်ရဲ့ရောင်းအားက မြင့်လာမှာ၊ ဝန်ထမ်းတွေရဲ့လစာလည်း မြင့်လာမှာ ဖြစ်ပါတယ်။

ဝန်ဆောင်မှုကို အဓိကထားလုပ်ဆောင်နေတဲ့ စားသောက်ဆိုင်၊ အရောင်းဆိုင်၊ ကိုယ်ပိုင်ဆေးရုံ၊ ကုမ္ပဏီတွေမှာ အပြုံးက အရေးကြီးပါတယ်။ အပြုံးတွေက ရင်ထဲကလာဖို့လည်း လိုပါတယ်။

ကိုယ်က ရင်ထဲကနေကို စားသုံးသူ ပြုံးပြမှ အပြုံးကိုမြင်ရတဲ့ တစ်ဖက်သူကလည်း ပိုပိုရင်းနှီးလာပြီး ကိုယ့်ဆီပဲ၊ ကိုယ့်ဆိုင်ပဲ ခဏခဏလာချင်မှာဖြစ်ပါတယ်။

ဆေးရုံတွေမှာဆိုရင် ဆရာဝန်က ပြုံးပြုံးလေးနဲ့ လူနာကို ဘာဖြစ်တာလဲ၊ ဘယ်နားကနာတာလဲ၊ ဘယ်တုန်းကစဖြစ်တာလဲ မေးလိုက်ရင်ကို ရောဂါတစ်ဝက်သက်သာသွားသလို၊ စားသောက်ဆိုင်နဲ့ အရောင်းဆိုင်တွေဆိုရင် အပြုံးလေးနဲ့ပြောပြ ရှင်းပြပြီး ရောင်းရင် ဝယ်ယူသူ စားသုံးသူတွေအနေနဲ့ ကုန်ကျငွေတစ်ဝက် သက်သာသွားသလို ခံစားရပါတယ်။

ကျွန်တော်တို့ဟာ ဒီလောကကြီးထဲမှာ ခဏတာလာရောက်ရတဲ့ ဧည့်သည်တွေပါ။ ဘယ်နေ့ ဘယ်အချိန် ဘယ်နေရာမှာ ဘယ်လိုပုံစံမျိုးနဲ့ သေဆုံးရမလဲဆိုတာ မသိကြပါ။

ရောက်တုန်းအခိုက်အတန့်လေး၊ တွေ့တုန်းအခိုက်အတန့်လေး ပါးစပ်ကလာတဲ့ အပြုံးတုတွေနဲ့မဟုတ်ဘဲ၊ ရင်ထဲကလာတဲ့ အပြုံးစစ်စစ်တွေနဲ့ ပြုံးပြကြစို့လားဗျာ။